မောင်သိန်းလွင်စိစဉ်သည်



# သုမောင်
# ကျေးရူးပဲ AIDS
# နှင့်
# ရင်ဖွင့်လွှာများ

# ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| စာမူခွင့်ပြုချက် | – | ၄၀၀၂၃၀၀၃၀၉ |
| အဖုံးခွင့်ပြုချက် | – | ၄၀၀၅၃၅၀၅၀၉ |
| အဖုံးသရုပ်ဖော် | – | ဝင်းယုမောင် |
| အတွင်းအပြင်အဆင် | – | **K N A** |
| ထုတ်ဝေသူ | – | ဦးသိန်းလွင်၊ ၀၄၁၃၇(မြဲ)<br>ရွှေဟသ်ာစာပေ၊<br>အမှတ်(၂၆၃)၊ ဆိပ်ကမ်းသာလမ်း။<br>ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | – | ဦးဝင်းလွင် (မြဲ- ၀၅၃၆၆)<br>ရွှေဟသ်ာပုံနှိပ်တိုက်<br>အမှတ်(၃၁)၊ ဦးရွှေဘွန်းလမ်း။<br>၇-ရပ်ကွက်၊ ပုဇွန်တောင်။ |
| ပုံနှိပ်ခြင်း | – | ပထမအကြိမ် |
| ပုံနှိပ်ပြီးစီးသည့်လ | – | ၂၀၀၉ ခုနှစ်၊ ဇူလိုင်လ |
| အုပ်ရေ | – | ၁၀၀၀ |
| တန်ဖိုး | – | ၁၅၀၀ ကျပ် |
| ဖြန့်ချိရေး | – | **ရွှေဟသ်ာ စာပေ၊**<br>အမှတ်(၂၆၃)၊ (ပ)ထပ်၊<br>ဆိပ်ကမ်းသာလမ်း(အထက်)၊<br>ကျောက်တံတားမြို့နယ်။ |
| ဖုန်း | – | ၇၀၉၁၉၁၊ ၃၉၆၄၈၀၊ ၂၉၀၅၁၅၊ ၀၉၅၀၇၅၇၀၇ |

၈၉၅ ၈၈

သုမောင်

ကျေးရွာပဲ AIDS နှင့်ရင်ဖွင့်လွှာများ / သုမောင် ။ – ရန်ကုန် ၊
ရွှေဟသ်ာစာပေ ၊ ၂၀၀၉ ။

၁၆၇ – စာ ၊ ၁၃ × ၂၀.၅ စင်တီ။

(၁) ကျေးရွာပဲ AIDS နှင့်ရင်ဖွင့်လွှာများ

# ကျေးဇူးတင်လွှာ

ဤစာအုပ်ကို ဘာသာပြန်ဖြစ်ရန် အားပေးကူညီလှုံ့ဆော်ပေးသော 'ဒေါက်တာ(ဒေါ်)ခင်မြလွင်' အားလည်းကောင်း။

အစဉ်တစ်စိုက် ပုံနှိပ်ဖော်ပြပေးသော ဦးဝင်းတင် (Global English)အား လည်းကောင်း။

ကြိုကြားဖော်ပြပေးကြသော "မြို့တော်မဂ္ဂဇင်း၊ ဘရဏီမဂ္ဂဇင်း၊ ရေဆာမဂ္ဂဇင်း၊ ရနံ့သစ်မဂ္ဂဇင်း၊ FAMILY မဂ္ဂဇင်း၊ ချင်းတွင်းမဂ္ဂဇင်း၊ WELLNESS မဂ္ဂဇင်း၊ ကလျာမဂ္ဂဇင်း၊ ရွှေမြန်မာမဂ္ဂဇင်း၊ အတောက်စွန့်မဂ္ဂဇင်း၊" တို့အား လည်းကောင်း။

"အလင်းတန်းဂျာနယ်၊ ဖတ်စရာဂျာနယ်၊ ဝန်သစ္စာဂျာနယ်၊ Myanmar New Week ဂျာနယ်၊ အစွန့်အလမ်းဂျာနယ်၊ အတွေးသစ်ဂျာနယ်၊ Myanmar Nation ဂျာနယ်၊ ပေါ်ပြူလာဂျာနယ်၊ အလင်္ကာဝတ်ရည်ဂျာနယ်၊ ရွှေမြင်းသာဂျာနယ်" တို့အားလည်းကောင်း ကျေးဇူးတင်ရှိပါသည်။ အထူးကျေးဇူးတင်ရှိရသူမှာ (ဤစာစုများကို စုပေါင်း၍ တစ်လုံးတစ်စည်းတည်း စာအုပ်ငယ်အဖြစ် တာဝန် ယူ ထုတ်ဝေပေးသော .....) ဦးသိန်းလွင် ရွှေဟင်္သာစာပေ ဖြစ်ပါသည်။

လေးစားလျက်

သုမောင်

(၈.၈.၂၀၀၈)

ကျွန်တော်၏စာပေဘဝကို ယုံကြည်ကိုးစားကြသည့် -

ချစ်ခင်လေးစားရပါသော…

| | | |
|---|---|---|
| ဇနီး | – | အေးဘုံ |
| သမီး | – | နိုးအိမ်သူ |
| သား | – | ဖိုးသောကြာ |
| သား | – | ထိန်ထိန်သာ |
| သမီး | – | ထိပ်ထား |

တို့နှင့်တကွ ယနေ့လူငယ်လုံမငယ် သားရို့သမီးရို့သို့ . . .

သုမောင်

(၈.၈.၂၀၀၈)

# စိစဥ်သူ၏အမှာ

ဆရာ(ဦး)သုမောင်နှင့်တွေ့တိုင်း သူဘာသာပြန်သည့် AIDS စာမူများ အကြောင်း ပြောဖြစ်ဆိုဖြစ် ဆွေးနွေးဖြစ်ကြသည်။ သူ့စာမူပါ အကြောင်းအရာများသည် အများပြည်သူတို့ကို ကောင်းကျိုးပြုမည်ဟု သူက ယုံကြည်သည်။ ထို့ကြောင့် မေ့ဒါနအဖြစ် စီစဥ်ဆောင်ရွက်ဖြန့်ချိလိုသည်။ AIDS ဝေဒနာရှင်များ ဒုက္ခရောက်နေသူများကို ကူညီလိုသည်။

သူနှင့်စကားပြောမိတိုင်း သူ့စေတနာကိုလေးစား၍ သူ့ကို ကူညီလိုလှပါသည်။ သို့သော် ကျွန်တော့်တွင်လည်း ကျွန်တော်နှင့်ပတ်သက်သော ဒုက္ခသည်များက ရှိသေးသည်။ "ပေါင်းတည်မြို့ ဘိုးဘွားရိပ်သာမှ . . . နိုကိုးရာမဲ့ ဘိုးဘွားများ"ဖြစ်သည်။

ဘွားဒေါ်ဦးစွန်းသည် မြန်မာပြည်တွင် ဘိုးဘွားရိပ်သာများကို စတင်တည်ထောင်ခဲ့သူဖြစ်သည်။ ဘိုးဘွားရိပ်သာ (၅)ခု တည်ထောင်ခဲ့ရာ ပေါင်းတည်ဘိုးဘွားရိပ်သာမှာ မြန်မာပြည်၏ ဒုတိယမြောက်ဘိုးဘွားရိပ်သာဖြစ်သည်။ ၁၉၃၀ ပြည့်နှစ်က စတင်တည်ထောင်ခဲ့ခြင်းဖြစ်ရာ သက်တမ်းနှစ်(၈၀)နီးပါးရှိပါပြီ။ အမှုဆောင် အဆက်ဆက် ဖွဲ့စည်းပြီး အရှည်တည်တံ့အောင် စီမံအုပ်ချုပ်ဆောင်ရွက်လာခဲ့သည်မှာ ယခုဆိုလျှင် အမှုဆောင်အဖွဲ့ ၁၁ ဆက် ပင် မြောက်ခဲ့ပါပြီ။

ဒေါ်ဦးစွန်း အထုပ္ပတ္တိကို ရေးရန် ဆရာကြီး တက္ကသိုလ်စိန်တင်နှင့် ဆရာမကြီးစိမ့် တို့ (စာဆိုမောင်နှံ)ကို ကျွန်တော်က ပေါင်းတည်ဘိုးဘွားရိပ်သာသို့ (၂၀၀၇)ခုနှစ်က ခေါ်သွားဖူးသည်။ (ထိုစာအုပ်ဖြင့် ဆရာကြီး တက္ကသိုလ်စိန်တင် အမျိုးသားစာပေဆုရခဲ့သည်။) ရန်ကုန်ရှိ နှင်းဆီကုန်း ဘိုးဘွားရိပ်သာ၊ မင်းကွန်းဘိုးဘွားရိပ်သာစသည့် ဘိုးဘွားရိပ်သာတို့မှာ အခြေခိုင်ခိုင်ဖြင့် ရပ်တည်နေနိုင်ကြသော်လည်း ပေါင်းတည်ဘိုးဘွားရိပ်သာမှာ အခြေမခိုင်လှပါ။ တစ်လစာနှင့် တစ်လစာ အလျှင်မီအောင်ပင် မနည်းကြိုးစား ရှာဖွေကြရပါသည်။ အလှူရှင်

များသည့်လဆိုလျှင် မထောင်းတာသော်လည်း အလှူရှင်နည်းသည့်လဆိုလျှင် အမှုဆောင်အဖွဲ့ တာဝန်ရှိသူများ ခေါင်းခဲကြရမည်။

သက်တမ်း ၇၀ ကျော်ပြီဖြစ်၍ ယိုယွင်းပျက်စီးနေကြသော အဆောက်အဦ ဟောင်းများကို ပြုပြင်ရန် တာဝန်ကလည်း ရှိသေးသည်။ ပျက်သည်ကို ပြင်၊ ပြိုသည်ကိုဆောက်၊ ဟောင်းသည်ကို မွမ်းမံကြရဦးမည်။ စားဝတ်နေရေး ကျန်းမာရေးနှင့် သာရေးနာရေး အထွေထွေ အဝဝ လက်တလောကိစ္စများသာမက ဘိုးဘွားရိပ်သာကြီး ရေရှည်တည်တံ့စေရန်အတွက် အနာဂတ်ရေးအတွက်လည်း စီမံကိန်းချ ဆောင်ရွက်ကြရဦးမည်။

ထို တာဝန်များကို ထမ်းဆောင်နေကြသူများအနက် ကျွန်တော်လည်း တာဝန်ရှိသူတစ်ဦးဖြစ်နေပါသည်။ ထို့ကြောင့် ဆရာ(ဦး)သုမောင်ကို ဂ ဒ္ဒိလိုသော်လည်း လက်တွန့်နေမိခြင်း ဖြစ်ပါသည်။ သို့သော် ညစာစားပွဲတစ်ခုတွင် အတူ ညစာစားရင်း (မြွေဟာသာစာပေမှ)ကျွန်တော်ထုတ်ဝေပေးပါမည်ဟု ကတိပြုခဲ့သည်။

ကတိပေးပြီး ကာလအတန်ကြာသည်အထိ မေ့မေ့ပျောက်ပျောက်ဖြင့် နေလာခဲ့ရာ တစ်ညပြန်ဆုံမိကြပြန်သည်။ ဆရာ ကောင်းသန့်က ရင်းနှီးသူများကို ဖိတ်၍ Romantic တွင် ညစာကျွေးသည်။ ချစ်နိုင်(စိတ်ပညာ)၊ ဆရာချစ်ဦးညို၊ ဆရာဒေါက်တာ ခင်မောင်ညို၊ ဆရာမိုး၊ ဆရာကောင်းသန့်၊ ပုတီးကုန်း မောင်စိန်ဝင်း၊ နွမ်ဂျာသိုင်း၊ ပန်းချီ မောင်မောင်သိုက်၊ ဆရာသုမောင်နှင့် ကျွန်တော်တို့ ဆုံဖြစ်ကြသည်။ ဆရာလယ်တွင်းသားစောချစ် နောက်ကျနေ၍ မစားသေးဘဲ စောင့်နေစဉ် ထိုစာအုပ်အကြောင်းကို စကားစပ်မိကြပြန်သည်။ ဆရာသုမောင်က AIDS ဝေဒနာသည်တို့အတွက် သူထားသည့်စေတနာကို ဖော်ပြသည်။ ''တမူခ''ကို လှူသည်။ ကျွန်တော်ကလည်း ''ပေါင်းတည်ဘိုးဘွားရိပ်သာ''၏ ကြုံတွေ့နေရသော အခက်အခဲကိုတင်ပြသည်။ ဤတွင် ရောင်းရင်းအားလုံးက အလှူစာအုပ်ကလေးအဖြစ် ထုတ်ဝေဖို့တိုက်တွန်းသဖြင့် ဤစာအုပ်ကလေး ဖြစ်မြောက် လာရခြင်းဖြစ်ပါသည်။

ချစ်ခင်လေးစားစွာဖြင့်
မောင်သိန်းလွင်

# ဝန်ခံချက်

ဤစာစုများမှာ (၂၀၀၆)ခုနှစ်မှ (၂၀၀၈)ခုနှစ်အတွင်း မဂ္ဂဇင်းဂျာနယ်များတွင် ကျွန်တော်ဘာသာပြန်ခဲ့သော စာမူများဖြစ်ပါသည်။

မူရင်းစာအုပ် ***Lesson of Life*** ကို ***Japan International Cooperation Agency*** မှ ရိုက်နှိပ်ပြီး ဒါနပြုဖြန့်ချိခဲ့ပါသည်။ ပုံဝတ္ထုသဖွယ်ဖြစ်သော စာစုများမှာ ***AIDS*** ရောဂါဝေဒနာရှင် ထိုင်းလူမျိုးအချို့၏ ကိုယ်ရေးအတွေ့အကြုံများဖြစ်ပါသည်။ (တကယ့်ဖြစ်ရပ်မှန်များ ဖြစ်ပါသည်) သူတို့သည် ***AIDS*** နှင့်ပတ်သက်၍ 'အားလျော့ထားသူများ'၊ 'သမားရိုးကျအဖြစ်လက်ခံထားသူများ'၊ 'ဘဝနေဝင်ချိန်အတွက် အားမာန်အပြည့်ဖြင့် ရုန်းလှုပ်နေကြသူများ" စသဖြင့် ခံယူချက်များ ကွဲပြားပါသည်။ ထူးထူးခြားခြား ***AIDS*** ကြောင့် ဘဝခံယူချက်ပြောင်းပြီး 'အားတက်သရောဖြစ်သွားသူများ' လည်းပါဝင်သည်ကို တွေ့ရပါလိမ့်မည်။ (ဥပမာ ***"Thanks AIDS*** ကျေးဇူးပဲ အေအိုင်ဒီအက်စ်"၊ ***"AIDS*** က ဖြန့်ကြောက်သောဆေး" စသဖြင့် ဖြစ်ပါသည်)

ကျွန်တော်က ဘာသာပြန်ဆိုရာတွင်မူ 'ဖြစ်ရပ်မှန်' များ ဖြစ်ကြသောကြောင့် စာဖတ်သူတို့ ပိုမိုစိတ်ဝင်စားမည်ဟု ယူဆရင်းဖြစ်ပါသည်။ ထို့ပြင် အင်္ဂလိပ်မြန်မာနှစ်ဘာသာဖြင့်ပုံနှိပ်မည်ဖြစ်ရာ ဘာသာပြန်စာပေလေ့လာသူများ အပါအဝင် ယနေ့အင်္ဂလိပ်စာစကားကို ကမ္ဘာ့ဘာသာစကားအဖြစ် လက်ခံကျင့်သုံးနေသော လူငယ်လုံမငယ်တို့အတွက် အကျိုးရှိပါလိမ့်မည်။ တစ်ခုတော့ ပြောစရာရှိပါသည်။ ကျွန်တော်သည် ဤစာစုများကို ဘာသာပြန်ရာ၌ ပုံသေမဂ္ဂဇင်းဂျာနယ်ဟူ၍ မထားဘဲ ကြုံသလို ဘာသာပြန်သည့်အတွက် စာရေးဟန်လည်း တစ်စစီတစ်မျိုးစီ ကွဲပြားနေခြင်း ကိုဖြစ်ပါသည်။ ကျွန်တော့်စေတနာရင်းကမူ မပြောင်းလဲပါ။ ရှာကြံ၍ အကျိုးကျေးဇူးကို ပြုရပါမူ ဘာသာပြန်ပုံနည်းစနစ် မတူညီကြသည်ကို လေ့လာနိုင်ပါလိမ့်မည်။ တချို့ကို တိုက်ရိုက်ဘာသာပြန်ခြင်း၊ အချို့ကို ကျွန်တော်၏အာဘော်များဖြည့်ခြင်း၊ အချို့ကို ခြုံငုံ၍ဘာသာပြန်ခြင်း အကျဉ်းချုပ်ခြင်း စသည်တို့ကို တွေ့ရပါလိမ့်မည်။ ဤသို့အားဖြင့် စာဖတ်သူတို့အနေနှင့် မိမိနှစ်သက်ရာ 'မူ' ကို ရယူနိုင်ပါလိမ့်မည်။

မည်သို့ပင်ရှိစေ မူရင်း အင်္ဂလိပ်ဘာသာစာကိုယ်ကလည်း ရိုးစင်းပြီးတော့ရုံ အင်္ဂလိပ်စာစကားတတ်ကျွမ်းသူများပင် နားလည်နိုင်သည်ဖြစ်ရာ ကျွန်တော်ဘာသာပြန်သည် 'နှမ်းဖြူး' သကဲ့သို့သာရှိပါလိမ့်မည်။ သို့ရာတွင် ကောက်ညှင်းပေါင်းကို သည်အတိုင်းစားမည်ထက် နှမ်းထောင်းကလေးဖြူးစားမှ ပို၍အရသာရှိမည်ဟု ယူဆပါလျှင် ဤစာစုများ ဘာသာပြန်ရကျိုးနပ်ပါပြီ။

လေးစားလျက်
သုမောင်
(၈.၈.၂၀၀၈)

# ကျေးဇူးစကား

၂၀၀၆ ခုနှစ်က 'ကျေးဇူးပဲ AIDS' အပါအဝင် စာစုများပါဝင်သည့်အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော LESSON OF LIFE စာအုပ်ငယ်ကို မိတ်ဆွေဖြစ်သူ ဒေါက်တာခင်မြလွင်က ကျွန်တော်ဖတ်ရန် မေတ္တာလက်ဆောင်ပေးပါသည်။ ကျွန်တော်က မိသားစုကိုပါ ဖတ်ခိုင်းရုံမက အနီးဝန်းကျင်ရှိ နီးစပ်ရာရာကိုပါ ဖတ်စေခဲ့ရာ ယင်းစာအုပ် ကျွန်တော့်ထံပြန်မရောက်တော့ပါ။

ထိုအခါကျမှ ကျွန်တော်က ဘာသာပြန်ချင်စိတ်ပေါ်လာသဖြင့် ဒေါက်တာခင်မြလွင်ထံ စာအုပ်ထပ်တောင်းရာ 'ဒုတိယအကြိမ်မြောက် မေတ္တာလက်ဆောင်' ဟု ခေါင်းတပ်ပြီး ငေါ့သံကလေးဖြင့် စာအုပ်ထပ်ပေးပါသည်။

၂၀၀၆ ခုနှစ်ထဲမှာပင် ဂျာနယ်မဂ္ဂဇင်းစုံသို့ ကျွန်တော်က မြန်မာဘာသာပြန်ခဲ့ပါသည်။ ၂၀၀၇ ခုတွင်မူ GLOBAL ENGLISH မဂ္ဂဇင်းမှ ဦးဝင်းတင်က ထိုစာမူများကို အင်္ဂလိပ်မြန်မာနှစ်ဘာသာဖြင့် ပုံနှိပ်ဖော်ပြချင်သည် ဆိုသဖြင့် လစဉ် ပေးပို့ခဲ့ရပြန်ပါသည်။

ယခု (၂၀၀၈)တွင်မူ ဦးသိန်းလွင်(ရွှေဟံသာစာပေ)က လုံးချင်းအဖြစ်တစ်ပေါင်းတည်း ပြန်လည်ထုတ်ဝေရန် (အင်္ဂလိပ်-မြန်မာ နှစ်ဘာသာ) တောင်းဆိုသဖြင့် ကတိကဝတ်တစ်ခုဖြင့် ပြန်၍ထုတ်ဝေရန် စီစဉ်ပါသည်။

ထိုကတိကဝတ်မှာ ယင်းလုံးချင်းစာအုပ်အတွက် စာမူခကို ကျွန်တော်က AIDS ဝေဒနာရှင်များနှင့်ပတ်သက်သောဌာနသို့ ပေးလှူရန်ဖြစ်ပြီး ဦးသိန်းလွင်ကလည်း သူ့ကုန်ကျစရိတ်ကို ပြန်မနုတ်ဘဲ ဘိုးဘွားရိပ်သာသို့ ပေးလှူရန်ဖြစ်ပါသည်။ ထို့ကြောင့် ဤစာအုပ်သည် 'ဓမ္မဒါန' ဖြစ်သွားပါပြီ။ ပထမဆုံးစာအုပ် မေတ္တာလက်ဆောင်ပေးသူ ဒေါက်တာခင်မြလွင်၊ ကျွန်တော်စာမူများကို ပုံနှိပ်ဖော်ပြပေးထား၊ မဂ္ဂဇင်းဂျာနယ်အားလုံးနှင့် ရွှေဟံသာစာပေကို ကျေးဇူးတင်ပါသည်။

သုမောင်

# နိဒါန်း

အများသူငါ ဖတ်ကြစိမ့်သောငှာ ဓမ္မဒါနပြုသောစာအုပ်ဖြစ်သော ကြောင့်သာ နိဒါန်းကို သွယ်ရပါသည်။ တကယ်တော့မူ ကျွန်တော်ဘာသာပြန်ခဲ့သော ဤစာစုများတွင် ကျွန်တော်၏အာဘော်များ၊ မူလစာအုပ်စီစဉ်သူတို့၏ အာဘော်များ၊ စာအုပ်ဖြစ်ပေါ်လာပုံအကြောင်းအရာများ ကိုယ်စီကိုယ်စီ ပါဝင်ပြီး ဖြစ်လေရာ ဤနိဒါန်းသည် မလိုအပ်လှပေ။ စာဖတ်သူတို့၏ သဘာဝမှာ "နိဒါန်း" "အမှာစာ" "စကားချီး" တို့ကို သိပ်ပြီးမဖတ်လိုလှ၍ ကျော်လွှားသွားတတ်ကြပါသည်။ ထိုသို့ ကျော်လွှားသွားပါကလည်း နောက်ပိုင်းစာစုများဖတ်ရာတွင် လိုရင်းများပါသွားပြီဖြစ်သောကြောင့် မထောင်းသာလှပေ။

ပြောရန်အနည်းငယ်မျှရှိသည်မှာ စာစုများကို ဘာသာပြန်ရာ၌ ကျွန်တော်သည် "ဘာသာပြန်" ဟူသော စည်းမျဉ်းအတိုင်းပြန်သည်များ ပါရှိသလို ကျွန်တော်၏အာဘော်များ ဖြည့်စွက်ပြန်ဆိုရန်လည်းရှိပါသည်။ အချို့ကို တိုက်ရိုက် '၏' 'သည်' မရွေးပြန်ဆိုသလို အချို့ကို မြန်မာ့နား၊ မျက်စိနှင့် အံဝင်အောင် 'စကားချော' ဖြင့် ပြန်ဆိုပါသည်။ အချို့စာမူပါအဖြစ်အပျက်တို့မှာ ယိုးဒယားတို့၏လက်ရှိယဉ်ကျေးမှုကို ဖော်ကျူးသဖြင့် မြန်မာ့နား၊ မျက်စိနှင့် အံမဝင်ဖြစ်နေလေရာ ကျွန်တော်က မြန်မာ့ယဉ်ကျေးမှုနှင့်ကိုက်ညီအောင် ဖုံးတန်ဖုံး ဖော်တန်ဖော်၍ ပြန်ဆိုရပါသည်။ နောက်တစ်ချက်မှာ ... စာမူများကို မူလက ပြန်ဆိုရာ၌ (ယခုကဲ့သို့ တစ်စုတစ်စည်းတည်း ဓမ္မဒါန စာအုပ်ငယ်အဖြစ် ထုတ်ဝေ

ဖြစ်လိမ့်မည်ဟု ထင်မှတ်မထားမိသောကြောင့်) သူမဂ္ဂဇင်း၊ သူ့ဂျာနယ်၏ မူဝါဒ အရောင်အသွေးတို့နှင့် ကိုက်ညီစေရန် ရေလိုက်ငါးလိုက်ပုံစံအမျိုးမျိုးဖြင့် ပြန်ဆို ခဲ့ပါသည်။ ဥပမာ အချို့စာမူကို စကားပြောဖြင့်ရေးပြီး အချို့စာမူကို စာ စကား ပြေဖြင့် ရေးခဲ့ပါသည်။

ထိုကိစ္စသည်လည်း စုပေါင်းထုတ်ဝေသော လုံးချင်းစာအုပ်အတွက် အနှောင့်အယှက်ဖြစ်စရာရှိပါသည်။ ထို့အတွက် ကြိုတင်တောင်းပန်အပ်ပါသည်။ အခြားအသေးအမွှား ကလေးများရှိပြန်သည်မှာ ယိုးဒယားနာမည်များဖြစ်ပါသည်။ မူလစာအုပ်မှာ အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသောကြောင့် ကျွန်တော်က အင်္ဂလိပ်အသံထွက်ကို ယူသော်လည်း နာမည်အသံထွက်မှာ ယိုးဒယားကို ဘယ်သို့ထွက်မှန်း ကျွန်တော်မသိပေ။ ထို့ကြောင့် အင်္ဂလိပ်အသံထွက်အတိုင်း ရေးသားရပါသည်။ အသံထွက်မှားယွင်းနိုင်ပါသည်။

မူရင်းစာအုပ်ရေးသူ KOYA ARIYOSHI ၏ အဆိုအရမူ ဝေဒနာရှင် (၈၀၀)ကျော်ထံမှ အတွေ့အကြုံများကို စိစစ်ရွေးချယ်ဖော်ပြသည်ဟု ဆိုပါသည်။ သူ၏စာမူများသည် ကျန်းမာရေးအခြေခံပညာမျှသာ တတ်မြောက် သော ပရိသတ်များ၊ သာမန်လူတန်းစားများ၊ အလွယ်တကူနားလည်စေရန် ရည်ရွယ်ပါသည်။ သို့သော် ကျန်းမာရေးအသိပညာပေးရာတွင် လွန်စွာ အကျိုး ရှိနိုင်ကြောင်း ထိရောက်လှကြောင်း ရေးထားပါသည်။ ဤစာအုပ်သည် လူတန်း စားပေါင်းစုံအလွှာအသီးသီးအတွက် အရေးပါကြောင်း ညွှန်းပါသည်။ သူအဆိုအရမူ ဤစာအုပ်ပါစာစုများကို ပြောပြသူ ရေးပြသူဝေဒနာရှင်များမှာ ကိုယ်တွေ့များကို ပြန်လည်ဖော်ပြခြင်းဖြစ်သောကြောင့် ခံစားချက်ပြည့်ဝလှကြောင်း၊ ထို့ကြောင့် အချို့ဝေဒနာရှင်များဆိုလျှင် "စာရေးဆရာ" များဟုပင် သတ်မှတ်နိုင်လောက် အောင် အရေးကောင်းကြောင်း ဖော်ပြထားပါသည်။

ထိုအချက်အလက်တွေ ပေါင်းစပ်လိုက်သောအခါ ကျွန်တော့်မှာ ဤစာအုပ်ကို ဘာသာပြန်ဖြစ်သွားရပါတော့သည်။

အမှန်အတိုင်း ဝန်ခံရလျှင် မိတ်ဆွေ 'ဒေါက်တာခင်မြလွင်'က Lessons of Life စာအုပ်ငယ်လက်ဆောင်ပေးသောအခါ ဘာသာပြန်ရန်စိတ်ကူး မရှိခဲ့ပေ။ မိမိဖတ်စေချင်၍ပေးသည်ပဲ ယူဆပြီး ဖတ်မှတ်ခဲ့ပါသည်။ ဖတ်ပြီးသော အခါ မိမိဝန်းကျင်မှ ပုဂ္ဂိုလ်ကြီးငယ်များအား ဖတ်စေချင်သောဆန္ဒ ဖြစ်ပေါ်သဖြင့် မျှဝေခဲ့ပါသည်။ ဤနေရာတွင် မူရင်းစာအုပ်မှာ အင်္ဂလိပ်ဘာသာဖြင့် ရေးထား

သဖြင့် အချို့စာဖတ်သူအဖို့ အခက်အခဲရှိနေတာ တွေ့ရပါသည်။ ထို့ကြောင့် လက်လှမ်းမီသလောက် မြန်မာဘာသာပြန်၍ မဂ္ဂဇင်း၊ ဂျာနယ်များတွင် ဖော်ပြခဲ့ပါသည်။ စာမူလေးများ တစ်စတစ်စ ပုံနှိပ်လာသောအခါ စာဖတ်သူတို့ နှစ်သက်ကြကြောင်းသိလာရပါသည်။ ထိုအခါ စာအုပ်တစ်အုပ်လုံး ဘာသာပြန်ရန် စိတ်ကူးပေါ်လာပါသည်။ ထိုအတောအတွင်း စာအားလုံးကို စုပေါင်းပုံနှိပ်၍ စာအုပ်ငယ်ထုတ်ဝေသင့်သည်ဟု မိတ်ဆွေစာပေသမားများက အကြံပြုလာပါတော့သည်။ ထို့ကြောင့် ပထမတွင် ပြင်ပထုတ်ဝေသူ တစ်ဦးဦးဖြင့် (ကျွန်တော်က စာမူခမယူဘဲ) ဈေးပေါပေါဖြင့် ဓမ္မဒါနပြုရန် စီစဉ်ကြပါသည်။ ထိုသို့စီစဉ်ရင်းမှ သဃ္ဂါရပေါက်လာပြန့်ပုံမှာ ယင်းစာစုပေါင်းစာအုပ်ငယ်ကို သက်ဆိုင်ရာဌာနတစ်ခုခုက တရားဝင် ဓမ္မဒါနအဖြစ် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အခမဲ့ဖြန့်ဝေနိုင်လျှင် ပို၍ အကျိုးရှိမည်ဟု ထင်မြင်လာခဲ့ပါသည်။ ထို့ကြောင့် ဒေါက်တာခင်မြလွင်နှင့် တိုင်ပင်ရာ ဆရာမက ကျန်းမာရေးပညာပေးဌာနမှ ဒေါက်တာတင်ညွန့်နှင့် ကျွန်တော့်အား မိတ်ဆက်ပေးပါသည်။ ကျွန်တော်တို့သုံးဦးသား အကြိမ်ကြိမ်တွေ့ဆုံဆွေးနွေးပြီးသောအခါ သက်ဆိုင်ရာသို့တင်ပြပြီးနောက် ဓမ္မဒါနစာအုပ်ငယ် ထုတ်ဝေဖြန့်ချိလာနိုင်ရန် စီစဉ်ပါသည်။

သို့သော် အကြောင်းကြောင်းကြောင့် ထိုအစီအစဉ်ပျက်ကွယ်ပြန်ရာ စာမူများကို ထိုအတိုင်းပစ်ထားခဲ့ရပါသည်။ ယခုမူ ဦးသိန်းလွင်(ရွှေဟသာစာပေ) နှင့် စကားစပ်မိရာမှ စာအုပ်ပြန်လည်အကောင်အထည်ဖော်ရန် ဖြစ်လာခဲ့ရပါသည်။

သုမောင် (၈. ၈. ၂၀၀၈)

# မာတိကာ


1. THANKS "AIDS" ၁
ကျေးဇူးပဲ ••• AIDS
2. I AM A FOOL ၈
ကျွန်မရူးဘူး
3. JUST ONE TIME ၁၃
တစ်ကြိမ်တစ်ခါ
4. I WAS RAPED ၁၈
အဂျိုစင်ဆိုသော်လည်း
5. ENTERTAIN WITH FOOD AND WOMAN ၂၃
သောက်သောက်စားစားလှမ်းသား
6. VIRGIN MARY ၂၈
တော်လေးဝပုံသွင်
7. BLAME NOBODY ၃၃
အပြစ်မမြင် ချစ်ကြင်ငြားသော်လည်း
8. I HAVE AIDS ၃၈
မြောက်ကျွန်းသူ
9. H ၄၁
ဘယ်ဝယ်ဘယ်ဆီ
10. FIGHT FOR LIVING ၄၄
ဆံပင်ကိုက်ဆရာ
11. DON'T HIT ME WHEN I'M DOWN ၅၀
နရာဝဲခွဲ
12. BOY FRIEND ၅၅
ဘသားယောကျ်ား
13. DELIURATE LIFE ၆၄
အလိုလိုက် အမိုက်ဇော်ကား
14. THE DEEP SIN IN MY HEART ၇၀
မှားမိသည့်ဝန်တာ

15. THE WAY OF VICES THE WAY FOR AIDS ၇၇
အပျော်ဆိုတာ ရှောင်
16. LOVE OR SELFISH ၈၂
မင်္ဂလာမရှိသော မင်္ဂလာဆောင်
17. LIVING FOR THE CHILD ၈၇
ကောပုတ္တ မနုရကွေ
18. WAITING FOR HOPE ၉၃
မျှော်တလင့်လင့်
19. THIS LIFE, I GIVE ၁၀၂
ဘတ် ၅၀၀
20. WHO'S WRONG? ၁၀၈
တရားခံ ဘယ်သူလဲဟေ့
21. E ၁၁၃
အထိန်းအကွပ်များတဲ့ကြားကဲ
22. DELINQUENT ၁၁၈
တစ်ကောင်ဖွား
23. A Lady ၁၂၄
ထိုမိန်းမ
24. FEMALE GOODS ၁၂၈
ဝိုးကုန်သည်
25. A LIFE IN A DAY CARE CENTER ၁၃၃
AIDS က မြန်၍ကြောက်သောဆေး
26. MY STORY ၁၄၂
တဖတ်သူအကြိုက်
27. HOPE OF NEW GENERATION ၁၄၈
ကလေးပြောသော **AIDS**
28. BLUNDERER ၁၅၅
နမော်နမဲ့
29. AFRAID OF HOSPITAL ၁၆၂
ကိုယ့်အိမ်မှတ်ပါ ကိုယ့်ရွာမှတ်ပါ

* * *


သုမောင်
ကျေးဇူးပဲ AIDS
နှင့်

# THANKS "AIDS"

My name is Nan. I want to say "Thank you very much for AIDS assistance." I could improve my life and thank you very much for JICA project that gave me a chance to tell my story.

I was born in Lampang. Ther were 7 persons in my family. I finished 3rd in elementary school but I did not continue to study. I helped my parents' work.

January 1, 1991 waw my day of marriage. I told my husband that I wanted to have a child so we did not use any birth control. When I was 3 months pregnant I had parenatal care at Seim Gnam hospital. The doctor checked my blood 3 times. At that time I did not understand why the doctor tried to give me many suggestions. I understood why when they told me that I was infected with AIDS. I was very sad. At that time my husband did not take any action, he just listened to the doctor told me that I could have a baby but I had to follow their suggestions.

I went to see the doctor for all the appointments until I gave a birth to my child. I found out that my child was infected with AIDS when he was checked at one year and six months. When he was two years and four months my baby let me, he died! I was very, very sorry. After that my husband and I always quarreled with each other about who got infected with AIDS from whom. So I divorced him. 6 months later, he died.

The doctor introduced me to attend the Seang Ta Wan Group in addition to receiving care from the hospital every month. At the end of 1996, I became a secretary of this group and a chairman afterwards.

In 1997, I got an honor from the district. I could work as a lecturer on AIDS to children and students. I was also a secretary of HIV

infected patients group of Lampang Province. I could meet so many people and I worked with other organizations both from government and private sectors.

I am proud of this job. I attended the international seminar in Chiang Mai. I could not speak English but there was an interpreter for me. I heard that patients in foreign countries do not take AZT, DDC or DDI but they take good care of themselves and exercise. They can work and they do not have apparently visible symptoms. On the other hand, Thai patients have many symptoms and are very thin too.

From this experience, I try to feed back what I have learnt to help the HIV infected group. I gave the knowledge about how to live and consoled them when they were feeing foolish. I was happ, to help them but most of them who came to see us were in the final period of infection. So we could not help them so much.

Now I work to disseminate information to infected patients groups in Lampang Province. One doctor and I talk about AIDS on the radio. I set up the HIV infected patients' group at my house. I have ten members supported by the AIDS fund of our village. I am working for the child patients who can not get any assistance.

"Spirit" is important for infected patients. As long as I am alive. I will help other people who are suffering as much as I can. Anybody, who reads my story, please cheers me up too. Thank you very much for the doctors, nurses and all project members whom supported me. And thank you again for "AIDS" from the first day that I know this problem. I have HIV disease to be my friend for 10 years.

*Mr. nan is the first patient who says "thank you AIDS disease" and she now found some meaning of life even she has AIDS. Her life has been improved. We are sure that in this world there are good side and bad side. If we try to see the good things of a problem, me can get happiness from it.*

❑

# ကျေးဇူးပဲ ... AIDS

ကျွန်မနာမည် 'နန်း' ပါ။ အေအိုင်ဒီအက်စ်ရောဂါဆိုးကြီးကိုပဲ ကျေးဇူး ဥပကာရ တင်နေသူပေါ့ရှင်။ ဒီလိုပါရှင့်။

ကျွန်မက 'လန်းပန်း' ဇာတိပါ။ ယိုးဒယားမြောင်ပိုင်းသူပေါ့။ မိသားစု ခုနှစ်ယောက်ရှိပြီး ကျွန်မက ကျောင်းပညာတစ်ဝက်တစ်ပျက်နဲ့ပေါ့။ အိမ် အလုပ်တွေ ပိုင်းလုပ်နေရတာကိုး။

အမှတ်မှတ်ရရ ၁၉၉၁ ခုနှစ်၊ ဇန်နဝါရီလတစ်ရက်နေ့မှာ ကျွန်မ လက်ထပ်ခဲ့ပါတယ်။ ကျွန်မက ယောက်ျားကိုပြောတယ်။ ကလေးလိုချင်တယ် လို့။ ဒီတော့ ကျွန်မတို့ဟာ သားသမီးအဆက်ခြားဖို့တို့၊ အကာအကွယ်သုံးဖို့ တို့ ဘာတို့ မလုပ်ခဲ့ဘူးပေါ့။ ပထမသားဦးလေးကိုယ်ဝန်သုံးလရတော့ ဆေးရုံမှာသွားပြီး ဆေးစစ်ရပါတယ်။ အဲဒီမှာ ဆရာဝန်တွေက ကျွန်မကို သွေးသုံးကြိမ်စစ်ပါတယ်။ ကျွန်မ နားမလည်နိုင်တာက သူရို့ဘာကြောင့် ကျွန်မကို ဆေးပညာအကြံပေးတာတွေ ဘာတွေ သိပ်လုပ်နေကြသလဲဆိုတာ ပါပဲ။ နောက်မှသိရတာက ကျွန်မမှာ အေအိုင်ဒီအက်စ်ရောဂါစွဲကပ်နေပါပြီ တဲ့။ သိပ်ဝမ်းနည်းစရာကောင်းတဲ့အဖြစ်ပေါ့။ ဆရာဝန်က ရှင်းပြနေတဲ့အချိန် မှာ ကျွန်မယောက်ျားဟာ ဘာမှသိပ်တုန်လှုပ်ပုံ မရပါဘူး။ သူက ကလေးကို ဆက်ယူလို့ ဖြစ်မဖြစ်ပဲမေးပါတယ်။ ဆရာဝန်က ယူလို့တော့ရပါတယ်။ ဒါပေမဲ့ သူရို့အကြံပေးတဲ့အတိုင်း လိုက်နာရမယ်တဲ့။

ကျွန်မဟာ ကလေးမွေးဖွားနိုင်ဖို့အတွက် ပုံမှန်ဆေးစစ်မှုတွေလုပ်ခဲ့ ပါတယ်။ ဆရာဝန်ရဲ့ ရက်ချိန်းတွေလည်း မှန်မှန်ပြသခဲ့ပါတယ်။ ဒီလိုနဲ့ သားလေးကို မွေးဖွားနိုင်ခဲ့ပါရောဆိုပါတော့။ သားလေးဟာ တစ်နှစ်ခွဲသား

မှာ အေအိုင်ဒီအက်စ်ဝေဒနာရှင်လေး ဖြစ်ခဲ့ပါတယ်။ နဂိုကတည်းက စိတ်မချ လို့ ဆေးစစ်သွေးစစ်ခဲ့တာကိုး။ ကလေးဟာ နှစ်နှစ်နဲ့လေးလမှာ ကျွန်မတို့ နဲ့လောကကြီးကို ခွဲခွာသွားပါတော့တယ်။ သားလေးဆုံးပါးသွားပြီပေါ့။ ကျွန်မ ဘဝ ဘယ်လောက်ဝမ်းနည်းကြေကွဲရမယ်ဆိုတာ စဉ်းစားသာကြည့်ပါတော့ရှင်။ ဒီနောက်ပိုင်းမှာ ကျွန်မတို့ လင်မယားဟာ တကျက်ကျက်ဖြစ် ခဲ့ရတာပေါ့။ ရန်ဖြစ်ရဝိုင်း အဓိကပြဿနာက ဘယ်သူဟာ အေအိုင်ဒီအက်စ်ရောဂါကို သယ်လာခဲ့သလဲ၊ ဘယ်သူက တရားခံလဲ၊ ဘယ်သူက ဘယ်သူ့ဆီ ရောဂါ ဖြန့်ခဲ့တာလဲဆိုတာတွေပါပဲ။ နောက်တော့ အဖြေဆက်ရှာမနေတော့ပါဘူး။ သူ့ကို ကျွန်မကွာရှင်းပစ်လိုက်ပါတယ်။ သေချာပါပြီ။ နောက် ခြောက်လနေ တော့ သူ သေရှာတာပါပဲ။ ဟုတ်ပဲ့ အေအိုင်ဒီအက်စ်နဲ့ပေါ့။

ကောင်းပါပြီ။ ဒါပေမဲ့ ကျွန်မဘဝကို အဖြစ်ဆိုးစေတဲ့ .. ကျွန်မ သားလေးကို ဘဝဆိုးစေတဲ့ အေအိုင်ဒီအက်စ်ကို ဘာကြောင့် ကျွန်မ ကျေးဇူး တင်ရတာတဲ့လဲ။ ဒီလိုပါ။

ကျွန်မကို ဆရာဝန်တွေက 'စင်တာဝမ်' အဖွဲ့နဲ့ မိတ်ဆက်ပေးပါတယ်။ သူရို့က အေအိုင်ဒီအက်စ်ဝေဒနာရှင်တွေကို ကူညီနေတဲ့အသင်းပါ။ ထောက်ပံ့ တယ်၊ ကုသပေးတယ်၊ ပညာပေးတယ်၊ စည်းရုံးတယ်။ လူမှုရေးအသင်းဆို ပါတော့၊ ဆေးရုံနဲ့ဆက်သွယ်ပြီးတော့လည်း ကျန်းမာရေးလိုအပ်ချက်တွေကို လုပ်ဆောင်ပေးကြပါတယ်။ သူရို့အသင်းနဲ့ ကျွန်မတစ်လတစ်ကြိမ် တွေ့ဆုံ ပါတယ်။ ဒီလိုနဲ့ ၁၉၉၆ ခုနှစ်မှာ ကျွန်မဟာ အဲဒီအသင်းမှာ အရေးပါအရာ ရောက်တဲ့ အဖွဲ့ဝင်ဖြစ်လာပါတော့တယ်။ နောက်ပိုင်း အတွင်းရေးမှူးဖြစ်ပြီး နောက်ဆုံး ဥက္ကဋ္ဌရာထူးကိုတောင် ရလိုက်တာပါပဲ။

၁၉၉၇ ခုနှစ်မှာတော့ ကျွန်မကို ခရိုင်တစ်ခုလုံးက လေးစားကြည်ညို လာကြရပါတယ်။ ကျွန်မဟာ ကလေးတွေရဲ့ကျန်းမာရေး၊ ကျောင်းသူကျောင်း သားတွေရဲ့ပညာရေးတွေမှာ အေအိုင်ဒီအက်စ်နဲ့ပတ်သက်တဲ့ ဟောပြောပို့ချ မှုတွေ လုပ်လာခဲ့ရပါပြီ။ ပြီးတော့ 'လန်းပန်' စီရင်စုရဲ့ အေအိုင်ဒီအက်စ် ဝေဒနာရှင်များအသင်းရဲ့ အတွင်းရေးမှူးလည်း ဖြစ်လာခဲ့ပါပြီ။ အလုပ်တွေ အများကြီးလုပ်ခဲ့ရာမှာ လူတွေအများကြီးနဲ့လည်း ရင်းရင်းနှီးနှီး ဆက်ဆံခွင့်

ရခဲ့ပါတယ်။ အဲဒီတော့ အစိုးရအဖွဲ့အစည်းတွေရော ပြင်ပအကျိုးဆောင် အဖွဲ့အစည်းတွေနဲ့ပါ ဆက်ဆံရပြီပေါ့။ ကျွန်မပိုပြီး ထင်ပေါ်ကျော်ကြား လူသိများလာခဲ့ရပါပြီ။ လူတွေရဲ့အလေးပေးမှုကို ကောင်းကောင်းကြီးရခဲ့ပါပြီ။

အဲဒီအတွက် ကျွန်မမှာ ဂုဏ်ယူလို့ မဆုံးတော့ပါဘူး။ ကျွန်မဟာ အရင်ကလို အညတရကျေးတောသူတစ်ယောက် မဟုတ်တော့ပါဘူး။ သာမန် အေအိုင်ဒီအက်စ်ရောဂါသည်လို လူတွေရဲ့ဖယ်ကြဉ်မှုကိုလည်း မခံရတော့ပါဘူး။ ဘယ်လောက်ထိလဲဆိုရင် ကျွန်မဟာ 'ချင်းမိုင်' မှာ ကျင်းပတဲ့ နိုင်ငံတကာ အေအိုင်ဒီအက်စ်နှီးနှောပွဲလို အစည်းအဝေးပွဲကြီးတွေမှာလည်း တက်ရောက်နေပါပြီ။ ကျွန်မလား ... အင်္ဂလိပ်လို မပြောတတ်ပါဘူး။ ဒါပေမဲ့ရှင့် ...။ ကျွန်မအတွက် သူရို့က စကားပြန်တွေ ဘာတွေ ထားပေးကြတယ်ရှင့်။ ဘယ်လောက်မျက်နှာပန်းပွင့်သလဲလို့။ အဲဒီဆွေးနွေးပွဲတွေမှာ အလွန်အဖိုးတန်တဲ့ ကာကွယ်ကုသနည်းတွေလည်း တွေ့ရတယ်ရှင့်။ တခြားမဟုတ်ပါဘူး။ တချို့နိုင်ငံတွေက ရောဂါသည်တွေဟာ AZT,DDC,DDI စတဲ့ ကာကွယ်ဆေးတွေ မစားမသုံးဘဲ လူကောင်းလိုနေနိုင်ကြတယ်ဆိုတာပါပဲ။ ဘာကြောင့်လဲတဲ့။ တခြားမဟုတ်ပါဘူး။ သူရို့ဟာ သူရို့ကိုယ်သူရို့ သိပ်ဂရုစိုက်ကြတယ်။ ထိန်းသိမ်းကြတယ်။ လေ့ကျင့်ခန်းတွေ ပုံမှန်လုပ်ကြလို့ပါပဲတဲ့။ ဒီတော့ သူရို့မှာ အေအိုင်ဒီအက်စ်လက္ခဏာသိပ်မပြကြပါဘူးတဲ့။ ကျွန်မတို့ ယိုးဒယားနိုင်ငံသားတွေကတော့ ရောဂါလက္ခဏာတွေ များများပြကြတယ်။ အင်းလေ ... ခန္ဓာကိုယ် တည်ဆောက်ပုံကလည်း သေးကွေးကြတာကိုး။

အဲဒီအတွေ့အကြုံတွေကို ကျွန်မကပြန်ပြီး အသုံးချပါတယ်။ ယိုးဒယား ဝေဒနာရှင်တွေကို ရှင်းလင်းပြောပြပြီး အတုယူစေပါတယ်။ ကျွန်မကလည်း အချိန်ရှိသရွေ့ လေ့လာမှတ်သားနေရတာပေါ့လေ။ ပြီးတော့ သူရို့ကိုပြောရတယ်။ စိတ်ဓာတ်မကျနဲ့ .. ပေါက်တတ်ကရတွေ (ကိုယ့်ကိုယ်ကိုယ် သတ်သေဖို့ကြိုးစားတာတို့ .. တစ်ပါးသူကို ရောဂါဖြန့်တာတို့) မလုပ်ကြဖို့ပေါ့။ ဟုတ်တယ်လေ။ လူဆိုတာက စိတ်ဓာတ်ကျလာရင် ရန်လိုတတ်တာကိုး။ ကျွန်မကတော့ အဲသလို ကူညီလုပ်ကိုင်ပေးနေရတာကိုပဲ ဝမ်းသာပါတယ်။ ပီတိ

ဖြစ်ရပါတယ်။ ကိုယ့်ဘဝကိုယ်တောင် မေ့မေ့နေတတ်ပါရဲ့။ ဒါပေမဲ့ရှင် .. ကျွန်မတို့ဆီ ရောက်ရောက်လာတဲ့ရောဂါသည်တွေဟာ အများအားဖြင့် ရောဂါကျွမ်းနေသူတွေ၊ နောက်ဆုံးအချိန်ကို ရောက်နေသူတွေများနေတော့ တော်တော်စိတ်မကောင်းဖြစ်ရပါတယ်ရှင်။ ဒီတော့လည်း ထင်သလောက်မကူညီနိုင်ဘူး။ ကူညီလို့မရဘူးပေါ့လေ။

ဘာပဲဖြစ်ဖြစ် ကျွန်မကတော့ ဖွဲမလျှော့ပါဘူး။ ခုဆိုရင် ဆရာဝန်တစ်ယောက်နဲ့ရင်ပေါင်တန်းပြီး ရေဒီယိုကနေ ဟောပြောပို့ချမှုတွေ ဘာတွေ လုပ်နေရပါပြီ။ ကျွန်မလေ ... ကိုယ့်အိမ်မှာပဲ အေအိုင်ဒီအက်စ် ဝေဒနာရှင်များအဖွဲ့လေးတောင် တည်ထောင်ထားပါတယ်။ ကျွန်မအိမ်က အဖွဲ့လေးက လူဆယ်ယောက်ရှိပါတယ်။ အောင်မယ် အဲဒီလူအင်အားနဲ့ပဲ ကျွန်မတို့ရွာ တော်တော် အလုပ်ဖြစ်တာပါ။ တစ်ပိုင်တစ်နိုင်ပေါ့နော်။ ရွာက မိဘမဲ့ကလေးတွေဆိုရင် ကျွန်မတို့က ကောင်းကောင်းစောင့်ရှောက်ပေးထားပါတယ်။

တကယ်တော့ရှင် စိတ်ဓာတ်ဟာ သိပ်အရေးကြီးပါတယ်။ ရောဂါတော်တော်များများကို စိတ်ဓာတ်နဲ့ ကုလို့ရပါတယ်။ ကျွန်မကတော့လေ .. အသက်ရှင်ခွင့်ရနေသေးသရွေ့ ဖွဲမလျှော့ဘူး။ ဘဝတူ ဝေဒနာသည်တွေကို ကူညီမယ်။ စောင့်ရှောက်မှုလိုအပ်နေသူတွေကို စောင့်ရှောက်မယ်။ ကြိုတင်ကာကွယ်ဖို့ လိုအပ်နေသူတွေကို ပညာပေးစည်းရုံးတယ်။ မှန်မြတ်တဲ့ စေတနာရှင်ဖြစ်ရတဲ့ဘဝကို ကျွန်မမြတ်နိုးတယ်။

ကျွန်မစာကို ဖတ်ရတဲ့သူများကိုလည်း ပြောလိုက်ချင်ပါတယ်။ ကျွန်မကိုလည်း ရှင်ဘို့က အားပေးကလူရှိကြပါဦးလို့ ..။

ကျေးဇူးပါပဲ .. ဆရာဝန်တို့ရေ။ ကျေးဇူးပါပဲ .. နိုင်ငံတော်အစိုးရရေ။
အဲ .. ပြီးတော့ မခွင်းမချန် ကျေးဇူးတင်လိုက်ရပါဦးမယ်။ ကျေးဇူးပါပဲ 'အေအိုင်ဒီအက်စ်' ရေ ..။

ရှင်နဲ့ကျွန်မ စတွေ့တဲ့နေ့ကစလို့ ခုဆို ဆယ်နှစ်တိုင်တိုင် အသက်ရှင်နေခဲ့ပါပြီ။ ရှင်ဟာ ကျွန်မရဲ့ သူငယ်ချင်းကောင်းတစ်ယောက်လိုကို ဖြစ်နေပါပြီ။ ဟုတ်တယ်လေ .. ရှင်က ပညာပေးလို့ ကျွန်မကလည်း ဘဝတူ ဝေဒနာရှင်တွေကို ကျေးဇူးပြုနိုင်တာ မဟုတ်လား။ ကျွန်မဘဝဟာလည်း

သာမန်လူတစ်ယောက် မဟုတ်တော့ဘဲ လူသိရှင်ကြား ဝေဒနာရှင်ဘဝ ရောက်ခဲ့တာပဲ မဟုတ်ပါလား။ အေအိုင်ဒီအက်စ်ကြီးရေ ...။

'နန်း'

'မစွနန်း' ဟာ ပထမဦးဆုံးသော 'အေအိုင်ဒီအက်စ်ရောဂါဆိုးကြီးကို ကျေးဇူးတင်ပါတယ်' ဟု ပြောချလိုက်သည့် ယိုးဒယားမလေး ဖြစ်ပါသည်။ လောကတွင် အကောင်းမြင်တတ်သည့် စေတနာရှင်၊ ကရုဏာရှင်တို့သည် အဆိုးကိုပင်လျှင် ယောနိသောမနသိကာရ နှလုံးသွင်းပြီး အကောင်းဘက်က ရှုမြင်တတ်ပေသည်။ ထို့အတွက် ကာယကံရှင်မှာရော ပတ်ဝန်းကျင်မှာပါ စိတ်ချမ်းသာကိုယ်ကျန်းမာမှုများ ရရှိနိုင်ပါသည်။ လောကကြီးကတော့ အကောင်းရောအဆိုးရော ဒွန်တွဲဖော်ကျူးနေမှာ ဓမ္မတာဖြစ်သည်။ ကိုယ်က သန့်ယူ ကန့်ယူတတ်ဖို့ အရေးကြီးပါသည်။ 'မစွနန်း' သည် အဆိုးဝေဒနာများကို ယောနိသောမနသိကာရ စိတ်သွင်း၍ နှလုံးအေးခဲ့ပါသည်။ သူသည် အဆိုးထဲမှ အကောင်းကို ရွေးထုတ်စစ်ထုတ်ပြီး ဘဝသင်ခန်းစာများကို ရယူခဲ့ပါသည်။ ထိုနည်းတူ .. ထိုအကောင်းစိတ်ကလေးကိုလည်း ဖြန့်ဝေပေးနိုင်ခဲ့သူ .. သူတော်စင်မလေးဟုဆိုက လွန်အံ့မထင်ပါလေ။ မစွနန်း အသက်ရာကျော်ရှည်ပါစေသော်ဝ် ...

**သုမောင်**

**၁၁-၁၁-ဝ၆**

*Japan International Cooperation Agency မှ ထုတ်ဝေသော Lessons of Life စာအုပ်ငယ်မှ AIDS ဝေဒနာရှင်တစ်ဦး၏ ကိုယ်ရေးအကျဉ်းဖြစ်ပါသည်။*

+++

# I AM A FOOL

I wrote this story when my darling died 8 months ago. Shw was so young, 29 years old but she was an unlucky woman.

My wife and I married in 1993. I was a widower before I got married with her and my present wife was also a widow. We were very happy, we understood each other. We worked hard for a better life.

By 1995 we had saved around 150,000 baht. I decided to buy a house. I borrowed money on loan from the bank to buy one. At that time I thought everything was good, so my wife and I decided to have a baby. I remember the year before I went to a party at my friend's house. I had eaten a mango that my friends prepared for me but that mango had blood on it because his finger was cut by the knife. I drunk so much that I didn't care. Then my friend died of AIDS so I became very afraid when my wife asked me to have a blood test. I always refused to have one. After that my wife and I moved to the south of Thailand to start a rubber business because our friends had made with a lot of profit from this business. But we did not made a profit and my wife also started to have symptoms of sickness on her body. I took her to a hospital. The doctor asked her if I had ever slept around prostitutes or not. She said "No" because I never did. Then she came back to our house to tell me everything what she felt afraid of such as dying and society. We decided to cover up this matter, we did not want to let anyone know. Next year my wife got very sick she

had diarrhea and coughed a lot. I wondered why I was still healthy. So I took my wife back to Lampang and took her to Lampang hospital.

On 11 March 1999, it was a nightmare for me. I went to visit my wife at the hospital. She told me that she had AIDS, I was very shocked. I thought about suicide but the doctor suggested that I get information from the officer first, then I might know what to do. You know that officer helped me survive, they consoled and made suggestion to me. So I had a blood test at this hospital but I was not infected with AIDS. I also went to check blood at another clinic. This result further confirmed that I did not have AIDS but the result of my wife was positive. After short while, my wife died.

I thought about why I was not infected with AIDS although I lived with my wife for 7 years and I also ate the same mango too. I thought that my wife was infected from her ex-husband and I always used a condom. Now I am careful myself and I also attend Phuen Kaew Club. Now I have a relation with a woman in this club. She has AIDS too but I still love her. I will take care of her because I want to justify myself about my ex-wife. I stay with her and I also have sex but I use condom every time. Although other people may say I am a fool.

Lastly I want to show a moral for other friends. Do not give up on people with AIDS. I hope that this story will benefit the readers and the society.

*AIDS can be transmitted in 4 ways, shared use of needle, sex, blood transfusion and vertical transmission. We have never had any reports that say this disease can be transmitted through eating.*

**I am a fool** [Lessons of Life (Japan International Cooperation Agency.]

❑

# ကျုပ်မရှုံးဘူး

ကျွန်တော့်မိန်းမ ကွယ်လွန်ပြီး ရှစ်လကြာမှ ဒီအကြောင်းကို ကျွန်တော် ရေးဖြစ်ပါတယ်။ သူ ဆုံးပါးတော့ သိပ်ငယ်ပါသေးတယ်။ အသက် (၂၉)နှစ်ရယ်။ ကံဆိုးမလေး တစ်ယောက်ပေါ့ဗျာ။

၁၉၉၃ ခုနှစ်မှာ ကျွန်တော်တို့ အိမ်ထောင်ပြုကြပါတယ်။ အဲဒီတုန်းက ကျွန်တော်က 'မုဆိုးဖို' သူကလည်း 'မုဆိုးမ'။ အဲဒီတော့ နှစ်ယောက်သား အလွန်နားလည်မှုရှိကြတာပေါ့။ ချစ်ခင်နှစ်သက်ကြတာပေါ့။ ဘဝရှေ့ရေး အတွက်လည်း မျှော်လင့်ချက်ကိုယ်စီနဲ့ပေါ့။

ကျွန်တော်တို့ ဘတ်တစ်သိန်းခွဲလောက် ပိုက်မိကြတော့ ဘဏ်ကလည်း ငွေထပ်ချေးပြီး အိမ်တစ်ဆောင် မီးတစ်ပြောင့်နဲ့နေကြဖို့၊ သားသမီးယူကြဖို့ ဆုံးဖြတ်ခဲ့ကြပါတယ်။ အလွန်သာယာတဲ့ အိမ်ထောင်ရေး ဆိုပါတော့ဗျာ။ မိတ်ဆွေသင်္ဂဟတွေလည်း ပေါများခဲ့ပါတယ်။ ဒီလိုနဲ့ တစ်နေ့တော့ မိတ်ဆွေ တစ်ဦးရဲ့အိမ်ကို သွားလည်ရာမှာ သူက သရက်သီးခွဲကျွေးပါတယ်။ သရက်သီး စိတ်ပေးမှာ သွေးစတွေနဲ့။ မိတ်ဆွေက သရက်သီးခွဲရင်း ဓားရှသွားတာ ထင်ပါရဲ့။ ဒါပေမဲ့ အဲဒီအတွက် ကျွန်တော့်စိတ်ထဲ ဘယ်လိုမှ မသတိမရှိခဲ့ပါဘူး။ အရက်ကလည်း သောက်ထားဆိုတော့ သွေးဆူနေတယ်ပေါ့လေ။

ဘာမှမကြာပါဘူး။ အဲဒီမိတ်ဆွေဟာ AIDS ရောဂါနဲ့ ဆုံးပါလေရော။ ဒီတော့မှ ကျွန်တော်ထိတ်ထိတ်ပျာပျာ ဖြစ်ရပါတော့တယ်။ ဇနီးသည်က သွေးစစ်ကြည့်ဖို့ ပြောပေမယ့် ကျွန်တော်ခေါင်းခါခဲ့တယ်။ ကြောက်တာကိုး။

အဲဒါနဲ့ ကျွန်တော်တို့ဟာ တောင်ဘက်ပိုင်းကို ရွှေ့ပြီး ရာဘာခြံလုပ်ငန်း လုပ်ပါတယ်။ အလုပ်တော့ မဖြစ်ဘူး။ ကျွန်တော့်မိန်းမက ဗိုက်နာပြီး နေမကောင်း ခဏခဏဖြစ်တော့တာပါပဲ။ ဆရာဝန်သွားပြတော့ ဆရာဝန်က ကျွန်တော်ဟာ တခြားမိန်းမ(ပြည့်တန်ဆာ) တွေနဲ့ အိပ်စက်ဖူးသလား မေးပါ

သတဲ့။ ကျွန်တော့်မိန်းမကလည်း 'ဟင့်အင်း' ပေါ့။ ကျွန်တော်ကလည်း ဒါမျိုး ကင်းရှင်းတာကိုး။

ဆေးရုံက ပြန်လာကတည်းက ကျွန်တော့်မိန်းမဟာ ဆောက်တည်ရာမရ ဖြစ်ခဲ့ရပါတယ်။ ရှေ့ရေးနောင်ရေးတွေကို တွေးမဆုံးပါဘူး။ နေရေးသေရေးအပြင် လူမှုဆက်ဆံရေးအတွက်တွေပါ ပူပင်နေပါတော့တယ်။ ဒါကြောင့် ကျွန်တော်တို့ဟာ အဲဒီအဖြစ်အပျက်ဆိုးကြီးကို ဘယ်သူမှ မသိအောင် ဖုံးထားဖို့ ဆုံးဖြတ်ကြပါတယ်။

နောင်နှစ်မှာတော့ ကျွန်တော့်ဇနီးဟာ အကြီးအကျယ် နာဖျားမကျန်းဖြစ်လာပါရော။ ဝမ်းလျှောတာ၊ ချောင်းဆိုးတာတွေလည်း တအားပါပဲ။ ဒါပေမဲ့ ထူးခြားတာက ကျွန်တော်ကတော့ ဘာကြောင့် ကျန်းမာနေပါသလဲ။ ကျွန်တော်ဟာ သူ့ကို 'လန့်ပန်' ဆေးရုံတင်လိုက်ပါတော့တယ်။

၁၉၉၉ ခုနှစ် မတ်လ ၁၁ ကတော့ ကျွန်တော့်အတွက် အိပ်မက်ဆိုးကြီးပါပဲ။ ဆေးရုံမှာ သူ့ကို သွားတွေ့တော့ ကျွန်တော့်ဇနီးက သူ့မှာ AIDS ဖြစ်နေပါပြီတဲ့ဗျာ။ ကျွန်တော့်မှာ အကြီးအကျယ် ထိတ်လန့်ကြောက်ရွံ့သွားပါတော့တယ်။ သူ့မှာ ဖြစ်နေပြီဆိုရင် ကျွန်တော့်မှာလည်း ဖြစ်နေပါပြီပေါ့။ ဘယ်လောက်ထိ ကျွန်တော်တုန်လှုပ်သွားသလဲဆိုရင် ကျွန်တော့်ကိုယ်ကျွန်တော် သတ်သေဖို့အထိ ကြံစည်တော့တာပါပဲ။ ဒါပေမဲ့ ဆရာဝန်တွေက ကျွန်တော့်ကို တတ်ကျွမ်းသူတွေနဲ့ အရင်တိုင်ပင်ဖို့ အကြံပေးကြပါတယ်။ တတ်ကျွမ်းနားလည်သူတွေက ကျွန်တော့်ကိစ္စကို အမျိုးမျိုး စုံစမ်းအကြံပေးကြပါတယ်။ သူတို့က ကျွန်တော့်ကို နောက်ဆုံးသွေးစစ်ဖို့ ကူညီကြပါတော့တယ်။ ဒါပဲ ရှိတာပဲလေ။ ကျွန်တော် သွေးစစ်ကြည့်လိုက်ပါတယ်။ အလို ကျွန်တော်သွေးအောင်ပါကလား။ ကျွန်တော့်မှာ ဒီရောဂါဆိုးကြီး မကပ်ငြိမပါလား။ နောက်ဆေးခန်းတစ်ခုမှာ ပြောင်းစစ်တော့လည်း ဒီအတိုင်းပဲ အဖြေထွက်တယ်။ ကျွန်တော့်ဇနီးကတော့ ဆေးမအောင်ပါဘူး။ ဒီလိုနဲ့ မကြာခင် သူကွယ်လွန်သွားရှာပါတော့တယ်ဗျာ။

ကျွန်တော်စဉ်းစားကြည့်တယ်။ ကျွန်တော့်ကို ဘာကြောင့် AIDS မကူးစက်ပါသလဲ။ ကျွန်တော်လည်း အဲဒီမိတ်ဆွေရဲ့သွေးစွန်းနေတဲ့ သရက်သီး

စားခဲ့တာပဲ မဟုတ်လား။ ပြီးတော့ ဇနီးသည်နဲ့ ခုနစ်နှစ်လုံးလုံး ပေါင်းသင်းခဲ့တာရော မဟုတ်လား။ တစ်ခုတော့ရှိတယ်။ ကျွန်တော့်မိန်းမရဲ့ ပထမယောက်ျားကများ AIDS ရောဂါသည်လား။ ပြီးတော့ ကျွန်တော် သတိထားတာက ကျွန်တော်ဟာ ဇနီးသည်နဲ့ပေါင်းသင်းခဲ့စဉ်ကာလတစ်လျှောက်လုံး ကွန်ဒုံး အမြဲသုံးခဲ့တယ်ဆိုတာပါပဲ။

အခုတော့ ကျွန်တော်ဟာ ကာမဆန္ဒနဲ့ပတ်သက်လို့ အလွန်ဂရုစိုက်သူတစ်ယောက်ဖြစ်နေခဲ့ပါပြီ။ ပြီးတော့ Phuen Kaew ကလပ် (AIDS ဝေဒနာရှင်များ ပြုစုစောင့်ရှောက်ရေးအသင်း)မှာလည်း အဖွဲ့ဝင်အဖြစ် ပါဝင်ကူညီဆောင်ရွက်နေပါပြီ။ အဲဒီကလပ်မှာပဲ AIDS ရောဂါဖြစ်နေတဲ့ အမျိုးသမီးတစ်ယောက်နဲ့ ရင်းနှီးရာက ချစ်ကျွမ်းဝင်ခဲ့ပါပြီ။

သူ့မှာ ဒီရောဂါဆိုးကြီး ရှိရက်နဲ့ သူ့ကိုချစ်နိုင်တာကတော့ ကျွန်တော့်ရဲ့သေဆုံးသွားတဲ့ဇနီးသည်က မေတ္တာတရားဆိုတာ ဘာလဲတို့ သွန်သင်ခဲ့လို့ဖြစ်ဟန်တူပါရဲ့။ ဒါပေမဲ့ လူတွေကတော့ ကျွန်တော့်ကို 'အရူး'တဲ့။ ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ အဲဒီမိန်းမနဲ့ ပေါင်းသင်းခဲ့ပါတယ်။ တစ်ခုသတိထားတာကတော့ ဘယ်တော့မဆို အမြဲတမ်း ကွန်ဒုံး သုံးတာပါပဲ။

နောက်ဆုံးအနေနဲ့ တခြားမိတ်ဆွေတွေအတွက် သင်ခန်းစာတစ်ခုပေးချင်ပါတယ်။ အေ့ဒ်စ်ဝေဒနာရှင်တွေကို ဝေယျာလကန် မထားကြပါနဲ့။ ဒီဇာတ်လမ်းလေးဟာ စာဖတ်သူတွေနဲ့ လူ့အဖွဲ့အစည်းကို အကျိုးပြုလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

***အထက်ပါအက်ဆေးကတော့ ယိုးဒယားနိုင်ငံ Phuen Kaew ကလပ် မှာ လူမှုဝန်ထမ်းလုပ်နေသူ တစ်ဦးရေးတာပါ။ ကိုယ်တိုင် AIDS နဲ့ တွေ့လွဲ လွဲခဲ့ပေမယ့် ရောဂါသည်များကို (ဇနီးသည် ကိုယ်စား) ကူညီနေသူဖြစ်ပါ သည်။ AIDS ကူးစက်ပုံ နည်းလမ်းလေးမျိုး ရှိပေမယ့် သွေးစွန်းသော အစားအစာမှ HIV ပိုး ကူးစက်မှုရှိသည်ဟူ၍မူ ယနေ့အထိ အတည်မပြုနိုင်သေးပါ။***

+++

## JUST ONE TIME

I am 30 years old, have one child. I knew I was HIV infected when I worked in Bangkok. I was electrocuted and I had to have an operation. A doctor took my blood to find the blood type and found out I was HIV positive. However, he did not tell me. I had to stay at the hospital for 30 days. The doctor spoke to me, he asked me about my wages. I said I made 400 baht a day. And he asked whether I had a wife or not. I said yes and explained that we had been married for 3 years, but had no kids. The doctor finally said that I was HIV infected. I did not know what to do, I just cried. He said **I should better tell my wife in order to use birth control measure, but I did not tell her.** After my wound disappeared, and I went to work at the same place for another 6 months until the contract ended. So, I worked on a new job for 3 months, then something I did not want to happen happened.

My wife told me that she was 2 months pregnant. At first I was so glad, but **then I thought about my HIV infection, I had no idea how to tell my wife. I was afraid that if I told her, she would run away from me.** I asked her whether she had been for prenatal care or not. She said not yet because she wanted to wait for a month. So I told her to have an abortion. She wondered why. I did not answer. 3 months later she asked me to go to the hospital. That night I asked her what would she do if I was HIV infected. She laughed and said nothing. I decided to tell her that I had AIDS. She was quiet for a while then started to

cry. She believed what I told her but did not ask anything, just crying all night long. Next morning I took her to see the doctor. He suggested that my wife might not be infected and he did not want her to have an abortion now because it was so dangerous. So the doctor suggested she had prenatal care and a blood test. After that my wife asked me how I was infected. I told her that **1 year before marrying, I had worked in the south of Thailand and had sexual intercourse with a prostitute.** It was just once. When the work ended, I went back to Bangkok. Finally it was time to listen to the result of the test. My wife was not infected. I was so glad. I told her that I would spend the rest of my ilfe to love and take care of her and our child as best as I could. Finally she gave birth to a boy. Now I have energy to fight against this illness.

❑

# တစ်ကြိမ်တစ်ခါ

**မိတ်ဆွေဖြစ်သူ ဒေါက်တာခင်မြလွင်က စာအုပ်တစ်အုပ်ပေးဖတ်ပါသည်။ အင်္ဂလိပ်ဘာသာဖြင့် ရေးထားသော** A.I.D.S **ဝေဒနာသည်များ၏ ကိုယ်တိုင်ရေး အတွေ့အကြုံများ စုပေါင်းထားသော စာအုပ်ဖြစ်ပါသည်။ စာရေးသူများမှာ ယိုးဒယားနိုင်ငံသားများဖြစ်ကြပြီး မိမိတို့၏ ဘဝအရှိအတိုင်း ရိုးသားစွာ ရေးသားထားကြပါသည်။ ဝန်ခံခြင်း၊ ပညာပေးခြင်း၊ ရောဂါမရှိ သူများ ဆင်ခြင်စေချင်ခြင်း၊ အားကိုးရာရှာခြင်း စသည်တို့ကို အရှိအတိုင်း ဖော်ပြ ထားရေးသားထားကြလေရာ အက်ဆေးကောင်းကလေးများ ဖြစ်နေပါသည်။ လူအတော်များများ သိပြီးသား အကြောင်းအရာများ ဖြစ်သော်လည်း ရေးသူ များ၏ ရိုးသားပွင့်လင်းမှုကြောင့် စိတ်မှတ်ရှိကောင်းနေပါသည်။**

**စာအုပ်ငယ်ကို ထုတ်ဝေသော** JAPAN INTERNATIONAL CO-OPERATION AGENCY **နှင့် ဝေဒနာရှင်များကို ကူညီနေသော** LANPANG **ဆေးရုံမှ** DAY CARE **ဌာနနှင့်** PNUAN KEAW **ဝေဒနာအဖွဲ့တို့ကာမူ ထိုစာအုပ် ဝေဒနာရှင်များသည် 'စာရေးဆရာ'များ ဟူ၍ပင် သမုတ်အပ်ကြောင်း ဖော်ပြ ပါသည်။**

ကျွန်တော် အသက်သုံးဆယ်ပါ။ ကလေးတစ်ယောက်အဖေပါ။ ကျွန်တော့်မှာ HIV ရောဂါ စွဲကပ်နေပြီဆိုတာကို ဘန်ကောက်မှာ အလုပ်လုပ် နေတုန်း သိခဲ့ရပါတယ်။ ဓာတ်လိုက်ရာက ခွဲစိတ်ကုသမှု ခံယူတော့ ဆရာဝန် က ကျွန်တော့်ကို သွေးအမျိုးအစားသိဖို့ သွေးယူပါတယ်။ ကျွန်တော့်မှာ HIV ပိုး ရှိနေတယ်ဆိုတာ သိသွားပါတယ်။ ဒါပေမဲ့ သူက ကျွန်တော့်ကို ဖွင့်မပြောပါဘူး။ ဆေးရုံမှာ တစ်လလောက် နေရပါတယ်။ ဆရာဝန်က ကျွန်တော့်ရဲ့မိသားစုမှတ်တမ်းကို မေးပါတယ်။

ကျွန်တော်က နေ့စားအလုပ်သမား။ တစ်နေ့ဘတ်လေးရာရတယ်။ ဇနီးရှိတယ်။ လက်ထပ်ခဲ့တာ သုံးနှစ်ရှိပြီ။ သားသမီးတော့ မရသေးဘူး စသဖြင့် ရှင်းပြပါတယ်။ ဒီတော့မှ ဆရာဝန်က ကျွန်တော့်မှာ H.I.V ပိုး စွဲကပ်နေပြီ လို့ ဖွင့်ပြောပါတော့တယ်။ ကျွန်တော် ဘယ့်နှယ်လုပ်ရပါ့မလဲ။ ကျွန်တော် ငိုတယ်။ ဆရာဝန်ကတော့ ဇနီးသည်ကို ဖွင့်ပြောဖို့ ကလေးမယူဖို့ ပြောပါ တယ်။ ဒါပေမဲ့ ကျွန်တော် မပြောရက်ဘူး။ မပြောချင်ဘူး။ ဒီလိုနဲ့ ဆေးရုံ ကဆင်းတော့ ... လက်ရှိလုပ်ငန်းမှာပဲ ခြောက်လဆက်လုပ်ပါတယ်။ နောက် လုပ်ငန်းသစ်မှာ သုံးလလုပ်တယ် ... အဲဒီမှာ ကျွန်တော် မဖြစ်စေချင် တဲ့အရာ ဖြစ်လာပါတော့တယ်။

ကျွန်တော့်ဇနီးက သူမှာ ကိုယ်ဝန်နှစ်လရှိနေပြီလို့ ဖွင့်ပြောပါတော့ တယ်။ ကျွန်တော်က ပထမတော့ ပျော်သွားတာပေါ့လေ။ ဒါပေမဲ့ ချက်ချင်း ပဲ စိတ်ညစ်သွားရပါတယ်။ ဟုတ်တယ်လေ။ ကျွန်တော့်မှာက ရောဂါဆိုးကြီး စွဲကပ်နေပြီပဲ။ ကျွန်တော့်ဇနီးကို ဘယ်နှယ့်လုပ် ဖွင့်ပြောရမလဲ။ ဖွင့်ပြော လိုက်ရင် သူ ကျွန်တော့်ကို စွန့်ခွာသွားတော့မယ်လို့ ထင်တယ်။ ဒါနဲ့ ကျွန်တော် က 'မင်း သားဖျက်ဆေးခန်း ပြမလား။ မပြဘူးလား' မေးရတာပေါ့။ သူက 'လောလောဆယ် လနုသေးလို့ မပြသေးဘူး။ သေချာအောင် တစ်လစောင့် ကြည့်ဦးမယ်' လို့ ရိုးရိုးပဲ ပြောရှာပါတယ်။ ကျွန်တော်က 'ကလေးမယူချင် သေးဘူးကွယ် ဖျက်ချလိုက်ပါလား' လို့ ပြောတော့ သူက 'ဘာဖြစ်လို့လဲ' လို့ မေးပါတယ်။ ကျွန်တော် မဖြေခဲ့ဘူး။

သုံးလကြာတော့ သူက ဆေးခန်းပြဖို့ ပြောပါရော။ အဲဒီညက ကျွန်တော်က သူ့ကို မေးပါတယ်။ 'ငါ့မှာ AIDS ဖြစ်နေတယ်ဆိုရင် ဘယ် လိုလုပ်မလဲ' လို့။

သူက အားရပါးရ ရယ်ပါတယ်။ ဘာမှတော့ မပြောပါဘူး။ ဒါကြောင့် ကျွန်တော့်အဖြစ်ကို ပြောပြဖို့ ဆုံးဖြတ်ရပါတော့တယ်။ ကျွန်တော် မလိမ်ချင် တော့ဘူးလေ။ ကျွန်တော်လည်း ဖွင့်ပြောလိုက်ရော သူဟာ အသံတိတ်သွား ပါတော့တယ်။ ကျွန်တော်ပြောတာကို ယုံပြီး ဘာမှမမေးဘူး။ ပြီးတော့ တဖြည်း ဖြည်းချင်း စပြီး ငိုလိုက်တာ တစ်ညလုံး မတိတ်တော့ပါဘူး။ သနားပါတယ်ဗျာ။

နောက်နေ့ မနက်မှာပဲ ကျွန်တော် သူ့ကိုဆေးခန်းခေါ်ချသွားပါတယ်။ ဆရာဝန်ကတော့ ကျွန်တော့်ဇနီးမှာ H.I.V မစွဲကပ်သောက်ပါဘူးလို့ ဖြေသိမ့်ပါတယ်။ ပြီးတော့ ကလေးဖျက်ချဖို့ဆိုတာကလည်း ဒီအချိန်မှာ သိပ်အန္တရာယ်များသွားပြီလို့ ပြောပါတယ်။ နောက်တော့ ဆရာဝန်က မိခင်လောင်းအတွက် လိုအပ်တဲ့ကိစ္စတွေလုပ်ပေးပါတယ်။ သွေးစစ်တာလည်း ပါတာပေါ့လေ။

ဒီတော့မှ ဇနီးသည်က ဖွင့်မေးရှာပါတယ်။

'ရှင် ဘယ်လိုလုပ်ပြီး H.I.V ရတာလဲ' တဲ့။

'မင်းနဲ့ လက်မထပ်ခင် ယိုးဒယားတောင်ပိုင်းမှာ အလုပ်လုပ်နေတုန်းက မိန်းမပျက်တစ်ယောက်နဲ့ ဆက်ဆံဖူးတယ်။ ဒါပေမဲ့ တစ်ကြိမ်တည်းပါကွယ်' လို့။ တကယ်လည်း ကျွန်တော်ဟာ တစ်ကြိမ်တည်း မိုက်မှားမိတာပါဗျာ။ အလုပ်ပြီးတော့ ဘန်ကောက်ကို ပြန်လာခဲ့ပါတယ်။

နောက်ဆုံးတော့ ကျွန်တော့်ဇနီးသည်ရဲ့ သွေးအဖြေကို တထိတ်ထိတ်နဲ့ နားထောင်ရတော့မယ့်နေ့ကို ရောက်လာခဲ့ပါပြီ။ ကျွန်တော်တို့မှာ အကြီးအကျယ် စိတ်လှုပ်ရှားရပါတယ်။ ကြောက်လိုက်တာလည်း လွန်ပါရော။

ဒါပေမဲ့ဗျာ ..

ကျွန်တော် မျှော်လင့်ထားသလို ကျွန်တော့်ဇနီးသည်မှာ H.I.V ပိုး မတွေ့ရပါဘူး။ ကျွန်တော် ပျော်လိုက်တာလေ။ ကိုယ့်ဘဝကိုတောင် မေ့သွားတယ်။ ကံကောင်းလိုက်တဲ့မိန်းမ။ ဒါကြောင့် သူ့ကိုကျွန်တော် ပြောရတယ်။

'ရှေ့လျှောက် မင်းကို ပိုချစ်မယ်။ မင်းနဲ့ တို့ရဲ့ကလေးကို ပိုပြီးဂရုစိုက်စောင့်ရှောက်မယ်။ ငါ့ဘဝမှာ အကောင်းဆုံးတွေဖြစ်အောင် နေထိုင်တော့မယ်။ ငါ တတ်နိုင်တာတွေ အကုန်လုပ်မယ်' လို့။

ကျွန်တော့်ချစ်ဇနီးက ကျွန်တော့်အတွက် 'သားဦး' ကလေး မွေးဖွားပေးပါတယ်။ ဟုတ်ပ သားယောက်ျားလေး။ ဒါဟာ ကျွန်တော့်ဘဝအတွက် ခွန်အားသစ်တွေ မဟုတ်ပါလား။ ကျွန်တော့်ရောဂါကို ကာကွယ်တိုက်ခိုက်ဖို့ ဆေးဝါးတစ်လက် မဟုတ်ပါလား။

+++

# I WAS RAPED

I was infected with the disease when I was not yet 17 years old. At that time I'd worked for Industrial Settlement in Lampoon for 1 year. I had many friends, one of them was staying in Ampur SermGnerm, Lampang. I had an invitation to the merit party in my friend's hometown. After the party we continued to eat something at Kao Ka restaurant. After dinner, I went back to my house with my friend. We met 5 strangers on the way. They used a handkerchief to cover my friend's and mine face so we became unconscious. When we woke up, we found that both of us were naked. We hurried back to the house and did not tell anyone anything.

The next month, I got sick for the first time so I quit the job and stayed in my parents' home. The month after that, I got a boyfriend, We got married without checking our blood before marriage. I became pregnant one year later, so I went to see a doctor; he told me that I was infected with the AIDS disease. I was very shocked. I didn't tell my husband. I thought of suicide but I couldn't because I was worried about my child.

When I gave birth to a baby, my child didn't drink breast milk. I decided to inform my mother. She was very sad but consoled me. The doctor also gave a consultation to my family. At first my husband didn't accept the fact but later he could accept this problem. My husband and I take good care of ourselves. We go to see the doctor

for every appointment and take the medicine prescribed by the doctor. I want to have assistance from the hospital. When I go to the hospital I hope to hear the sweet voice from the nurse and receive the assistance of money for AIDS families. I hope that doctors can discover an AIDS cure.

*Sometimes the real story of life is more ruthless than a tale. Maybe she was infected by the guys who raped her. And we don't know what they are doing now. They may even do the same to other girls.*

❑

# အပျိုစင်ဆိုသော်လည်း

ကျွန်မ အသက် ဆယ့်ခုနစ်နှစ်မပြည့်ခင်မှာပဲ ဒီရောဂါကြီး စတင်စွဲကပ်ခံခဲ့ရပါတယ်။ အဲဒီအချိန်က ကျွန်မဟာ လန်းပန်က စက်ရုံတစ်ရုံမှာ တစ်နှစ်မျှ အလုပ်လုပ်နေခဲ့တာပါ။

ကျွန်မ သူငယ်ချင်းတွေ အများကြီးရှိပါတယ်။ တစ်ယောက်က လန်းပန်မြို့စွန်မှာ နေတာပါ။ တစ်နေ့တော့ ကျွန်မဆီ ဖိတ်စာတစ်စောင် ရောက်လာပါတယ်။ အလှူပွဲပါတီတစ်ခု တက်ရောက်ဖို့ပါ။ စောစောကပြောတဲ့ မြို့စွန်က သူငယ်ချင်းတစ်ယောက်ရဲ့အိမ်ကို သွားရမှာပါ။ ပါတီပွဲပြီးတော့ ကျွန်မတို့က ကိုအာကာစားသောက်ဆိုင်ကို ဆက်သွားကြပါတယ်။ ညစာစားပါတယ်။ ကျွန်မနဲ့ကျွန်မ သူငယ်ချင်းပါ။ ပြီးတော့ နှစ်ယောက်သား အိမ်ပြန်ကြပါတယ်။ အဲဒီအိမ်ပြန်လမ်းမှာပဲ လူငါးယောက်အုပ်စုကို ရုတ်တရက် မြင်လိုက်ရပါတော့တယ်။ သူရို့ဟာ ကျွန်မတို့နဲ့ မျက်နှာချင်းဆိုင်လိုက်ပြီးပြီးချင်း လက်ကိုင်ပဝါနဲ့ ကျွန်မတို့နှစ်ယောက် မျက်နှာတွေကို အုပ်လိုက်ကြပါတော့တယ်။ ချက်ချင်းပဲ ကျွန်မတို့ ဘာကိုမှ မသိတော့တဲ့ဘဝ ရောက်သွားပါရောရှင်။

ကျွန်မတို့ သတိရလာတဲ့အချိန်မှာ ကျွန်မရော သူငယ်ချင်းမှာပါ (ရှက်ရှက်နဲ့ပြောပါရစေ) အဝတ်အစား လုံးဝမရှိကြတော့ပါဘူး။ ကျွန်မတို့ ဖြစ်တဲ့နည်းနဲ့အိမ်အမြန်ပြန်ခဲ့ကြပြီး ဘာတွေဖြစ်ခဲ့တယ်ဆိုတာ ဘယ်သူ့ကို ပြောမပြတော့ပါဘူး။ နောက်လမှာ ကျွန်မ ပထမဆုံးအကြိမ် ဖျားနာပါလေရော။ ဒါနဲ့အလုပ်ထွက်လိုက်ရပါတော့တယ်။ အမေ့အိမ်ကိုလည်း ပြောင်းနေခဲ့ပါတော့တယ်။ နောက်တစ်လအကြာမှာပဲ ကျွန်မဟာ ချစ်ရမယ့်သူ တွေ့ပါ

တယ်။ မကြာခင် သူနဲ့ ကျွန်မလက်ထပ်လိုက်ကြပေမယ့် သွေးစစ်တာတွေ ဘာတွေ မလုပ်မိခဲ့ကြပါဘူး။ နောက်တစ်နှစ်မှာ ကျွန်မ ကိုယ်ဝန်ရှိလာလို့ ဆေးရုံသွားပြတော့ ဆရာဝန်က ကျွန်မဟာ အေအိုင်ဒီအက်စ်ရောဂါသည် ဖြစ်နေပါပြီတဲ့ရှင်။ ကျွန်မ အကြီးအကျယ် တုန်လှုပ်ချောက်ချားသွားမိပါ တယ်။ ဒီကိစ္စ ကျွန်မယောကျ်ားကိုလည်း ပြောမပြဖြစ်ဘူး။ ကျွန်မက ကိုယ့်ကိုယ်ကိုယ် သတ်သေဖို့ စဉ်းစားပါသေးတယ်။ ဒါပေမဲ့ ကျွန်မ ရင်သွေး လေးက ရှိနှင့်နေပြီလေ။ ကလေးအတွက် စိုးရိမ်မိပါတယ်။

ကျွန်မ ရင်သွေးလေးကို မွေးနိုင်ခဲ့ပေမယ့် ကလေးဟာ ကျွန်မရဲ့နို့ကို မစို့ပါဘူး။ နောက်ဆုံး အမေ့ကို ကျွန်မဖွင့်ပြောတော့ အမေ့ခမျာ ကြီးစွာ သော စိတ်မချမ်းမသာ ဖြစ်ရုံကလွဲပြီး ကျွန်မကို ချော့မော့နှစ်သိမ့်ရုံပဲ တတ် နိုင်ပါတော့တယ်။ ဆရာဝန်ကလည်း ကျွန်မတို့မိသားစုနဲ့ ဆွေးဆွေးနွေးနွေး လုပ်ပါတယ်ရှင်။ ကျွန်မယောကျ်ားဟာ ပထမတော့ ဒီအဖြစ်ကို လက်မခံပါ ဘူး။ နောက်တော့ သူလည်း ဝေဒနာခံစားလာရတာပေါ့လေ။ ကျွန်မတို့ နှစ်ယောက် အလွန်ပဲ ဂရုစိုက်နေထိုင်ခဲ့ကြတာပါ။ ဆရာဝန်ဆီကိုလည်း ကျွန်မ တို့ ပုံမှန်သွားရောက်တွေ့ဆုံပြီး သူ ပေးတဲ့ ဆေးတွေကိုလည်း မှန်မှန်သောက် ခဲ့ပါတယ်။

ဆေးရုံက အကူအညီတွေကိုလည်း ကျွန်မအလွန်လိုချင်ပါတယ်။ ကျွန်မ ဆေးရုံကိုသွားတိုင်း သူနာပြုတွေရဲ့ ချိုသာတဲ့ စကားသံ၊ အားပေး သံတွေ ကြားရပါတယ်ရှင်။ အေအိုင်ဒီအက်စ်ရောဂါသည် မိသားစုတွေအ တွက် ထောက်ပံ့ကြေးငွေတွေလည်း ကျွန်မတို့ ရကြပါတယ်ရှင်။

ကျွန်မ မျှော်လင့်ခြင်းကြီးစွာ ထားနေမိတာကတော့ အေအိုင်ဒီအက်စ် ရောဂါ ပျောက်ဆေးကြီးကို ဆရာဝန်တွေ တစ်နေ့နေ့ တွေ့ရှိရမယ်ဆိုတာ ပါပဲလေ။

•

*တကယ့်ဖြစ်ရပ်များသည် ဝတ္ထုပုံပြင်များထက်ပို၍ ရက်စက်ကြမ်းကြုတ် ကြပါသည်။ မိန်းကလေးသည် လူလေလူလွင့် လူဆိုးလူညစ်တစ်သိုက်၏*

လူမဆန်သော လုပ်ရပ်ကြောင့်သာ ပြဿနာဖြစ်ခဲ့ရပါသည်။ သူတို့ ခု ဘာတွေ လုပ်နေသလဲ ကျွန်တော်တို့ မသိပါ။ သူတို့သည် နောက်ထပ် မိန်းမပျိုလေးများအား ဖျက်ဆီးနေကြဦးမည်လား။

(ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ဒီဖြစ်ရပ်မျိုး အလွန်ရှားသော်လည်း သတိနှင့် ဆင်ခြင်နိုင်ဖို့ကား အလွန် အရေးကြီးလှပေသည်။ အထူးသဖြင့် သမီးရှင်များသည် လွန်ကဲသော လွတ်လပ်ခွင့်မျိုး မပေးအပ်စေချင်ပါ။ ဒါမျိုးသည် မိမိဘက်က စိတ်မပါသော်လည်း ဖြစ်လာတတ်သည့် လူ့သဘာဝတရား မဟုတ်ပါလားလေ။)

+++

## ENTERTAIN WITH FOOD AND WOMAN

I was born in 1971, there were 5 persons in my family. I was the eldest child. When I was studying in a college, I was a poor student academically but I like to play sports. I had to pay more money for more advanced classes so it made me worry about my parents. I wanted to help them with money, at the same time I also had many friends who made me associate drugs, tobacco and alcohol. But I did not have sex.

After I graduated from college I looked for a job in Bangkok but I got a job at Samatphakarn province. At that time I was consuming more drugs and alcohol but I still sent money to my parents. 2-3 years after, my parents called me back because they wanted to introduce a lady to me. She had been my classmate when I was young.

We married in 1990. After that I moved to Bangkok to work again. 5 months later, a company sent the maintenance section to Chonburi to install an electric barker and I was in this group.

One day after work, my boss bought alcohol for a party. I drank so much then we went out to rove with prostitutes. My boss was very kind, he paid for all of us. Myself, I always used condom when I had sex. But that time, I did not know whether it broke or not. After that I came back to Bangkok, and 4 months after I quit that job because I wanted to work abroad. I could not go abroad because I could not pass the physical examination.

So instead I got a job at Mae Mao. I asked my wife to live with me

but she did not come. She liked to live with her parents, I was very sad so I went back to drugs and alcohol again. I became sick in February 2000. I went to see a doctor and he told me that I was infected with HIV, I was very shocked and sad. I was not the only person who was infected with AIDS but so was my wife. Oh! I felt very sorrowful.

Now my wife and I do not live together. Both of us came back to our own family. But I always contact her. I do not have any job because I am not healthy.

*The best boss who took a good care of employees also took them to rove with prostitutes. Please help each other to change this kind of habit, closing a party with (commercial) sex.*

❑

# သောက်သောက်စားစားလူ့မင်းသား

ကျွန်တော်ကို ၁၉၅၃ ခုနှစ်မှာ မွေးဖွားပါတယ်။ မိသားစု ငါးယောက်ရှိတဲ့အနက် ကျွန်တော်ကအကြီးဆုံးပါ။ ကောလိပ်တက်နေတုန်းက ကျွန်တော်ဟာ ပညာရေးမှာအားနည်းပါတယ်။ ဒါပေမဲ့ အားကစားမှာ ထူးချွန်ပါတယ်။ ကျောင်းမှာက အဆင့်မြင့်ပညာရေးအတွက် ငွေကုန်ကြေးကျ သိပ်များတော့ ကျွန်တော်မိဘတွေအတွက် ကျွန်တော် စိတ်ပူခဲ့ရတာပေ့ါ။ ကျွန်တော်က မိဘကိုပြန်ပြီး ငွေကြေးထောက်ပံ့ချင်သူပါ။ ဒါပေမဲ့ တစ်ဆက်တည်းမှာပဲ အပေါင်းအသင်းသိပ်ခင်တာ။ ကျွန်တော့်အပေါင်းအသင်းတွေက ဆေးလိပ်သောက်တယ်။ ဆေးချတယ် အရက်နဲ့လည်းမကင်းဘူး။ ဒီတော့ ရောဒီရောရာ တို့လည်းပါပေ့ါလေ။ ဒါပေမယ့် ကျွန်တော်ဟာ မိန်းမကိစ္စရှင်းခဲ့ပါတယ်။ မရှုပ်တတ်ဘူး။

ကောလိပ်ကနေဘွဲ့ရတော့ ဘန်ကောက်မြို့ဘက်မှာ အလုပ်ရှာခဲ့ပါတယ်။ ဒါပေမဲ့ ‘ဆာမာပတ်ခန်’ စီရင်စုမှာပဲ အလုပ်ရပါတယ်။ ဝင်ငွေကလေး ရှိလာတော့ ဆေးနဲ့အရက်ပိုပြီး သုံးတာပေ့ါလေ။ ထုံးစံအတိုင်းပေ့ါ။ ဒါပေမဲ့ အိမ်ကိုငွေပို့ မပျက်ခဲ့ပါဘူး။ နှစ်နှစ်သုံးနှစ် လောက်နေတော့ အဖေတို့ အမေတို့ကကျွန်တော်ကို ရွာပြန်ခေါ်ပါတယ်။ အကြောင်းကတော့ မိန်းကလေးတစ်ယောက်နဲ့ ဆုံပေးဖို့ပါ။ မိန်းမပေးစားဖို့ဆိုပါတော့။ သူစိမ်းတစ်ယောက်တော့မဟုတ်ပါဘူး။ ငယ်ငယ်က ကျောင်းနေဖက် ကောင်မလေးပါပဲ။

၁၉၉၀ မှာ ကျွန်တော်တို့ လက်ထပ်လိုက်ပါတယ်။ လက်ထပ်ပြီးတော့ ကျွန်တော်တို့လင်မယား ဘန်ကောက်ကိုသွားပါတယ်။ အလုပ်ပြန်လုပ်ပါတယ်။ ငါးလကြာတော့ ကုမ္ပဏီက လျှပ်စစ်လိုင်း အကာအကွယ်တွေတပ်ဆင်ဖို့ ‘ချောင်ဘူရီ’ ကိုပြုပြင်ထိန်းသိမ်းရေးအဖွဲ့စေလွှတ်ရာမှာ အဲဒီအဖွဲ့ထဲ ကျွန်တော်ပါသွားပါတယ်။

တစ်နေ့အလုပ်အပြီးမှာ ကျွန်တော်တို့အဖွဲ့ကို ဘော့စ်က အရက်တွေ ဝယ်လာပြီး ပါတီလုပ်ပါတယ်။ ကျွန်တော်ဆိုတာ ကမ်းကုန်အောင် သောက်တော့တာပေါ့။ သောက်ပြီး မူးတော့ ဘာလုပ်သလဲတဲ့။ ထုံးစံအတိုင်း နတ်သမီးကညာ အရှာထွက်တော့တာပေါ့လေ။ သိတယ်မဟုတ်လား။ ဘော့စ်က သိပ်သဘောကောင်းတာ။ သူက အရက်တွင်မကဘူး ဟိုကိစ္စ ဒီကိစ္စကုန်ကျသမျှကို အိတ်ထဲက စိုက်ထုတ်တယ်လေ။ ကျွန်တော်က ကွန်ဒုံးတော့ အမြဲသုံးပါတယ်။ ဒါပေမဲ့ အဲဒီတစ်ကြိမ်မှာတော့ မပြောတတ်ဘူး။ ကွန်ဒုံးပေါက်ပြဲသွားသလား မသွားဘူးလား မသိတော့ဘူး။ မူးနေတာကိုး။ နောက်ပိုင်း ကျွန်တော်ဘန်ကောက်ပြန်ခဲ့ပါတယ်။ လေးလလောက် ကြာတော့ ကျွန်တော် အလုပ်ထွက်လိုက်ရော။ တခြားမဟုတ်ပါဘူး။ ကျွန်တော်ကပြည်ပ ထွက်ပြီးအလုပ်လုပ်ချင်တာကိုး။ ဒါပေမဲ့ အဲဒီအခြေအနေမရောက်ခဲ့ပါဘူး။ ဘာကြောင့်ဆို ကျွန်တော်ဟာ ခန္ဓာကိုယ်ဆေးစစ်ရာမှာမအောင်ခဲ့လို့ပါပဲ။ ကျန်းမာရေးကျတယ်ဆိုပါစို့။ ဒီတော့ မေအီမိုး မြို့ကလေးမှာပဲ အလုပ် ဆက်လုပ်ရပါတော့တယ်။ မိန်းမကို လှမ်းခေါ်ပါသေးတယ်။ သူက မလိုက်ချင်ဘူးတဲ့။ သူက သူ့မိဘဆီပဲ ပြန်ချင်တာတဲ့လေ။ ကျွန်တော်လည်း ကိုယ့်မိန်းမနဲ့ အတူမနေရဘူးဆိုတော့ စိတ်ဓာတ်ကျပြီး ထုံးစံအတိုင်း ဆေးနဲ့အရက်ဘက် ပြန်လှည့်ရတော့တာပေါ့ဗျာ။

၂၀၀၀ ပြည့်နှစ် ဖေဖော်ဝါရီမှာတော့ ကျွန်တော်ဟာအကြီးအကျယ် ဖျားတော့တာပါပဲ။ ဆရာဝန်နဲ့ ဆေးကုစစ်ဆေးတဲ့အခါ အလိုဗျာ ကျွန်တော်မှာ အိတ်ချ်အိုင်ဗီပိုး စွဲကပ်နေပါပြီတဲ့။ ကျွန်တော် အကြီးအကျယ်ချောက်ချား တုန်လှုပ်သွားတာပေါ့။ ဝမ်းနည်းအားငယ်လိုက်တာလည်း မပြောပါနဲ့တော့။ စဉ်းစားကြည့်တော့ အေအိုင်ဒီအက်စ်ဖြစ်သွားတာ ကျွန်တော်တစ်ယောက် တည်း မဟုတ်ဘူး။ ကျွန်တော်မိန်းမပါဖြစ်ဖို့များနေတာ။ အို ကျွန်တော်ရဲ့ ကြေကွဲဝမ်းနည်းမှုကြီးဟာ ဘယ်မှာဆုံးတော့မှာလဲ။

ခုတော့ ကျွန်တော်နဲ့ ကျွန်တော်မိန်းမအတူမနေကြတော့ပါဘူး။ သူလည်းသူ့မိဘအိမ်မှာ၊ ကျွန်တော်လည်း ကျွန်တော့်မိဘအိမ် ပြန်နေပေါ့။ ဒါပေါ့ ကျွန်တော်မှာ အလုပ်တော့မရှိတော့ဘူး။ အလုပ်လက်မဲ့ ဖြစ်နေပြီလေ။

ဟုတ်ပါရဲ့၊ ကျန်းမာရေးမကောင်းတဲ့လူတစ်ယောက်ကို ဘယ်အလုပ်ရှင်က ကြာရှည်အလုပ်ခန့်ထားမှာလဲ။

**သဘောကောင်း မနောကောင်းဆိုတဲ့ လုပ်ငန်းရှင်တွေဟာ အများအားဖြင့် အပျော်အပါး လိုက်စားကြဖို့ အလုပ်သမားတွေအပေါ် လိုက်လျောတတ်ကြပါသည်။ အထူးသဖြင့် ပြည့်တန်ဆာတွေနဲ့ အပျော်ပါးဖို့ အရက်နဲ့ ဝိုင်းဖွဲ့ကြတဲ့စလေ့စရိုက်တွေကို ပြုပြင်ကြဖို့ ကောင်းပါပြီ။ ယိုးဒယားမှာကတော့ ဒါမျိုးတွေ ရိုးနေပုံရသည်။ ကျွန်တော်တို့ဆီ ရံဖန်ရံခါတွေ့ရတတ်သည်။ ဒါကိုပင် အလုပ်သမားလူတန်းစားကလည်း သာယာမိတတ်ကြပါသည်။ သည်ယဥ်ကျေးမှုမျိုး ကူးစက်မခံရဖို့ အရေးကြီးပါပြီ။**

+++

## VIRGIN MARY

I came from a warm family, my parents took care of me well and even spoiled me. I had some bad habits. I liked drinking and travelling. I had sex with many girls. At that time I thought that I was very lucky because I always had money, I used it like paper.

I enjoyed this till I met Miss T in 1990. She was very joyful and charming. I dated with her for a few months and I had sex with her and later she had a baby. In 1995 the economic crisis hit the country, we had money troubles so she went back to being single again and I got back into my old habits again.

One day, my close friend introduced me to his relative. She was a nice lady. Her name was Miss S. I never met a lady like her before because she was very kind and good. I found a good wife for myself, so I married her.

Mrs. S was very kind, she took care of me and my child too. But I still kept the same habits if I had the money. I sold the wristlet that I bought for her when we got married. I always took her valuable things to sale. She never blamed me. At that time my child often got sick but she still took care of my child. And she also gave a birth to a child for me but he died on his birth. I felt very sad and I did not know why he died. I started to drink and rove just like before again.

Then I got sick and I went to see a doctor. I did not have money, I only had sincerity from Mrs. S that she gave me all the time. I feel myself embarrassed. She never blamed me even though she was infected with AIDS because of me. She took care of me very well. She was like a Virgin Marry to me.

*Even in unlucky destiny, he still has the best wife. If the chief of family do not walk to the bad way, this family could have been a happy family.*

❑

# တော်လေးဝပုံသွင်

AIDS နှင့်ပတ်သက်သော စာစုများကို ရေးရတာ ခက်ပါသည်။ နားနှင့်မနာ ဖဝါးနှင့်နာရသော စကားရပ်များကို သုံးရတာ အားနာလှသည်။ မြန်မာ့ယဉ်ကျေးမှုအရလည်း တချို့ဝေါဟာရတွေသုံးရတာ ခက်သည်။ သူ့ရို့အနောက်တိုင်းမှ ရိုးအီနေသောအဖြစ်အပျက်တွေက ကျွန်တော်တို့ဆီမှာ ဆန်းသစ်နေတတ်သည်။ ဆန်းသစ်ရုံမျှမက ဝေးဝေးက ရှောင်ရသည်များလည်း ရှိနေသည်မို့ အနောက်တိုင်းကို အသာထားလို့ မိမိတို့အရှေ့တိုင်းမှာပင် ယဉ်ကျေးမှုကိစ္စ တချို့ကွာဟလာနေသည်။

ယခု ကျွန်တော်ရေးနေသည်များမှာ အိမ်နီးနားချင်း ယိုးဒယားနိုင်ငံမှ အဖြစ်အပျက်များဖြစ်သည်။ ရုတ်တရက်ကြည့်လျှင် မြန်မာနှင့်ယိုးဒယားမှာ အတော်နီးစပ်သောသဘောရှိသည်။ ကိုးကွယ်သည့်ဘာသာ၊ ရေမြေတောတောင်ကအစ ရုပ်ရည်အဆုံး တော်တော်တူသည်။ သို့သော် စောစောကပြောသော "ယဉ်ကျေးမှုသစ်" ကို ရယူသုံးစွဲရာ၌ အတော်ကွာခြားနေပါသည်။ ထို့ကြောင့် AIDS နှင့်ပတ်သက်၍ ပွင့်ပွင့်လင်းလင်းရေးရန် "Lessons of Life" စာအုပ်ငယ်ကို ဘာသာပြန်ဖြုရာ၌ ကိုယ့်လူမျိုးနှင့်နီးစပ်သောသဘောရှိသဖြင့် မြင်သာထင်သာပေသည်။ ပြီးတော့ "ယဉ်ကျေးမှုသစ်" ကို ဖော်ကျူးရာ၌လည်း အနောက်အမြင်ကင်းပြီး အရှေ့နားနှင့် ကြားနာလို့ သင့်တော်ပေမည်။ ဒါတောင် ဝေါဟာရအခက်အခဲများစွာ ကြုံသည်။ ယိုးဒယားလို မည်သို့ရေးသည်တော့မသိ၊ အင်္ဂလိပ်လို ဘာသာပြန်ရာ၌ အချို့ဝေါဟာရတွေက ကြမ်းလွန်းလှသည်။ ဥပမာ "FUCKING SHOW" တဲ့။ ဘယ်နှယ်လုပ်ပြီး ဘာသာပြန်ရမည်နည်း။ သိသာသိစေ မမြင်စေနဲ့ဟူသော စကားရှိသည်။

သည်တော့ ကျွန်တော့်မှာ ထိုပွဲကို "လူရုပ်ပြပွဲ" ဟူ၍လည်းကောင်း "အိမ်ထောင်ရေးသရုပ်ပြကွက်" ဟူ၍လည်းကောင်း စကားယဉ်ကို ရွေးပြီးသုံးရသည်။ သူ့စာအုပ်ထဲပါသော ဆေးပညာဝေါဟာရတွေကလည်း တစ်မှောင့်ဖြစ်သည်။ ဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်းများသာ သုံးသောဝေါဟာရများဖြစ်သဖြင့် သာမန်စာဖတ်သူနားလည်အောင် မနည်းရှင်းရမည်။ ထို့ကြောင့် အချို့ဝေါဟာရတစ်လုံးသည် ဝါကျတစ်ကြောင်း ဖြစ်သွားတတ်သည်။ ယောက်ျားချင်းလိင်တူဆက်ဆံသည့်ကိစ္စများကိုလည်း သရုပ်ဖော်ရစက်သဖြင့် "သူ့ရို့တော့ ပရောပရီ" ဖြစ်နေသည်ဟူ၍ လုံးချရတာတွေလည်း ရှိသည်။

ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ စေတနာထားပြီး ပြန်ဆိုပါသည်။ ညစ်ညမ်းသော အသုံးများကို ဂရုစိုက်ပါသည်။ မြန်မာ့နားနှင့် ဆတ်ဆတ်ကြားမြင်အောင်လည်း ပြောပြနေရပါသည်။ ဤစာစုတွေရေးရာမှာ ကျွန်တော် "စာမူ" ကို မယူခဲ့ပေ။ ရသမျှကိုလည်း လှူပါသည်။ ဤစာစုများ စုပေါင်းထုတ်ဝေဖြစ်လျှင်လည်း (လှူမည့်တန်းမည့် ထုတ်ဝေသူကိုလည်း ရှာနေပါသည်။) ဓမ္မဒါနလို သဘောမျိုးစိတ်တဒါန လုပ်ပါမည်။

အောက်ဖော်ပြပါ စာစုလေးမှာလည်း AIDS ရောဂါသည်တစ်ဦး၏ ဘဝကိုယ်တွေ့ကလေးဖြစ်ပြီး သူကိုယ်တိုင်က အက်ဆေးသဘောရေးပြထားပါသည်။ ထို့ကြောင့် ရိုးရိုးကလေးနှင့် ဇတ်ကောင်းမှတ်ကောင်းနေပါသည်။ တတ်နိုင်သမျှ လိမ်လိမ်မာမာ ဘာသာပြန်လိုက်ပါသည်။ တချို့နေရာမှာတော့ ကျွန်တော့်အာဘော်များကို ဖြည့်စွက်ထားပါသည်။

◆

ကျွန်တော်ဟာ နွေးထွေးအေးချမ်းတဲ့မိသားစုက ပေါက်ဖွားလာတာပါ။ ကျွန်တော့်မိဘများက ကျွန်တော့်ကို စနစ်တကျ ဂရုစိုက်ကြပါတယ်။ တစ်ခါတလေ အလိုလိုက်ပါတယ်။ ဒီတော့ အမိုက်ဇော်ကားဖြစ်တာပေါ့။

ကျွန်တော့်မှာ မကောင်းတဲ့ အမူအကျင့်လေးတွေရှိတယ်လို့ ဝန်ခံပါရစေ။ ကျွန်တော်သောက်တတ်စားတတ်တယ်။ လပ်းများတယ်။ မိန်းမလည်း ဝါသနာပါတယ်။ ကောင်မလေးတွေအများကြီး ကျွန်တော့်မှာရှိတယ်။ အဲဒီ

ကာလတွေတုန်းက ကျွန်တော်ဟာ ကမ္ဘာပေါ်မှာ ကံအကောင်းဆုံးလူတစ်ယောက်လို့ ထင်တာပေါ့ဗျာ။ ပိုက်ဆံလည်း ပေါမှပေါပဲ။ ကျွန်တော်လား။ ပိုက်ဆံကို စက္ကူတွေလို သဘောထားတာ။

အဲသလို ပျော်ပျော်နေသေခဲ့ဘဝနဲ့ နေလိုက်တာ ၁၉၉၀ ပြည့်နှစ်မှာတော့ ကျွန်တော်ဟာ 'တီ'ဆိုတဲ့ ကောင်မလေးတစ်ယောက်နဲ့ တွေ့တော့တာပဲ။ သူက ပျော်ပျော်ရွှင်ရွှင်နေတတ်တယ်။ ချစ်စရာကောင်းတယ်။ ကျွန်တော်နဲ့သူ ချိန်းတွေ့ကြတယ်။ ပရောပရီနေကြတယ်။ ဒီလိုနဲ့ ကလေးတစ်ယောက်တောင် ရခဲ့ပါရော။

၁၉၉၅ သိတယ်မှတ်လား။ တစ်ကမ္ဘာလုံး စီးပွားရေးကပ်ဆိုက်ခဲ့တာ။ ကျွန်တော်တို့နိုင်ငံလည်း ဘယ်လွတ်မလဲ။ နိုင်ငံပါ မလွတ်တော့ဘူးဆိုမှ ကျွန်တော်တို့ရော ဘာမို့ ခံနိုင်မှာလဲ။ မွဲပြာကျမဟုတ်တောင် ပိုက်ဆံကြပ်လာပါရော။ ဒါနဲ့ ကျွန်တော်နဲ့သူလည်း တောင်မင်းမြောက်မင်း မကယ်နိုင်ပေါ့။ သီးခြားစီ ပြန်နေလိုက်ရတော့မယ်။ ဒီမှာတင် လွတ်လပ်ရေးပြန်ရသလို ကျွန်တော်ဟာ မူလဘဝထဲ တဝဲဝဲတလည်လည် ပြန်ရောက်တော့တာပါပဲ။

တစ်နေ့မှာတော့ ကျွန်တော့်သူငယ်ချင်းတစ်ယောက်က မိတ်ဆက်ပေးလို့ "အက်စ်" ဆိုတဲ့ မိန်းမတစ်ယောက်နဲ့ ဆုံစည်းရပါတယ်။ သူကမိန်းမကောင်းတစ်ယောက်ပါ။ ရိုးတယ်၊ ယဉ်တယ်။ စိတ်ကောင်းရှိတယ်။ ဒီတော့ ကျွန်တော် "အက်စ်" အပေါ် သံယောဇဉ်တွယ်မိရာက နောက်ဆုံး လက်ထပ်ယူလိုက်တော့တာပါပဲ။ ဟုတ်ပါတယ် ကျွန်တော့်မှာ အိမ်ထောင်ရှင်မကောင်းတစ်ယောက်လိုပြီလေ။

သူက ကျွန်တော့်အပေါ် တော်တော်ကောင်းရှာတယ်။ ကျွန်တော့်အပေါ်မှ မဟုတ်ပါဘူး။ ကျွန်တော့်ကလေးအပေါ်မှာလည်း ကောင်းတာပါပဲ။ ဒါပေမဲ့ဗျာ ခွေးမြီးကောက် ကျည်ထောက်စွပ်ဆိုတာ ကြားဖူးတယ် မဟုတ်လား။ ကျွန်တော်ဟာ ပိုက်ဆံလေးနည်းနည်းမရှိလိုက်နဲ့ သွားပြီ။ ဟိုအကျင့်တွေ ပြန်ဝင်တော့တာပဲ။ ဘယ်လောက်အထိ ဆိုးလာသလဲဆိုရင် လက်ထပ်တုန်းက သူ့ကိုဝယ်ပေးခဲ့တဲ့ မင်္ဂလာလက်ဆောင်တွေလည်း ရောင်းပစ်တာပဲ။ သူဆီကပါလာတဲ့ အဖိုးတန်လက်ဝတ်ရတနာပစ္စည်းတွေကိုလည်း ရောင်းပစ်

တာပဲ။ သူကတော့ အပြစ်မယူရှာပါဘူးလေ။ ဒီအပြင် အဲဒီအတောအတွင်း ဖျားနာလာတဲ့ ကျွန်တော့်ကလေးကိုလည်း ဂရုစိုက်မပျက်ဘူး။ ဒီကြားထဲ ကျွန်တော့်အတွက် သားလေးတစ်ယောက်တောင် မွေးပေးပါသေးတယ်။ ဒါပေမဲ့ ကလေးက မီးတွင်းမှာပဲ ဆုံးသွားခဲ့ရှာတယ်။ ကျွန်တော့်မှာ အကြီးအကျယ် ဝမ်းနည်းရတာပေါ့။ ဒါပေမဲ့ ကလေးဟာ ဘာရောဂါနဲ့ သေသလဲ ကျွန်တော် မသိခဲ့ပါဘူး။ ဒိတ်ညစ်လို့ အရက်ကိုသောက်တယ် ပြန်ဖြစ်ပြန်ရော။

နောက်ပိုင်း ကျွန်တော်ပါ ဖျားဖျားလာတော့တာပဲ။ ဆရာဝန်ဆီ သွားပြဖို့ရာလည်း ပိုက်ဆံမရှိပေဘူး။ ကျွန်တော့်မှာ ချမ်းသာတာဆို "အက်စ်" ရဲ့ ရိုးသားမှုနဲ့ မေတ္တာတရားပါပဲ။ ကျွန်တော့ကိုယ် ကျွန်တော် ရက်မိပေမယ့် သူဟာ ကျွန်တော့်အပေါ် အဲဒီအခြေအနေထိ အပြစ်မမြင်ခဲ့ပါဘူး။ ကြည့်စမ်း။ သူကိုယ်တိုင်လည်း AIDS ရောဂါဖြစ်နေပြီ။ ကျွန်တော့်ကြောင့်ရယ်ပါ။ ကျွန်တော့်အတွက်တော့ သူဟာ မယ်တော်မေရီလိုပါပဲ။

+++

## BLAME NOBODY

I didn't even think that the one who I lived with could be HIV positive. Because of love, and we trusted to each other, we did not have a blood test before living together. We lived together for a short time then we wanted to have a baby. I had been pregnant for 2 months, so we registered for a marriage certificate. After that we had to have a consultation with a doctor about having the baby, but before we did I had a hemorrhage, and miscarried. After that I got better and I tried to have a baby again.

When I was 2 months pregnant, my husband and I went to have a consultation with a doctor at a hospital in Lampoon. The doctor checked our background and drew blood and let us go home. One week later, we went to listen to the result of the test. At the beginning, he asked me what would I do if I were HIV positive. I didn't think that I would be infected, so I said I was not afraid. Then the doctor asked my husband to come in and he said that he was HIV positive. The doctor did not want us to keep this baby because he was afraid that it might be HIV positive too. I was so shocked. I didn't know what to do.

We couldn't do anything then except talk about what to do next. I asked him how he became infected. He said that he might be infected in Chiangrai. **I didn't think to blame him because this story took so long to come out and could not be reversed. We had to take care of each other.** After 4-5 years more, my husband started to have unusual conditions generally sickness such as being tired, diarrhea, and losing weight. He was treated at the hospital and it was not so long before he died.

5 years after my husband died, I started to suffer from pneumonia and have problems with my blood stream. I had to stay in Lampang Hospital for 25 days until I got better.

**All I have stated might be an example for many people. You must have a blood test before marriage because you cannot judge just by the appearances of your lovers.** Otherwise, you will be sorry later.

*Babies who are born from a person who is HIV infected might be infected or not (about 25-30% are infected). During pregnancy. it is better to see a doctor very often because it might lower the risk of HIV infection to less than 10%.*

❑

# အပြစ်မမြင် ချစ်ကြင်ဖြူးသော်လည်း

HIV ပိုး စွဲကပ်နေတဲ့ ယောကျ်ားတစ်ယောက်နဲ့ ချစ်ခဲ့မိပြီလို့ ကျွန်မ ဘယ်တုန်းကမှ မတွေးခဲ့ပါဘူး။ ချစ်ခဲ့မိလို့လည်း အတူနေခဲ့ကြတာပေါ့။ ယုံကြည်ခဲ့တာပေါ့။ ယုံကြည်မိလို့လည်း အတူနေ ချစ်သူဘဝ မရောက်ခင်ကလည်း သွေးတွေ၊ ဆေးတွေ မစစ်ခဲ့ကြဘူးပေါ့။

ကျွန်မတို့ အတူနေခဲ့ကြတာ သိပ်မကြာပါဘူး။ ကလေးလိုချင်စိတ်ရှိလာတော့တာပါပဲ။ ရလည်း ရခဲ့ပါရဲ့။ ကျွန်မမှာ ကိုယ်ဝန်နှစ်လရှိခဲ့ပါတော့တယ်။ ဒီတော့လည်း တရားရုံးမှာ လက်ထပ်စာချုပ်ချုပ်လိုက်ကြတာပေါ့။ တရားဝင်လက်ထပ်စာချုပ် ချုပ်ပြီးပြီဆိုတော့ သားရေး၊ သမီးရေး (ကိုယ်ဝန်ကရှိနေပြီကိုး) အတွက် ဆရာဝန်နဲ့ပြဖို့ စီစဉ်ခဲ့ကြပါတယ်။ ဒါပေမဲ့ ဖြစ်ချင်တော့ ဆရာဝန်မပြခင်မှာဘဲ ကျွန်မသွေးတွေ ဆင်းလာပါတယ်။ ဒါပေါ့။ ကျွန်မကိုယ်ဝန်ပျက်ကျခဲ့ရပြီပေါ့။ ဆေးစား၊ ဆေးကုနဲ့ပဲ ကျွန်မပြန်ပြီး ကျန်းမာလာခဲ့ပြန်ပါရော။ ဒီတော့လည်း ကလေးထပ်လိုချင်ပြန်ရော။

နောက် ကိုယ်ဝန်နှစ်လရှိပြန်တော့ ကျွန်မတို့ လင်မယားဆရာဝန်နဲ့ ပြသတိုင်ပင်ခဲ့ကြပါတယ်။ "လန်ပန်း" ဆေးရုံမှာပါ။ ဆရာဝန်က ကျွန်မတို့ရဲ့ နောက်ကြောင်းရာဇဝင်တွေ ဘာတွေစစ်ပြီး သွေးဖောက်ပါတယ်။ အိမ်ပြန်လွှတ်လိုက်ပါတယ်။ တစ်ပတ်ကြာတော့ အဖြေသိရအောင် ဆရာဝန်ဆီပြန်သွားပါတယ်။ ပထမတော့ ဆရာဝန်က တကယ်လို့ ကျွန်မမှာ HIV ပိုး ရှိနေတယ်ဆိုရင် ဘယ့်နှယ်လုပ်မလဲလို့ မေးပါတယ်။ ကျွန်မမှာကလည်း ဒီကိစ္စလုံးဝ ပတ်သက်မှုမရှိတော့ ချက်ချင်း ဖြေလိုက်ပါတယ်။ "မကြောက်ပါဘူး" လို့။

ဒီလိုလည်း ပြောလိုက်ရော ဆရာဝန်က အခန်းထဲ ကျွန်မယောက်ျားကိုပါ လှမ်းခေါ်လိုက်ပါတယ်။ ပြီးတော့ ကျွန်မ ယောက်ျားမှာ HIV ပိုးရှိတယ်ဆို တာ ဖွင့်ပြောတော့တာပါပဲ။

ဆရာဝန်ရဲ့သဘောကတော့ ဒီကလေးကို မယူစေချင်ပါဘူး။ ကလေးမှာ လည်း HIV ပိုးစွဲကပ်နေမှာ စိုးရိမ်လို့ပါ။ ကျွန်မမှာလေ ... ထိတ်လန့် တကြားမို့ တုန်လှုပ်သွားလိုက်ရတာ။ ကိုင်း ... ကျွန်မ ဘာလုပ်မလဲ။

ကျွန်မတို့ လင်မယားဟာ "ရှေ့ဆက် ဘာလုပ်ကြမလဲ" ဆိုပြီး ဆွေး နွေးတိုင်ပင်ရုံကလွဲလို့ ဘာမှမလုပ်တတ် မကိုင်တတ်တော့ပါဘူး။

ကျွန်မက သူ့ကိုမေးပါတယ်။ ဒီရောဂါ ဘယ်က ရလာသလဲလို့။ သူက "ချိုင်ဂရေး" ကတဲ့။ အပျော်အပါးပေါတဲ့ မြို့ဆိုပါတော့။ ဒီအတွက် ကျွန်မ သူ့ကို အပြစ်မတင်နိုင်တော့ပါဘူး။ ဒီဇာတ်လမ်းက ပြောရရင် အရှည်ကြီးပါ။ ဇာတ်ကြောင်းပြန်လို့လည်း မထူးတော့ပါဘူး။ အရေးကြီးတာက ခုနှယ်ခါမှာ သူနဲ့ကျွန်မ တစ်ယောက်ကိုတစ်ယောက် ကြင်ကြင်နာနာနဲ့ ဂရုတစိုက် ရှိနေ ကြဖို့ပဲ မဟုတ်လား။

နောက် လေးငါးနှစ်ကြာတဲ့ အခါမှာတော့ ကျွန်မယောက်ျားဟာ မှု ပျက်လာပါတော့တယ်။ သူ ခဏခဏ ဖျားတယ်။ အပင်ပန်းမခံနိုင်တော့ဘူး။ ဝမ်းလျှောတယ်။ ကိုယ်အလေးချိန်တွေ ကျလာတယ်။ သူဟာ ဆေးရုံမှာ ပုံမှန်ပြရပါတယ်။ ဒါပေမဲ့ ခဏလေးပါပဲ။ သူ ဆေးရုံပြပြီး မကြာခင် ဆုံးပါး သွားပါတယ်ရှင်။

ယောက်ျားဆုံးပြီး ငါးနှစ်လောက်ကြာတော့ ကျွန်မဟာ "နုမိုးနီးယား" ဖြစ်ပါတယ်။ ကျွန်မရဲ့သွေးသားတွေဟာ မှုမမှန်တော့ပါဘူး။ ကျွန်မဟာ "လန်းပန်" ဆေးရုံမှာ နှစ်ဆယ့်ငါးရက်လောက် တက်လိုက်ရပါတယ်။ နေ ကောင်းသွားတဲ့အထိပေါ့လေ။

ပြောချင်တာကတော့ ကျွန်မရဲ့အဖြစ်အပျက်တွေကို တခြားမိန်းကလေး တွေ နမူနာယူကြဖို့ပါ။ လက်ထပ်တော့မယ်ဆိုရင် သွေးစစ်ကြစမ်းပါ။ ဘာ ကြောင့်လဲဆိုတော့ ကိုယ့်ချစ်သူရဲ့အတွင်းသဏ္ဌာန်ကို ပြင်ပပုံစံကို ကြည့်ရုံ နဲ့ ဆုံးဖြတ်လို့မရဘူး။ သိပ်ပြီး သိမ်မွေ့တယ်။ အသိခက်တဲ့ရောဂါ၊ ကျွန်မ

ပြောတာကို နားထောင်ကြပါရှင်။ နို့မို့လို့ကတော့ ဝမ်းနည်းစရာတွေနဲ့ ကြုံကြရမှာ အသေအချာပါပဲ။

(ချစ်သူကို ယုံစားပြီး အတူနေမိလို့ ဒုက္ခနှင့်ကြုံသွားရသည့် ယိုးဒယား မိန်းမငယ်တစ်ဦး၏ ကိုယ်တွေ့ဘဝဇာတ်ကြောင်းဖြစ်ပါသည်။ သူ ကိုယ်တိုင်ရေးသည့် စာစုလေးလည်း ဖြစ်ပါသည်။ ချစ်သူကို အပြစ်ယူလို့လည်း မဖြစ်နိုင်ပါ။ ခမျာမှာလည်း ငယ်ရွယ်သူမို့ အပျော်လိုက်မိတာကို ခွင့်လွှတ်နေမိပါသည်။ ခက်တာက သားရေးသမီးရေးကိစ္စဖြစ်သည်။ ဆေးပညာအလိုအရ *HIV* ပိုးရှိသူ မိဘတစ်ဦးဦးနဲ့ ပတ်သက်ပြီး မွေးလာသည့် ရင်သွေးမှာ *HIV* ပိုးစွဲကပ်ဖို့က နှစ်ဆယ့်ငါးရာနှုန်းက သုံးဆယ်ရာနှုန်းအထိ ရှိနေပါသည်။ ထို့ကြောင့် ကိုယ်ဝန်ရှိပြီဆိုတာနှင့် တတ်ကျွမ်းသည့် ဆရာဝန်နှင့်ပြသပြီး အကြံဉာဏ်ယူကာ ကုသမှုခံယူသင့်ပါသည်။ ဤသို့ဆိုလျှင် *HIV* ပိုး စွဲကပ်သော ကလေးငယ်များ၏ ရာနှုန်းကို လျှော့ချနိုင်ပါလိမ့်မည်။ ဆယ်ရာနှုန်းလောက် ကျသွားနိုင်သည်ဟု ဆိုပါသည်။

မည်သို့ပင်ရှိစေ၊ ကျွန်တော်တို့နိုင်ငံမှ အမျိုးသမီးများအဖို့တော့ ကံကောင်းသည်ဟု ဆိုရပါမည်။ သို့မဟုတ် ရိုးရာယဉ်ကျေးမှုက ကယ်ဆယ်သည် ဆိုရပါမည်။ အကြောင်းမှာ ကျွန်တော်တို့ဆီတွင် အတူနေချစ်သူဆိုသည့် အိမ်ထောင်ရေးမျိုး အလွန်ရှားသောကြောင့်ပင်။

ယိုးဒယားနိုင်ငံရှိ လန်းပန်ဆေးရုံသည် *HIV, AIDS* ရောဂါသည်များအား ဆေးဝါးကုသရင်း အကူအညီပေးနေပါသည်။ ထိုဆေးရုံမှ ပြင်ပလူနာများ၊ အတွင်းလူနာများအား *Japan International Co-operation* မှ တွေ့ဆုံပြီး ကာယကံရှင်များအား မိမိတို့ကိုယ်တွေ့ဝေဒနာဖြစ်ရပ်များကို ရေးသားစေပြီး *Lessons of Life* အမည်ရှိ စာအုပ်ငယ်တွင် ဖော်ပြပုံနှိပ်၍ ဖြန့်ချိပေးပါသည်။ ထိုအထဲမှ ဝေဒနာရှင် လုံမငယ်၏စာစုကို ဘာသာပြန်လိုက်ခြင်းဖြစ်ပါသည်။)

+++

# I HAVE AIDS

Judy is a European lady. She worked with me under contract with our organization for 1 month. She was the expert in my section and I worked with her everyday. I did not know much about her, but I fe!t impressed and liked her. She was very beautiful, a good talker and she made me happy when I was with her along with my child.

It was nearly time for Judy to leave for her country, I felt anxious. I did not feel this anxiety for one month while I had the chance to work with her. I asked myself do I love her or not, but I never thought I'd like to divorce my wife although she was sometimes boring.

The day before she left, Judy, a colleague and I went out for Judy's farewell party at a restaurant and when we finished the party Judy and I went to a pub. I told my wife that I might work at night, which was normal. In this pub we drank and had a lot of fun. We were happy and we ended up in Judy's room.

he next morning when I got up, she was not there, she might have left already. I saw her note on the mirror in toilet. Her note said "I HAVE AIDS". I was totally shocked and felt very sad and I asked myself "What can I do?"

*But Judy, "Did she have AIDS or was she just kidding?"*

*This man who got infatuated with an European lady, decided to consult with a doctor to protect himself against AIDS. The doctor said he should take medicine to control the AIDS virus for 1 month and take a blood test. Even though he had taken medicine, after he had sex with somebody who carries HIV, it can not provide 100% prevention.*

❑

# မြောက်ကျွန်းသူ

''ဂျူဒီ'' က ဥရောပတိုက်သူပါ။ သူက ကျွန်တော်နဲ့အတူ ကန်ထရိုက်လုပ်ငန်းမှာ တစ်လ အလုပ်အတူတူ လုပ်ဖက်ပေါ့။ သူက ကျွန်တော်လုပ်တဲ့ဌာနမှာ ကျွမ်းကျင်ပညာရှင်ပါ။ ကျွန်တော် သူနဲ့ နေ့စဉ်အလုပ်လုပ်ရပါတယ်။ သူ့အကြောင်း ကျွန်တော်ကောင်းကောင်း မသိပေမယ့် သူ့ကို စိတ်ဝင်စားတာကြိုက်မိတာတော့ ဝန်ခံပါတယ်ဗျာ။ သူဟာ အင်မတန်လှတဲ့ မိန်းမတစ်ယောက်ပါပဲ။ စကားပြောလည်း သိပ်ကောင်းတယ်။ ကျွန်တော့်သားလေးကိုလည်း အလွန်ချစ်ပါတယ်။ သူနဲ့အတူ ရှိနေချိန်မှာ ကျွန်တော် အလွန်ပျော်ပါတယ်ဗျာ။

''ဂျူဒီ'' တစ်ယောက် သူ့နိုင်ငံပြန်ဖို့ အချိန်နီးလာတော့ ကျွန်တော့်မှာ မအီမသာ ခံစားလာရပါတော့တယ်။ သူနဲ့အတူ နေခဲ့တုန်းက အဲသလို မဖြစ်ခဲ့ပါဘူး။ ကျွန်တော် သူ့ကိုချစ်မိနေပြီလား။ ချစ်တာ မဟုတ်ဘူးလား။ ဘာပဲဖြစ်ဖြစ် အိမ်ကမိန်းမကို ကွာရှင်းပစ်ဖို့တော့ ကျွန်တော် ဘယ်တုန်းကမှ မစဉ်းစားခဲ့ပါဘူး။ ငြိုးတော့ ငြိုးငွေ့တာပေါ့လေ။

ဒီလိုနဲ့ မနက်ဖြန်လို သူနေရပ်ပြန်မယ်ဆိုရင် ဒီနေ့ညလိုမှာ ဂျူဒီရယ် ကျွန်တော်ရယ် လုပ်ဖော်ကိုင်ဖက်တစ်ယောက်ရယ် ဂုဏ်ပြုပွဲလေးတစ်ခု လုပ်ကြပါတယ်။ ပြီးတော့ ကျွန်တော်နဲ့ဂျူဒီ အရက်သောက်ကြပါတယ်။ ရယ်စရာမောစရာတွေ ပြောမကုန်ပါပဲ။ အိမ်ကိုလည်း ထုံးစံအတိုင်း ဒီည အိုဗာတိုင်လို့ ညာပြောခဲ့ရတာပေါ့ဗျာ။ ဒီလိုနဲ့ အချိန်တန်တော့လည်း ကျွန်တော်ဟာ ဂျူဒီ့အခန်းထဲ ပါသွားပါတော့တယ်။

မနက်မိုးလင်းတော့ အိပ်ရာပေါ်မှာ ဂျူဒီ မရှိတော့ပါဘူး။ ကျွန်တော် အခန်းအနှံ့လိုက်ရှာနေမိပါတယ်။ ဒါပေမဲ့ သူ လေဆိပ်ဆင်းသွားပြီထင်ပါရဲ့လေ။

သူနဲ့ပတ်သက်လို့ ကျွန်တော့်ဆီမှာ ကျန်ခဲ့တာဆိုလို့ ရေအိမ်ထဲက ကြည့်မှန်ပေါ်မှာ ရေးထားတဲ့ စာတစ်ကြောင်းပဲ ကျန်ရစ်ခဲ့ပါတယ်ဗျာ။

"ငါ့မှာ အေအိုင်ဒီအက်စ်ရှိနေပြီ"

"ဘာလုပ်ရမလဲ" လို့ ကိုယ့်ကိုယ်ကိုယ် မေးမိတယ်။

ဒါပေမဲ့ ဘဝနောက်တိုင်းသူတွေရဲ့ ရိုးသားပွင့်လင်းမှုလား။ ဒါမှမဟုတ် သူ့ ကျိစယ်နဲ့ ဘာလား။ ကျွန်တော်ကတော့ ဝမ်းနည်းစိတ်နဲ့ စိုးတထိတ်ထိတ် ပါပဲဗျာ။

+++

## I CANANOT ESCAPE

My name is Ben. I am the only child of my parents. They took good care of me, but they died because of AIDS when I was 14 years old. I finished elementary in school. I started to live with my grandmother. I worked at a wood factory and I could get 80 baht per day. 4 months later I met a man, but I did not like him because he was an unreliable person. He always tried to be friendly with me but I tried to be cautious myself.

One day, there came a ruthless time for me. I went to the market, this man hit my stomach and raped me. After that I got very sick. I went to see a doctor and told him about this. The doctor checked my blood and told me that I was infected with AIDS. I was very sad. I did not want to sue the man because I was afraid of him. I went back to my job.

5 months after I met a guy, his name is Jeab. I loved him very much. I did not tell him about AIDS, I was afraid that he might become afraid of me and shun me later, I told him that I could not marry him, and I decided to tell him that I had AIDS. He was shocked and I did not see him anymore. I felt hurt and felt no one is sincere to me.

Then Mr. Jeab came back to me and told me that he still loved me. He told me that he was infected with AIDS from a woman. And he didn't know where should he go. So, he wanted to stay with me and asked me to forgive him. I decided to marry him. I did not know whether it's right or wrong. But now,we are very happy and we enjoy going to the patient club too because we have a lot of friends there.

# ဘယ်ဝယ်ဘယ်ဆီ

ကျွန်မနာမည်က "ဘင်" ပါ။ ကျွန်မဟာ တစ်ဦးတည်းသော သမီးပါ။ အဖေနဲ့အမေဟာ ကျွန်မကို သိပ်ဂရုစိုက်ကြပါတယ်။ သိပ်ချစ်ကြပါတယ်။ ဒါပေမဲ့ ကျွန်မ အသက် ၁၄ နှစ်မှာ အဖေရော အမေရော ကျွန်မကို စွန့်ခွာသွားကြပါတယ်။ ဟုတ်ပါတယ်။ အဖေရော အမေပါ AIDS ရောဂါနဲ့ ကွယ်လွန်ခဲ့ကြတာ ရှေ့ဆင့်နောက်ဆင့်ပါ။

ကျွန်မဟာ အခြေခံပညာကို ပြီးစီးအောင် သင်ခဲ့ပါတယ်။ ပြီးတော့ ကျွန်မအဘွားနဲ့ဆက်နေရင်း လုပ်ငန်းခွင်ထဲ ဝင်ခဲ့ပါတယ်။ သစ်ထုတ်လုပ်ရေးလုပ်ငန်းမှာ တစ်နေ့ ဘတ် ၈၀ နဲ့ နေ့စားပါ။ သစ်လုပ်ငန်းမှာ လေးလလောက်လုပ်ပြီးတော့ လူတစ်ယောက်နဲ့ ကျွန်မဆုံစည်းခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်မ သူ့ကိုမကြိုက်ပါဘူး။ တွေ့တွေ့ချင်းမှာပဲ ဒီလူဟာ ယုံကြည်အားကိုးရမယ့်သူမဟုတ်မှန်း ကျွန်မ သိတာပေါ့။ ဒါပေမဲ့ သူဟာ ကျွန်မကို အမြဲတမ်းပဲနှိုးစပ်ဖို့ ကြိုးစားခဲ့ပါတယ်။ ကျွန်မကတော့ ကိုယ့်ကိုယ်ကိုယ် စောင့်ထိန်းနိုင်ခဲ့ပါတယ်။

တစ်နေ့မှာတော့ ကျွန်မဘဝ ကံဆိုးမိုးမှောင်ကျဖို့ ဖန်လာပါတယ်။ ကျွန်မ ဈေးသွားရင် လူသူပြတ်တဲ့ နေရာရောက်တော့ ကျွန်မရင်ညွှန့်ကို အထိုးအကြိတ်ခံလိုက်ရပါတယ်။ ကျွန်မ အဓမ္မသားမယားပြုကျင့်ခံလိုက်ရပါတော့တယ်။ ဟုတ်ပါတယ်။ ကျွန်မ လုံးဝအထင်မကြီးခဲ့တဲ့ အဲဒီလူပါပဲ။

မကြာပါဘူး။ ကျွန်မ ခဏခဏ ဖျားပါတော့တယ်။ ဆရာဝန်ကို အကျိုးအကြောင်းပြောပြတော့ ဆရာဝန်က ကျွန်မကို သေသေချာချာ စမ်းသပ်စစ်ဆေးပါတယ်။ သွေးတွေဘာတွေလည်း စစ်တာပေါ့။ အဲဒီမှာ ကျွန်မရဲ့ အဖြေမှာက AIDS ရောဂါကူးကပ်ခံနေရပါပြီတဲ့ရှင်။ ကျွန်မ အကြီးအကျယ်

တုန်လှုပ်ချောက်ချားရပါတော့တယ်။ ဝမ်းနည်းပက်လက်လည်း ဖြစ်ရပါတယ်။ ကျွန်မမှာ ဘာအပြစ်ရှိလို့လဲရှင်။ ဒါပေမဲ့ ကျွန်မဟာ အဲဒီလူကို ရဲစခန်းမှာ တိုင်တောတာတွေ၊ တရားစွဲတာတွေ မလုပ်ခဲ့ပါဘူး။ ကျွန်မသူ့ကို ကြောက်တယ်လေ။ ကျွန်မဟာ လုပ်ငန်းခွင်ထဲ ပြန်ဝင်ပြီး စိတ်ကို ဖြေနေရပါတော့တယ်။

ငါးလလောက်ကြာတော့ ကျွန်မရဲ့ဖူးစာရှင်ကို တွေ့ပါတယ်။ သူ့နာမည်က "ဂျစ်" တဲ့။ သူ့ကို ကျွန်မ ချစ်ခဲ့မိပါပြီ။ သိပ်ကို ချစ်ခဲ့မိပါပြီ။ ဒါပေမဲ့ ကျွန်မဟာ ကျွန်မဘဝဆိုးကြီးကို ဖွင့်မပြောခဲ့ပါဘူး။ ကျွန်မမှာ AIDS ရောဂါဆိုးကြီး စွဲကပ်နေတာ သူသိသွားရင် သူဟာလည်း ကျွန်မကို ရှောင်ခွာသွားတော့မှာ မဟုတ်လား။ ဒါကြောင့် ကျွန်မ သူ့ချစ်ခွင့်ပန်မှုကို လက်ခံလိုက်ပါတယ်။ ဒါပေမဲ့ လက်ထပ်ဖို့ကိုတော့ ငြင်းဆန်လိုက်ပါတယ်။ တစ်ဆက်တည်းမှာပဲ ကျွန်မဟာ AIDS ဝေဒနာရှင်ဆိုတာကို ရိုးရိုးသားသားပဲ ဖွင့်ပြောဖို့ ဆုံးဖြတ်ရပါတော့တယ်။ ဒါပေမဲ့ ထင်ထားတဲ့အတိုင်းပါပဲ။ သူဟာ ကျွန်မစကား ကြားကြားချင်း တုန်လှုပ်ချောက်ချားသွားပြီး နောက်ပိုင်းမှာတော့ သူ့ကိုကျွန်မ လုံးဝမတွေ့ရတော့ပါဘူး။ ကျွန်မ ဘယ်လောက် ဝမ်းနည်းရမလဲ။ လောကကြီးမှာ ကျွန်မ ရိုးသားသလို ရိုးသားမယ့်လူ မရှိတော့ပါဘူး။

ဒါပေမဲ့ တစ်နေ့မှာ "ဂျစ်" ကျွန်မဆီ ပြန်လာပါတယ်။ သူဟာ ကျွန်မကို ခုထိချစ်နေတုန်းပဲလို့ ပြောပါတယ်။ သူက ...

"ငါလည်း AIDS ရောဂါစွဲကပ်နေပါပြီကွယ်။ မင်းနဲ့ ကွဲကွာနေတုန်း တခြားမိန်းမတွေဆီက ဒီရောဂါရခဲ့တာပါ" တဲ့။

အဲဒီအချိန်မှာ သူဟာ ဘယ်ဆီသွားရမယ်၊ ဘယ်သူနဲ့နေရမယ်ဆိုတာ မသိတော့ပါဘူးတဲ့။ သူက ကျွန်မနဲ့အတူနေချင်ပါပြီတဲ့လေ။ သူ့ကိုခွင့်လွှတ်ဖို့ ပြောတယ်။ ကျွန်မလေ ... သူ့ကို လက်ထပ်ဖို့ဆုံးဖြတ်လိုက်ရပါပြီ။ ဒါဟာ မှန်သလား၊ မှားသလား ကျွန်မ မသိပါဘူး။

ဘာပဲဖြစ်ဖြစ် ခုတော့ ကျွန်မတို့ရဲ့ဘဝကို ပျော်ပျော်ကြီး တည်ဆောက်နေခဲ့ကြပါပြီ။ ကျွန်မတို့နှစ်ယောက်ဟာ ကိုယ့်လိုဘဝတူတွေရှိနေတဲ့ AIDS ကလပ်ကိုလည်း မှန်မှန်သွားပြီး ကူညီနေတတ်ပါပြီ။

+++

## FIGHT FOR LIVING

I am from Lampoon, I have 2 children: one is 13 and the other is 8. My first job was at a hotel in Lampang in 1985. I worked there for 1 year then I met a pantry girl in the same hotel. We were lovers for 6-7 months then I proposed to her. We were very happy. My wife became pregnant and I got a promotion from waiter to captain. I worked very hard. Sometimes I worked overtime in order to get money for my family. I had saved money for almost 2 years so I could buy a small house. I was very proud of myself. My family stayed in a new house. My wife became pregnant for the second time. Money started to be short because my wife quit her job to raise our children. My wife and I started to fight. So I had to find an extra job, but it still did not bring in much money.

I worked at the hotel not much longer then I quit and changed to work in Lampoon. I worked in the daytime, but at night I learnt to be a barber. I was good at cutting hair so my teacher asked me to work in a barbershop in Chiangmai. When I became more professional, I moved to work as a barber in Lampoon. I earned a lot of money so I could send it to my wife and my children, in addition I sent money to my parents, too. I had saved money for a while then I opened a barbershop named Nu Barber. Many customers came to have a hair cut, so I could save money for my children.

In March 1999, AIA insurance officer came to offer insurance, so I agreed. I went to the hospital to check my physical condition and blood. I thought I was o.k. because I seemed healthy. When the doctor asked me to listen to the result, he said I was HIV positive. I was totally shocked. I did not know what to do. I thought of killing myself, but when I thought of my family, I did not dare to tell them. The first person I told about this was my father. **He said life must go on, and I admitted he was right.** I started to fight again.

I would like government agencies or any organizations to help infected people, especially the media, to let people know how severe AIDS is.

*Unfortunately, his future is gone. Everything stops just because of this cruel disease.*

❑

# ဆံပင်ကိုက်ဆရာ

ကျွန်တော်က ယိုးဒယားမြောက်ပိုင်း "လန်းပွန်" ကပါ။ သားသမီး နှစ်ယောက်ရှိပါတယ်။ တစ်ယောက်က ၁၃ နှစ်၊ နောက်တစ်ယောက်က ၈ နှစ်၊ ပထမပိုင်းတော့ ကျွန်တော်ဟာ "လန်းပန်"မှာ အလုပ်လုပ်ခဲ့ပါတယ်။ ဟိုတယ်မောင်ပေါ့။ ၁၉၈၅ ခုနှစ်။ တစ်နှစ်လောက်နေတော့ မိန်းမငယ်တစ်ယောက်နဲ့ဆုံပါတယ်။ သူက စားဖိုမှာ လုပ်တယ်။ သူနဲ့ကျွန်တော်ချစ်သူဘဝအဖြစ် ခြောက်လ ခုနစ်လလောက် အတူနေကြပြီးတော့ ကျွန်တော် သူကိုလက်ထပ်ခွင့်တောင်းပါတယ်။ ပျော်လိုက်ကြတာ မပြောပါနဲ့တော့။

ကံကောင်းချင်ပြီဆိုတော့ ကျွန်တော့မိန်းမ ပထမကိုယ်ဝန်လည်းရရော ကျွန်တော်လည်း ရာထူးတိုးတာပါပဲ။ ကျွန်တော်ကလည်း အလုပ်ကို တအားကြိုးစားတာ။ တစ်ခါတလေမှာ ကျွန်တော်ဟာ အချိန်ပိုတွေလုပ်ပါတယ်။ မိသားစုအတွက် ငွေပိုငွေလျှံရအောင်ပေါ့။ ၂ နှစ်လောက်နေတော့ ငွေတော်တော်စုမိပါပြီ။ အိမ်ကလေးတစ်လုံးလည်း ဝယ်နိုင်ခဲ့ပါပြီ။ ဒီတော့လည်း ကျွန်တော့ဘဝအတွက် ကျွန်တော် ဂုဏ်ယူတာပေါ့။ ဘဝင်ကလေးလည်း မြင့်သွားတာပေါ့။

ကျွန်တော်တို့ လင်မယားအိမ်သစ်ကလေးမှာ ပြောင်းနေကြတဲ့အချိန်မှာတော့ ကျွန်တော့်မိန်းမဟာ နောက်ထပ်ကိုယ်ဝန်ရှိလာပြန်ပါတယ်။ သူက ကလေးတွေကို ကြည့်ရှုစောင့်ရှောက်ဖို့ဆိုပြီး အလုပ်ကထွက်လိုက်ပါတယ်။ ဒီမှာတင် ဝင်ငွေက သိသိသာသာ လျော့သွားတော့တာပါပဲ။ ဒီအချိန်ကစပြီး ကျွန်တော်တို့ လင်မယားဟာ တကျက်ကျက်ဖြစ်ခဲ့ရတော့တာပါပဲ။ ကျွန်တော်လည်း တခြားအလုပ်တစ်ခုပါ ပိုပြီး လုပ်ယူရတော့တယ်။ ဒါပေမဲ့ ကလေး

နှစ်ယောက်နဲ့ မိသားစုအတွက် မလုံလောက်ခဲ့ပါဘူး။ မလှူးသာ မလွန့်သာပေါ့ဗျာ။ ဟိုတယ်မှာ လုပ်ရတာကလည်း အရမ်းပင်ပန်းပါတယ်။ ဒါကြောင့် နောက်ဆုံးအလုပ်က ထွက်လိုက်တော့တာပါပဲ။ ''လန်းပန်'' ပြန်ပြောင်းပြီး အလုပ်ရှာရပါတယ်။ နေ့ပိုင်းရရာအလုပ်လုပ်ရင်း ညပိုင်းမှာ ဆံပင်ညှပ်ပညာသင်ပါတယ်။ ဆံပင်ကိုက်တယ်ပဲ ဆိုပါစို့ဗျာ။ ကျွန်တော်က ဉာဏ်ကောင်းတယ်ဗျ။ ခဏလေးနဲ့ ဆံပင်ညှပ်ကောင်းကောင်းတတ်သွားတယ်။ ''ဆံပင်ကိုက်'' တာ တော်မှန်းသိတော့ ဆရာသမားတွေက ကျွန်တော့်ကို အကြံဉာဏ်ပေးကြတယ်။ ''ချင်းမိုင်'' မှာ ဆံပင်ညှပ်စားပါလားတဲ့။

ဒီလိုနဲ့ ''ချင်းမိုင်'' က ဆံပင်ညှပ်ဆိုင်မှာ နာမည်လည်း တော်တော်ရရော၊ ကျွန်တော် ''လန်းပန်'' ကိုပြန်ပြီး ဆံပင်ညှပ်ဆိုင်လေး ကိုယ်တိုင်ဖွင့်တော့တာပါပဲ။ ဆံပင်ညှပ်ဆိုင်က တအားဝင်ငွေကောင်းတာမို့ မိန်းမနဲ့ကလေးတွေဆီ ငွေတွေမှန်မှန်ပို့နိုင်ခဲ့ပါတယ်။ ပိုရင်ပိုသလို မိဘကိုလည်း ထောက်ပံ့နိုင်ခဲ့ပါရဲ့လေ။ ငွေတွေတော်တော်စုဆောင်းမိတဲ့အခါ ဆံပင်ညှပ်ဆိုင်ကို အကြီးစားချဲ့ခဲ့ပါတယ်။ 'နု' ဆံသလို့ နာမည်ပေးခဲ့ပါရဲ့။ ဆိုင်က နာမည်ကြီးလာသလို ဆံပင်ညှပ်သူ ဆံပင်ကိုက်သူတွေလည်း များလာပါတယ်။ ဘာပဲဖြစ်ဖြစ် အိမ်အတွက်တော့ ငွေပို့ငွေလွှဲတွေ လာရတာ အမှန်ပါပဲ။

၁၉၉၉ ခုနှစ် မတ်လမှာတော့ AIA အာမခံကုမ္ပဏီက ကျွန်တော့်ကို ဆက်သွယ်ပြီး အာမခံထားဖို့ လာပြောပါတယ်။ ကျွန်တော်ကလည်း သဘောတူလိုက်တာပေါ့လေ။ ဒါနဲ့ ကျွန်တော် ကျန်းမာရေးဆေးစစ်ပါတော့တယ်။ ဆေးရုံသွားပြီး ခန္ဓာကိုယ်ရော၊ သွေးရော စစ်ပါတယ်။ ကျွန်တော်က စိတ်ချတယ်လေ။ ကိုယ့်ကိုယ်ကိုယ် OK ပေါ့။ ဘာမှ ရောဂါကြီးကြီးမားမား မရှိဘဲကိုး။ လူကလည်း ကျန်းမာလိုက်တာ ဒေါင်ဒေါင်မြည် မဟုတ်လား။

ဒါပေမဲ့ ... ဆရာဝန်က ကျွန်တော့်ရဲ့ ဆေးစစ်ချက်အဖြေလွှာကို ဖတ်ပြတော့မှ ကျွန်တော် ဆေးကျပါသတဲ့။ HIV ပိုး ကပ်နေပါပြီတဲ့။ ကျွန်တော် အကြီးအကျယ် တုန်လှုပ်ချောက်ချားရတော့တာပါပဲဗျာ။ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိတော့ဘူး။ ဒီပိုးကရော ဘယ့်နှယ့်လုပ်ပြီး ကျွန်တော့်ဆီ ရောက်လာပါသလဲ။

ကိုယ့်ကိုယ်ကိုယ် သတ်သေဖို့အထိ ကျွန်တော် စဉ်းစားပါသေးတယ်။ ဒါပေမဲ့ မိသားစုရဲ့မျက်နှာလေးတွေ မြင်ယောင်လာတော့လည်း အဲဒီလို မလုပ်ရဲခဲ့ပါဘူး။ ကျွန်တော်ရဲ့ ဘဝဖြစ်ပျက်ပုံကို ပထမဦးဆုံး ဖွင့်ပြောပြလိုက်သူကတော့ အဖေပါပဲ။ အဖေကတော့ ပြောပါတယ်။ ''သား ဘဝကို ရှေ့ဆက်တိုက်ပွဲဝင်ပါ'' တဲ့။ ကျွန်တော်ကလည်း အဖေ့စကားကို လက်ခံပါတယ်။ အဖေမှန်တာကိုး။ ကျွန်တော့်ဘဝကို ဆက်ပြီးတိုက်ပွဲဝင်ရမယ်။ ဆံပင်ဆက်ညှပ်ရမယ်။ ဆံပင် ဆက်ကိုက်ရမယ်။

ကျွန်တော် ပြောချင်တာကတော့ ... ''အစိုးရမင်းများ'' ခင်ဗျား ''အစိုးရမဟုတ်သော အဖွဲ့အစည်းများ'' ခင်ဗျား ... ''မီဒီယာ သမားများ'' ခင်ဗျား ... ပြည်သူလူထုကို AIDS ရောဂါ ဘယ်လိုကာကွယ်ရမယ်။ ဝေဒနာသည်တွေကို ဘယ်လိုစောင့်ရှောက်ရမယ်ဆိုတာ ...

အေ့ဒ်စ်ရောဂါဟာ ဘယ်လောက်ပြင်းထန်ဆိုးဝါးတယ်ဆိုတာ အသိပေးကြပါ။ ကြေညာပေးကြပါ။ နှိုးဆော်ပေးကြပါ ... ခင်ဗျား ...။

*(ဘာပဲဖြစ်ဖြစ် ထိုဆံပင်ညှပ်ဆရာလေး၏ ရှေ့ရေးကတော့ ရင်လေးဖွယ် ဖြစ်သွားပါပြီ။ သူ့အနာဂတ်ပျက်စီးသွားပါပြီ။ ဒါမှမဟုတ် သူ့အဖို့ အရာရာဟာ ရပ်တန့်သွားပါပြီ။ ဘာမဟုတ်တာလေးနှင့် ရောဂါဆိုးကြီးရသွားရှာတယ်။*

*ကောင်းပါပြီ။ ဒီရောဂါ ဘယ့်နှယ့်က ဘယ်လို သူ့ထံရောက်လာပါသနည်း။ သူ ကိုယ်တိုင်ကတော့ ပြောမပြခဲ့ပေ။ ပြောပြရအောင်လည်း သူ့မှာ အမှားအယွင်းမရှိခဲ့။ သို့သော် ဆံပင်ညှပ်သည့်ကိစ္စ။ ဆိုကြပါစို့ ဆံပင်ကိုက်သည့်ကိစ္စ။ ဒါစဉ်းစားစရာဖြစ်သည်။*

*အများသူငါ အသိပင်ဖြစ်ပါသည်။ ဆံပင်ညှပ်ကြ၊ ကိုက်ကြသောအခါ မတော်တဆပဲဖြစ်ဖြစ် ထိမိရှမိတတ်ပါသည်။ ဆံပင် အကိုက်ခံသူဖြစ်ဖြစ်၊ ဆံပင်ကိုက်သူ ဖြစ်ဖြစ်၊ ဒဏ်ရာကလေးများ ရတတ်ပါသည်။ HIV ပိုးသည် သွေးမှတစ်ဆင့် ကူးစက်ပါသည်။ သွေးထွက်ဖို့ရာ ဒဏ်ရာရှိရပါမည်။ ဒါလည်း သွေးသားဆက်ဆံမှုမှလွဲလျှင် အကူးလွယ်ဆုံး ရောဂါအပျံ့လွယ်ဆုံး နည်းလမ်းဖြစ်ပါသည်။ ဒါကြောင့် နောက်ပိုင်းတွင် ဆံပင်ညှပ်ဆိုင်များ၌ ဘလိပ်ဓားကို တစ်ခါသုံးသာ ထားပါသည်။ အရင်ကလို သင်တုန်းဓား မသုံးတော့ပေ။*

သို့သော် ဆံပင်ကိုင်သော ပစ္စည်းကတ်ကြေး၊ ဘီး စသည်တို့မှာကား ဘုံပိုင်စနစ်ဖြင့် အများသူငါ ရောနှောသုံးနေကြဆဲ ဖြစ်ပါသည်။ အလွန်သတိထားအပ်သော ကိုရိယာများပါပေ။

ဆံပင်ညှပ်သမား သို့မဟုတ် ဆံပင်ကိုက်သမားလေး၏ဘဝသည် သနားစရာကောင်းပါသည်။ သူ့ဘဝ ရှေ့ဆက်တိုက်ပွဲ သို့မဟုတ် 'ကိုက်' ပွဲ ဝင်နေရပါဦးမည်။

Japan International Co-operation Agency မှ ထုတ်ဝေသော Lessons of Life စာအုပ်ငယ်မှ ဝေမျှသည် မှတ်တမ်း။

+++

## DON'T HIT ME WHEN I'M DOWN

I was born in Nong Mangda Village, Lampang province. Few people know this village beacuse it is very small. My fan;'ly has a small business. I have two brothers, the same mother but different fathers. I am the third, and the only girl. My parents have ceased living together since I was little.

I am a fun-loving, cheerful and sincere woman, but I do not like talking to strangers. I am sometimes self-centered. When I was young, I did not like studying even though my mother pushed me. When I was eighteen, I applied to study hairdressing. After I finished studying, I went to work at Bangsanne, Chonburi, with my friend. I worked there for three years, then my mother asked me to come back to Lampang, and I did.

I rented a place to make a salon at Kor Kha district. I tried to save money for my own salon in town. At that time I met a man whom I had known before I went to Bangsanne. He was a regular customer. He is not like other customers. He is polite, not smoking but he does drink. We had been lovers for more than one year, then we got engaged in September, got married in December. We moved to Kor Kha district and worked there. We were there until we saved enough money to open a new salon, so we moved into town. We helped each other, and I was so happy.

March 10,1994, I thought I was pregnant, so I went to a clinic to have prenatal care. A week after that, the doctor told me that there

was something wrong in my blood and asked me to check again. And then he said that I was HIV positive. At that moment I was terribly shocked. I had no idea when I got this disease. Before getting married. I asked my husband to have a blood test and it was normal. I was not sure about where I got HIV disease from, so I went for another check in Chiangmai, but the result was still the same. You know, my dream was to have a warm and stable family, it was tumbling down. I was not sure whether my baby was infected with HIV disease or not. I was extremely sad. I asked my husband for a divorce, but he did not agree. I blamed him for making me like this. However, I felt pity on him, too. **Every time I hate him, it does not make things better, but it gets worse.** He was my first man and only man in my life. So, we started to understand each other and felt better. I asked the doctor about my baby and **he explained the effects happening to my baby. He did not pursue me to have an abortion.** However, I though that I was infected and going to die soon. And when my baby was born, it would be a big responsibility for my family, so I decided to have an abortion.

April 12,1994, I went to Chiangmai to have an abortion. I cannot remember the name of the clinic. I just remember that I was so afraid, but there was no other choice. After having an abortion, I had treatment at a hospital in Chaingmai. I did not get it at Lampang Hospital because my sister-in-law worked there. While I was being hospitalized, I always watched T.V and read newspapers to find out the latest news about medicine to cure AIDS patients. I was treated in both traditional and modern ways. At least I felt that I had a little hope to live in this world.I had been treated at Chiangmai for two years; my husband started having headaches. At that time I felt desperate. I **tried to find some medicine, which many people said was a cure, but nothing happened.** I started having problems about money. My customers decreased. My income was not as good as before. And my husband had serious headaches. I could not stand this situation

anymore, so I told my mother and my cousins. They were sorry for me that I was infected. Finally, I sold my salon and moved to my birth-place.

I felt better when I got home. Everyone soothed me and cheered me up. My husband's headaches got better, too. He told me he felt guilty all the time. He caused me to be infected with HIV disease. He told me that he used to sleep with other women after we were engaged because he asked me to sleep with him, but I refused. He was disappointed very much, so he went out drinking with his friends and after that he had an affair with a woman. However, before marrying, he had a blood test, but the result was normal. **Testing just ne time didn't find the HIV disease?**

June 11, 1997, my husband died. I felt so awful. I did not dare to go out of my house. **Most people call for HIV infected patients to reveal themselves to get some help, but some people still blame us as we are had people.** Not every one of us is bad. I did not want to be like this. Sometimes I hated myself because there was nothing I could do. I cannot do anything for other people.

July 30,1997, I came to get treatment at the hospital again. At first I was afraid, but when I got there, I found many kind nurses, doctors and friends. So I felt better and I have more hope to fight with this disease.

❑

# နှာရာဝဲစွဲ

ကျွန်မကို 'လန်းပန်' စီရင်စုက ရွာကလေးတစ်ရွာမှာ မွေးဖွားခဲ့တာပါ။ ကျွန်မတို့ရွာဟာ သေးလွန်းလို့ ယိုးဒယားမှာ လူသိ အင်မတန်နည်းပါတယ်။ ကျွန်မတို့မိသားစုဟာ လက်လုပ်လက်စားပါ။ ကျွန်မမှာ အစ်ကိုနှစ်ယောက်ရှိပြီး မအေတူ ဖအေကွဲတွေပါ။ ကျွန်မ အဖေနဲ့အမေဟာ ကျွန်မငယ်ငယ်ကလေးကတည်း အတူမနေကြတော့ပါဘူး။ ဘာကြောင့်မှန်းလည်း မသိပါဘူး။

ကျွန်မဟာ ပျော်ပျော်ရွှင်ရွှင် နေတတ်တဲ့ ချစ်စရာ ကောင်မလေးပါရှင်။ ရိုးသားပွင့်လင်းမှုလည်းရှိပါတယ်။ ဒါပေမဲ့ ကျွန်မ တစ်ကိုယ်တည်းနေတာများပါတယ်။ ပတ်ဝန်းကျင်နဲ့ သိပ်အဆက်အဆံမလုပ်တတ်ပါဘူး။

ကျွန်မ အမေက ကျွန်မကို ပညာတတ်တစ်ယောက် ဖြစ်စေချင်ခဲ့ပေမယ့် ကျွန်မက ကျောင်းမနေချင်ခဲ့ပါဘူး။ အသက်ဆယ့်ရှစ်နှစ်ရောက်မှ ကျွန်မဟာ ဆံပင်အလှပြင်သင်တန်းတက်ခဲ့ပါတယ်။ သင်တန်းပြီးတော့ ကျွန်မဟာ ကျွန်မသူငယ်ချင်းတစ်ယောက်နဲ့တွဲပြီး 'ချန်ဘူရီ' မှာ အလှပြင်ဆိုင်ဖွင့်ခဲ့ပါတယ်။ သုံးနှစ်ကြာတော့ ကျွန်မ အမေပြန်ခေါ်တာနဲ့ လန်းပန်ကို ပြန်ခဲ့ရပါရော။

လန်းပန်မြို့စွန်မှာ အခန်းငှားပြီး ကိုယ်ပိုင်အလှပြင်ခန်းဖွင့်ခဲ့ရာမှာ သူနဲ့ စတင်ဆုံစည်းရတာပါပဲ။

သူဟာ ကျွန်မဖောက်သည်တစ်ယောက် ဖြစ်ခဲ့ပါရဲ့။ ဒါပေမဲ့ တခြားဖောက်သည်တွေနဲ့ မတူတာက သူဟာ ရိုးသားဖြောင့်မတ်ပြီး ယဉ်ကျေးတဲ့သူတစ်ယောက် ဖြစ်နေခဲ့တာပါ။ သူက ဆေးလိပ်မသောက်တတ်ပေမယ့် အရက်တော့ ကြိုက်ပုံရပါတယ်။

ကျွန်မတို့ဟာ တစ်နှစ်လောက် ချစ်သူအဖြစ် နေခဲ့ကြပါတယ်။ ၁၉၉၃ ခုနှစ် စက်တင်ဘာလမှာ စေ့စပ်ခဲ့ကြပြီး ဒီဇင်ဘာလမှာ လက်ထပ်ခဲ့ကြပါတယ်။ ကျွန်မတို့ဟာ အလုပ်ကို လက်တွဲညီညီ လုပ်ခဲ့ရာမှာ ရည်မှန်းချက်ကတော့ လန်းပန်မြို့လယ်ခေါင်မှာ ဆိုင်ခန်းအသစ်တစ်ခန်း ကိုယ်ပိုင်ဖွင့်နိုင်ကြဖို့ပါ။

၁၉၉၄ ခုနှစ် မတ်လမှာ ကျွန်မ ကိုယ်ဝန်ရှိလာပါတယ်။ ဒါနဲ့ ဆေးခန်းမှာ ကိုယ်ဝန်အပ်ပြီး သွေးစစ်လိုက်တော့ ကျွန်မသွေးဟာ တစ်ခုခုပုံမမှန်ဘူး ဆိုတဲ့အဖြေထွက်လာပါရော။ ဆရာဝန်က သေချာအောင် သွေးထပ်စစ်နိုင်းလို့ စစ်ကြည့်တော့ ကျွန်မသွေးဟာ HIV တဲ့။

ကျွန်မ ဘယ်လောက်တုန်လှုပ်ချောက်ချားသွားတယ်ဆိုတာ စဉ်းစားသာကြည့်ကြပါတော့။ ကျွန်မ စဉ်းစားလို့ကို မရပါဘူး။ ဘယ်နှယ့်လုပ်ပြီး ဒီရောဂါ ကျွန်မဆီ ရောက်လာရတာလဲ။ လက်မထပ်ခင်က သူ့ကိုကျွန်မ သွေးစစ်နိုင်းခဲ့ပါတယ်။ ဒါပေမဲ့ ပုံမှန်ပါပဲ။ ဘာရောဂါမှ မရှိဘူးတဲ့။ ဒါနဲ့သေချာအောင် နောက်တစ်ကြိမ် ကျွန်မထပ်ပြီးသွေးစစ်ခဲ့ပါသေးတယ်။ ကျွန်မမှာ HIV ရှိနေတာ ကျိန်းသေပြီတဲ့လေ။

မိသားစုနဲ့ တင့်တောင့်တင့်တယ်နေမယ်ဆိုတဲ့ ကျွန်မရဲ့အိပ်မက်လှလှကလေးဟာ ပြိုကျပျက်စီးသွားခဲ့ရပါပြီရှင်။ ကြည့်စမ်း၊ ကျွန်မ ရင်သွေးကလေးကို AIDS ကူး မကူး ကျွန်မ ဘယ်လိုလုပ် သိနိုင်တော့မလဲ။

ဒါနဲ့ ကျွန်မဟာ ကျွန်မယောက်ျားကို ကွာရှင်းဖို့ ပြောပါသေးတယ်။ သူက သဘောမတူပါဘူး။ ဖြစ်ခဲ့တဲ့ကိစ္စတွေအတွက် ကျွန်မသူ့အပေါ် အပြစ်ပုံချမိပေမယ့် တစ်ဖက်ကကျပြန်တော့ သူ့ကို သနားမိပြန်ပါရော။ သူ့ကို ကျွန်မစိတ်ဆိုးနေလို့ကော အဖြစ်အပျက်က ပြန်ကောင်းလာနိုင်မှာမှ မဟုတ်တဲ့။ ဒါပေမဲ့ သေချာတာကတော့ သူဟာ ကျွန်မဘဝမှာ ပထမဆုံးနဲ့ တစ်ယောက်တည်းသောယောက်ျားပါရှင်။

နောက်ပိုင်းမှာ ကျွန်မတို့ တစ်ယောက်အပေါ်တစ်ယောက် နားလည်အောင် ကြိုးစားပြီး ရှန်းကန်ခဲ့ကြပါတော့တယ်။ ကျွန်မက ကလေးရဲ့ ရှေ့ရေးကို ဆရာဝန်နဲ့ တိုင်ပင်တော့ ကလေးကို HIV ကူးစက်ဖို့ များတယ်ဆိုပေမယ့် ကိုယ်ဝန်ဖျက်ချဖို့ကိုတော့ သူက မတိုက်တွန်းပါဘူး။

ကျွန်မ ထင်တာက ကျွန်မဟာ ဒီရောဂါနဲ့ မြန်မြန်သေပြီး မွေးလာခဲ့တဲ့ ကလေးဟာ ကျွန်မမိသားစုအတွက် တာဝန်ကြီးတစ်ရပ်ဖြစ်နေမယ်ဆိုတာပါပဲ။ ဒါကြောင့် ကျွန်မကလေးဖျက်ချဖို့ ဆုံးဖြတ်လိုက်ရပါတော့တယ်။

၁၉၉၄ ခုနှစ်၊ ဧပြီလ ၁၂ ရက်နေ့မှာ 'ချင်းမိုင်' က ဆေးခန်းတစ်ခန်းမှာ ကျွန်မ ကိုယ်ဝန်ဖျက်ချလိုက်ပါတယ်။ ဆေးခန်းနာမည်ကို မမှတ်မိပေမယ့် ကျွန်မ မှတ်မိနေတာက အဲဒီအချိန်မှာ ကျွန်မ အရမ်းကြောက်နေခဲ့တယ်ဆိုတာပါပဲ။ ဒါပေမဲ့လေ ကျွန်မမှာ တခြားရွေးစရာလမ်းမှ မရှိတော့တာနဲ့။

ကျွန်မဟာ ချင်းမိုင်မှာပဲ ဆေးကုခဲ့ရတာ လန်းပန်ဆေးရုံမှာဆိုရင် ကျွန်မယောက်မ ရှိနေတာကိုး။ သူက အဲဒီမှာ အလုပ်လုပ်နေတာ။

ချင်းမိုင်မှာ ဆေးကုနေတုန်း ကျွန်မအမြဲလုပ်ခဲ့တဲ့ အလုပ်ကတော့ TV အမြဲကြည့်၊ သတင်းစာအမြဲဖတ်တာပါပဲ။ ဘာကြောင့်လဲဆိုတော့ နောက်ဆုံးပေါ်ဆေးဝါးတွေ ပေါ်လာမလားဆိုတဲ့သတင်းကို မျှော်လင့်လို့ပါ။

ကျွန်မဟာ ရိုးရာဆေးရော ခေတ်ပေါ်ဆေးပါ ကောင်းမယ်ထင်သမျှ သုံးခဲ့ပါတယ်။ လူ့ဘဝမှာ ခဏလောက်ဖြစ်ဖြစ် ထပ်ပြီးအသက်ရှင်ဖို့ ကျွန်မ ကြိုးစားရမယ်လေ။ ချင်းမိုင်ဆေးရုံမှာ ကျွန်မ နှစ်နှစ်လောက်ကြာတော့ ကျွန်မယောက်ျားဟာ ခေါင်းကိုက်ရောဂါစွဲနေပါပြီ။ အဲဒီအချိန်မှာ ကျွန်မဟာ ထင်ရှားစိုင်းလာပါပြီ။ ကောင်းတယ်ဆိုတဲ့ဆေးတွေ ဝယ်သုံးနေပါပြီ။ ဒါပေမဲ့ ထူးမခြားနားပါပဲ၊ ကျွန်မမှာ ငွေကြေးပြဿနာကလည်း ပေါ်လာပါပြီ။ ဖောက်သည်တွေကလည်း နည်းနည်းလာလို့ ဝင်ငွေမကောင်းတော့ပါဘူး။

ကျွန်မယောက်ျားရောဂါ ဆိုးသထက် ဆိုးလာတော့ ကျွန်မအကြောင်းကို အမေ့ကို ဖွင့်ပြောလိုက်ရပါတယ်။ ကျွန်မဘဝကို ကျွန်မဘယ်လိုမှ မရပ်တည်နိုင်တော့ပါဘူး။ ဆိုင်ခန်းလည်း ပိတ်လိုက်ရတဲ့ အထိပါပဲ။ အမေနဲ့ဆွေမျိုးတွေက ကျွန်မအတွက် ကြေကွဲရုံကလွဲပြီး ဘာများကော တတ်နိုင်ဦးမှာပါလဲ။

ဒီတော့မှ ကျွန်မယောက်ျားက ကျွန်မကို ဖွင့်ပြောလာပါတော့တယ်။ သူဟာ ကျွန်မနဲ့ရေစပ်ပြီးမှ မိန်းမတွေနဲ့ ဆက်ဆံမှုရှိခဲ့ပါတယ်တဲ့။ အကြောင်းကတော့ လပ်မထပ်သေးခင် ကျွန်မက သူနဲ့အတူ မနေခဲ့လို့ပါတဲ့။ ဒါပေမဲ့

အဲဒီတုန်းက သူ သွေးစစ်ခဲ့တာပဲ မဟုတ်လား။ ဘာရောဂါမှ မရှိဘူးလို့ အဖြေထွက်ခဲ့တာပဲ မဟုတ်လား။ အင်း ဒါကြောင့် ပြောတာပေါ့။ တစ်ခါ သွေးစစ်ရုံနဲ့ မသေချာဘူးလို့။

၁၉၉၇ ခုနှစ် ဇွန်လမှာ ကျွန်မခင်ပွန်း ကွယ်လွန်ခဲ့ပါတယ်။ ကျွန်မ ဟာ ဒိုကိုးရာမဲ့ခဲ့ရပါပြီ။ အိမ်ထဲက အိမ်ပြင် မထွက်ရဲလောက်အောင်ပဲ အား ငယ်ခဲ့ရပါပြီ။ ဟုတ်တယ်လေ။ လူတချို့ဟာ ခုထက်ထိ AIDS ရောဂါသည် တွေကို လူရာမသွင်းချင်ကြဘူး မဟုတ်လား။ သူတို့က လူ့အမိုက်အမဲတွေ လို့ ကျွန်မတို့ကို သတ်မှတ်ချင်ကြတာ မဟုတ်လား။ ဝေဒနာရှင်ကို ရှိသမျှ အပြစ်တွေ ပုံချချင်ကြတာ မဟုတ်လားလေ။

၁၉၉၇ ခုနှစ် ဇူလိုင် ၃၀ မှာ ကျွန်မဟာ AIDS ဝေဒနာရှင်ကို စောင့်ရှောက်တဲ့ဆေးရုံမှာ ဆက်ပြီးကုသမှုခံယူခဲ့ပါတယ်။ အဲဒီမှာက ကြင်နာ သနားတတ်တဲ့ ဆရာဝန်တွေ သူနာပြုတွေ ရှိနေတာကိုး။

J.I.C.A (Japan International Cooperation Agency) မှ ထုတ်ဝေသော ယိုးဒယား AIDS ဝေဒနာရှင်များ ကိုယ်တိုင်ရေးအက်ဆေးများမှ တစ်ပုဒ်ကို ပြန်ဆို ဝေငှလိုက်ပါသည်။

+++

## BOY FRIEND

I got married when I was 37 years old and my husband was 38 years old. I had associated with him for 2 years before getting married. In the end of 1998, I gave birth to a daughter. We often had problems because of our work. Both of us were working at night so I decided to quit my job in 1990. I opened a grocery store, I had a lot of customers and my husband still worked the same as before.

I had a son in February of 1991. I had more expenses to pay and my husband had more friends. I did not worry about his friends because all of his friends were male. He sometimes took his friends to stay at my house. One day he took 2 young boys to our house, he told me that these 2 boys were lovers and they did not have place to stay. At that time I did not doubt his behavior. But I always had problems with him because he came home late even though he had finished his work earlier. Then he quit his job because he worried about our children and studied to open beauty salon. I also opened a grocery store. oh! My family life should be easy but it was not. He got more friends to rove with at night and sometimes I saw that his friends made up his face when he went out to rove at night. I wondered about this because he was different from other men. My husband never gave money to me. I began to doubt him, I did not know what he was. I kept my doubts and observed his behavior.

One day I still remember, it occurred at 4 pm of 31 January 1996. He came back from going out and he took his friend to my house too. So I let his friend stay in another room. My husband told me he would sleep with his friend because he was afraid that I wouldn't like the had smell from him, he just drank alcohol. I said "OK" but I could not sleep, so I thought that I would clean my house then I heard a sound from that room. Oh my god! They were having sex, both of them were male. I just learnt what my husband was. I did not understand him, he tried to act as if he is a normal husband and he also did that well. I was very shocked and I kept this secret to me. This happened on the day to welcome the new year of 1997 that I never forget it.

My husband decided to close his beauty salon and opened a new shop in Lampang in October 1997. We were separated because I had a shop and my children were in Lampang. Oh! He had totally changed, he became very thin and had the symptoms of AIDS on his body. I was shocked. I knew what he had and what about me! Had it happened to me, too. We should do the best thing for our remaining life. So I took my husband to see a doctor and took care of him. Now he is getting better than before, everybody around me does not hate my family.

For me, I checked my blood at a hospital in last July. I am very happy. I am not infected with AIDS. I may be one in one thousand lucky persons who did not get infected with his disease. I will take a good care of my children and I want to keep my husband alive as long as I can.

*Homosexual behavior is one major causes of HIV infection. She is a lucky woman. This lady and her husband stayed separate while her husband had a lot of boy friends. That is why she was not infected. She and her husband did not share have their family life too much.*

❑

# ဘသားယောကျ်ား

အထူးသဖြင့် ကျွန်တော်တို့ အရှေ့တိုင်းအိမ်ထောင်ရှင်မများသည် မိမိခင်ပွန်းသည်မှာ ယောကျ်ားပီသသော၊ ရုပ်ရည်လက္ခဏာရှိပြီး သားသမီးများလည်း ပွားစီးထွန်းကားသည်ဆိုလျှင် လောက၌ မိမိယောကျ်ားမှလွဲ၍ အခြားယောကျ်ားတို့အား ရှိသည်ဟုပင် မထင်တော့ပေ။ အရှေ့တိုင်း၏ ယဉ်ကျေးမှုသဘောလည်း ဖြစ်ပါလိမ့်မည်။ ပြီးတော့လည်း မိမိခင်ပွန်း ယောကျ်ားပီသသည့်အတွက် မိမိကိုယ်တိုင်က ဖောက်ပြန်ရန် စိတ်မကူးကြပေ။ တစ်ခုပဲရှိတာက သူတို့သည် မိမိယောကျ်ားအခြားသောမိန်းမများနှင့် ဖောက်ပြားကြမှာတော့ ပူပင်တတ်ကြလေသည်။ ယောကျ်ားပီသလေ ထိုသို့ သဝန်တိုစိတ်များလေပင်ဖြစ်ပါသည်။ အနောက်တိုင်းမှာတော့ အများအားဖြင့် ထိုသို့ မဟုတ်ပါ။ လွတ်လပ်ပွင့်လင်းသော ဖိုမဆက်ဆံရေးကြောင့် သဝန်တို မှုကင်းတတ်သလို မိမိကိုယ်တိုင်၌ကလည်း ဖောက်ပြန်ဖျက်ယွင်းတတ်ကြပါ သည်။ ယေဘုယျသဘောကို ဆိုပါသည်။

ထိုထက်ကား ဖိုမဆက်ဆံရေး ပွင့်လင်းလွန်းသောကြောင့် သမာရိုးကျ ကိစ္စများသည် ရိုးအီသွားတတ်သည့် ဓမ္မတာအတိုင်း အဆန်းထွင်ချင်ကြလေ သည်။ အခြားမဟုတ် ဖိုဖိုချင်း၊ မမချင်း လိင်တူဆက်ဆံရေး ခေတ်စားလာ ကြခြင်း ဖြစ်လာသည်။ အိမ်ထောင်ရှင်များတွင် ဒါမျိုးဖြစ်ခဲပြီး လူပျိုအပျို ဘဝတွင် အဖြစ်များလာသည်။ သို့သော် အလွန်မတန် အလိုရမ္မက်ကြီးသူ များကား အဆန်းထွင်ခြင်းပေါ် အခြေခံကာအိမ်ထောင်ရှိလျက် လိင်တူ ဆက်ဆံခြင်းမျိုးကို ပြုလုပ်လာတတ်ကြပေသည်။ ဒါက အနောက်တိုင်းမှာသာ အဖြစ်များပါသည်။

**ကျွန်တော်တို့ မြန်မာ့မူနယ်ပယ်တွင် ဒါမျိုးမရှိသလောက် ဖြစ်သော်လည်း မြန်မာနှင့်အနီးစပ်ဆုံးဖြစ်သော အိမ်နီးချင်း ယိုးဒယားတွင်မူ ထိုအဖြစ်အပျက်မျိုး စုနယ်ပါ ခေတ်စားနေပါသည်။ ယဉ်ကျေးမှုစီးဆင်းခြင်းပြင်းထန်လွန်းသောကြောင့် ဖြစ်တန်ရာပါသည်။**

**အောက်ဖော်ပြပါ ဖြစ်ရပ်မှန်စာတိလမ်းကလေးကို ဖတ်ကြည့်စေချင်ပါသည်။ ယိုးဒယားနိုင်ငံတောင်ပိုင် 'လန်းပန်' စီရင်စုမှာ ဖြစ်ပျက်ခဲ့ခြင်းဖြစ်ပြီး ကာယကံရှင်ကိုယ်တိုင် ရေးသားသော ကိုယ်တွေ့ဖြစ်ပါသည်။ စာရေးသူအမျိုးသမီးသည် ယခုအခါ လန်းပန်ဆေးရုံမှ AIDS ဝေဒနာရှင်များ စောင့်ရှောက်ရေးအသင်းတွင် ပါဝင်ကူညီနေသူတစ်ဦး ဖြစ်နေပါပြီ။**

•

ကျွန်မလက်ထပ်တော့ အသက်သုံးဆယ်ခုနစ်နှစ်ပါ။ ကျွန်မယောက်ျားကတော့ သုံးဆယ်ရှစ်ပေါ့။ လက်မထပ်ခင် နှစ်နှစ်ကတည်းက အတူနေခဲ့ကြတာပါ။ ၁၉၈၆ ခုနှစ်မှာ ကျွန်မ သမီးလေးတစ်ယောက် မွေးခဲ့ပါတယ်။ ပြဿနာတွေ တစ်လှေကြီးနဲ့ပေါ့ရှင်။ ဟုတ်ပဲ့။ အလုပ်အကိုင်ပါပဲ။ ကျွန်မတို့ လင်မယားနှစ်ယောက်စလုံးက ညပိုင်းအလုပ် ဆင်းရတာလေ။ ဒါနဲ့ ကျွန်မ အလုပ်ကထွက်လိုက်ပြီး ကုန်စုံဆိုင်လေး ဖွင့်ခဲ့ပါတယ်။ မဆိုးပါဘူး။ ဖောက်သည် တော်တော်ရခဲ့ပါရဲ့။ ကျွန်မ ယောက်ျားကတော့ ညအလုပ်ပဲဆက်လုပ်နေခဲ့တာပေါ့လေ။

၁၉၉၁ ခုနှစ်မှာ 'ကျွန်မ သားတစ်ယောက် ထပ်မွေးခဲ့ပါတယ်။ ဒီတော့ ပိုပြီး ကသီလင်တ နိုင်သွားတာပေါ့ရှင်။ အကုန်အကျတွေကလည်း ပိုများလာပါရော။ ဒီကြားထဲ ကျွန်မယောက်ျားကလည်း အပေါင်းအသင်းသိပ်မင်တာမို့ သူမိတ်ဆွေတွေ သူငယ်ချင်းတွေကလည်း အိမ်မှာ တရုန်းရုန်းနဲ့လေ။ ဒါပေမဲ့ ကျွန်မစိုးရိမ်ပါဘူး။ သူ့သူငယ်ချင်းအကုန်လုံးက ယောက်ျားရင့်မာကြီးတွေပဲလေ။ သူက တစ်ခါတလေ သူ့သူငယ်ချင်းတွေကို အိမ်ပေါ်ခေါ်တင် ကျွေးထားတတ်တယ်။

တစ်နေ့တော့ သူ့သူငယ်ချင်း ကောင်လေးနှစ်ယောက်ကို အိမ်ခေါ်လာပါတယ်။ ချောချောလေးတွေရှင့်။ သူက ပြောတယ် ...

''ကောင်လေးနှစ်ယောက်က သိပ်ချစ်ကြတာ။ ခုနေစရာ အိမ်မရှိလို့' တဲ့။ ကျွန်မကတော့ ရိုးရိုးပဲပေါ့လေ။ နားမှမလည်ဘဲ။ တစ်ခုတော့ ကျွန်မ စိတ်ထဲမသန့်ဘူး။ ကျွန်မယောက်ျားဟာ အရင်နဲ့မတူဘဲ အလုပ်စောစောပြီးပေမယ့် အိမ်ပြန်နောက်ကျနေတတ်တာကိုပဲ။

နောက်ပိုင်းတော့ သူ အလုပ်ထွက်လိုက်ပါရော။ အကြောင်းပြချက်ကတော့ 'ကလေးတွေကို ပိုဂရုစိုက်နိုင်အောင်' တဲ့။ သူက အလုပ်ထွက်ပေမယ့် အလှပြင်ဆိုင်ဖွင့်ခဲ့ပါတယ်။ ကျွန်မလည်း ကုန်စုံဆိုင်လေးနဲ့ဆိုတော့ ကျွန်မတို့ ဘဝကလေးသာယာတယ်ဆိုရမှာပေါ့လေ။ ဒါပေမဲ့ မဟုတ်ခဲ့ပါဘူး။ သူက ပိုပြီး လမ်းများလာပါတယ်။ ညတိုင်းလိုလို သူ့သူငယ်ချင်းတွေနဲ့ အပြင်ထွက်လည်နေတော့တာပါပဲ။ အပေါင်းအသင်းကလည်း ပိုများလာပါတယ်။

အဲ ... ကျွန်မ မကြိုက်တာက အဲသလို သူလမ်းထွက်တဲ့အခါ သူ့ကို သူ့သူငယ်ချင်းတွေက အဝတ်အစား၊ ရေမွှေး၊ ပေါင်ဒါ စသဖြင့် ပြင်ဆင်ပေးတတ်ကြတာကိုပဲ။ ထူးဆန်းတယ်ရှင့် ဒါဟာ ကျွန်မရဲ့ယောက်ျားနဲ့ မတူတော့ဘူးလို့ ထင်လာမိပါတော့တယ်။ ပြီးတော့ သူက ကျွန်မကို ပိုက်ဆံတွေလည်း မအပ်တော့ဘူး။ ဒါကြောင့် ကျွန်မသူ့ကို ပိုပြီး သံသယရှိလာတယ်။ သူ့အမူအရာတွေကို အမြဲစောင့်ကြည့် အကဲခတ်နေမိတော့တယ်။

တစ်နေ့တော့ ... (မှတ်မှတ်ရရ ... ၁၉၉၆ ခုနှစ်၊ ဇန်နဝါရီလ သုံးဆယ့်တစ်ရက်နေ့ ညနေ လေးနာရီ) သူအပြင်က ပြန်လာတော့ သူငယ်ချင်းတစ်ယောက်ကိုခေါ်လာပါတယ်။ ကျွန်မလည်း ထုံးစံအတိုင်း တခြားအခန်းမှာ သူ့သူငယ်ချင်းအိပ်ဖို့ နေရာချပေးရတာပေါ့။ ဒါပေမဲ့ ကျွန်မယောက်ျားက ပြောလာပါတယ်။

'ကိုယ့်ဒီနေ့ အရက်တွေသောက်လာတယ်။ မင်းအနံ့ခံနိုင်မှာ မဟုတ်ဘူး ဒါကြောင့် သူငယ်ချင်းနဲ့ပဲ သွားအိပ်လိုက်မယ်' တဲ့။ ကျွန်မကလည်း အင်းပေါ့။ အိပ်ပေါ့။ ဒါပေမဲ့ ကျွန်မဟာ ကိုယ့်အခန်းမှာကိုယ် အိပ်မပျော်ခဲ့ပါဘူး။ ကပ်ရက်အခန်းက အသံဗလံတွေ ကြားနေရတာကိုး။ အိုး ... နားရှက်စရာ အသံတွေ။ ဟုတ်ပါရဲ့ ... ကလူ၏သို့ မြူ၏သို့ ချစ်စနိုးကျီစယ်နေတဲ့အသံ

ပါတယ်။ ချောချောလေးတွေရှင့်။ သူက ပြောတယ် …

''ကောင်လေးနှစ်ယောက်က သိပ်ချစ်ကြတာ။ ခုနေစရာ အိမ်မရှိလို့'' တဲ့။ ကျွန်မကတော့ ရိုးရိုးပဲပေါ့လေ။ နားမှမလည်ဘဲ။ တစ်ခုတော့ ကျွန်မ စိတ်ထဲမသန့်ဘူး။ ကျွန်မယောက်ျားဟာ အရင်နဲ့မတူဘဲ အလုပ်စောစောပြီး ပေမယ့် အိမ်ပြန်နောက်ကျနေတတ်တာကိုပဲ။

နောက်ပိုင်းတော့ သူ အလုပ်ထွက်လိုက်ပါရော။ အကြောင်းပြချက် ကတော့ 'ကလေးတွေကို ပိုဂရုစိုက်နိုင်အောင်' တဲ့။ သူက အလုပ်ထွက်ပေ မယ့် အလှပြင်ဆိုင်ဖွင့်ခဲ့ပါတယ်။ ကျွန်မလည်း ကုန်စုံဆိုင်လေးနဲ့ဆိုတော့ ကျွန်မတို့ ဘဝကလေးသာယာတယ်ဆိုရမှာပေါ့လေ။ ဒါပေမဲ့ မဟုတ်ခဲ့ပါဘူး။ သူက ပိုပြီး လမ်းများလာပါတယ်။ ညတိုင်းလိုလို သူ့သူငယ်ချင်းတွေနဲ့ အပြင် ထွက်လည်နေတော့တာပါပဲ။ အပေါင်းအသင်းကလည်း ပိုများလာပါတယ်။

အဲ … ကျွန်မ မကြိုက်တာက အဲသလို သူလမ်းထွက်တဲ့အခါ သူ့ကို သူ့သူငယ်ချင်းတွေက အဝတ်အစား၊ ရေမွှေး၊ ပေါင်ဒါ စသဖြင့် ပြင်ဆင်ပေးတတ်ကြတာကိုပဲ။ ထူးဆန်းတယ်ရှင့် ဒါဟာ ကျွန်မရဲ့ယောက်ျားနဲ့ မတူတော့ဘူးလို့ ထင်လာမိပါတော့တယ်။ ပြီးတော့ သူက ကျွန်မကို ပိုက်ဆံတွေ လည်း မအပ်တော့ဘူး။ ဒါကြောင့် ကျွန်မသူ့ကို ပိုပြီး သံသယရှိလာတယ်။ သူ့အမူအရာတွေကို အမြဲစောင့်ကြည့် အကဲခတ်နေမိတော့တယ်။

တစ်နေ့တော့ … (မှတ်မှတ်ရရ … ၁၉၉၆ ခုနှစ်၊ ဇန်နဝါရီလ သုံးဆယ့်တစ်ရက်နေ့ ညနေ လေးနာရီ) သူ့အပြင်က ပြန်လာတော့ သူငယ် ချင်းတစ်ယောက်ကိုခေါ်လာပါတယ်။ ကျွန်မလည်း ထုံးစံအတိုင်း တခြားအခန်း မှာ သူ့သူငယ်ချင်းအိပ်ဖို့ နေရာချပေးရတာပေါ့။ ဒါပေမဲ့ ကျွန်မယောက်ျားက ပြောလာပါတယ်။

'ကိုယ်ဒီနေ့ အရက်တွေသောက်လာတယ်။ မင်းအနံ့ခံနိုင်မှာ မဟုတ်ဘူး ဒါကြောင့် သူငယ်ချင်းနဲ့ပဲ သွားအိပ်လိုက်မယ်' တဲ့။ ကျွန်မကလည်း အင်း ပေါ့။ အိပ်ပေါ့။ ဒါပေမဲ့ ကျွန်မဟာ ကိုယ့်အခန်းမှာကိုယ် အိပ်မပျော်ခဲ့ပါဘူး။ ကပ်ရက်အခန်းက အသံဗလံတွေ ကြားနေရတာကိုး။ အိုး … နားရှက်စရာ အသံတွေ။ ဟုတ်ပါရဲ့ … ကလူ၏သို့ မြူ၏သို့ ချစ်စနိးကျီစယ်နေတဲ့အသံ

တွေ့ပါလား။ ဘုရား ဘုရား။ အိုး .. ဒါ သူတို့ ယောက်ျားရင့်မာကြီးတွေ မဟုတ်ဘူးလားရှင်။ ကျွန်မ လုံးဝနားမလည်နိုင်တော့ပါဘူး။ ယုံလည်း မယုံနိုင်အောင်ပါပဲ။ ဒါနဲ့ ကျွန်မသူတို့အခန်းကို အသာသွားချောင်းကြည့်ပါတယ်။ အောင်မလေး ကယ်ကြပါဦးရှင်။ ကျွန်မ လင်ယောက်ျား ရင့်မာကြီးလေ။ အိုး .. ကျွန်မမျက်စိတွေ ပြာကုန်ပါပြီ။ ရက်လွန်းလို့ အသက်တောင် မရှူနိုင်တော့ပါဘူး။ သူမှ သူအစစ်၊ အိုး .. ကျွန်မကို ချစ်ခင်ယုယနေတဲ့ အတိုင်းပါပဲလား' ဒါဟာ ၁၉၉၆ ခုရဲ့ နှစ်သစ်ကို ကြိုဆိုလိုက်တာပါလားရှင် တို့ရယ်။

အဲဒီကတည်းက ကျွန်မ သူနဲ့အတူ မအိပ်တော့ပါဘူး။ သူဆီကလည်း ဘာမှ မမျှော်လင့်တော့ပါဘူး။ ကလေးတွေလည်း ကြီးလာပြီ။ ကျွန်မရဲ့ဆိုင်ကလည်း ပုံမှန်ဝင်ငွေ ရှိနေပြီပဲ။

၁၉၉၇ ခုနှစ်မှာ ကျွန်မယောက်ျားဟာ သူ့အလုပ်ပြင်ဆိုင်ကိုပါ ပိတ်လိုက်ပါတယ်။ သူဟာ လူဗလကြီးကနေ လူဗလံလေး ဖြစ်သွားပါပြီကော။ သူ့ရဲ့ ရုပ်ရည်ကလည်း AIDS ရောဂါသည်ပုံ ပေါက်နေပါပြီ။

သူဟာ ရောဂါသည်ကြီးဖြစ်နေပါပြီလား။ ကျွန်မ အကြီးအကျယ်တုန်လှုပ်ချောက်ချားရပါတော့တယ်။ နောဖြင့် ကျွန်မကိုယ်တိုင်ကရောတဲ့။

ကျွန်မမှာ ဒီရောဂါ စွဲကပ်နေပြီလား။ မပြောတတ်တော့ဘူးလေ။ ဒါပေမဲ့ ကျွန်မတို့ အသက်တွေလည်း ရလာခဲ့ပြီမို့ ဒါတွေ သိပ်စဉ်းစားပြီး ပူဆွေးမနေသင့်ပါဘူး။

ကျွန်မ သူ့ကို ပြန်ခေါ်လာခဲ့တယ်။ ကျွန်မကိုယ်တိုင်ပဲ ဆေးရုံဆေးခန်းတွေ ပြပေးခဲ့တယ်။ သူ့ကို ကျွန်မ ပြုစုရမယ့်အချိန်ရောက်ပြီ မဟုတ်ပါလား။ ဒီတော့လည်း သူ့ကိုကြည့်ရတာ ပြန်ပြီး ကျန်းမာလာသလိုပဲ စိုစိုပြည်ပြည်ဖြစ်လာသလိုပဲ။ ထူးခြားတာက ကျွန်မရဲ့ပတ်ဝန်းကျင်က လူတွေဟာ ကျွန်မတို့ မိသားစုအပေါ် မလိုမုန်းထား မရှိကြတာပါပဲ။ ကျေးဇူးတင်ပါတယ်ရှင်။

ကောင်းပါပြီလေ။ ဒါနဲ့ပြီးရောတဲ့လား ဘယ်ဟုတ်ပါ့မလဲ။ ကျွန်မကိုယ်ကျွန်မ စစ်ဆေးရဦးပါမယ်။ ကျွန်မမှာ AIDS ရောဂါဆိုးကြီး ကပ်ငြိခဲ့သလား။ ကျွန်မဟာ လူကောင်းတစ်ယောက်ပဲလားဆိုတာ။

ပြီးခဲ့တဲ့ ဇူလိုင်လတုန်းက ကျွန်မဆေးရုံသွားပြီး သွေးစစ်ခဲ့ပါတယ်။ ဘယ်လိုထင်မြင်ကြပါသလဲ။ သေချာတာပေါ့ရှင်။ မဟုတ်ဘူးလေ။ ကျွန်မ ဘာမှ မဖြစ်ဘူး။ ကျွန်မ လူကောင်းပကတိပဲတဲ့။ ကျွန်မ ဆေးအောင်ပါသတဲ့။ ကိုင်း .. ကျွန်မ ဘယ်လောက်ကံကောင်းသလဲ။ ဒါဟာ လူတစ်ထောင်မှာ တစ်ယောက်ဖြစ်နိုင်ခဲ့တဲ့ ဖြစ်ရပ်ဆန်းပါ။ တစ်ခုတော့ ရှိတာပေါ့လေ။ ကျွန်မ ကလည်း သူဟာ တခြားယောက်ျားလေးတွေနဲ့ ပရောပရိလုပ်တာ သိသိချင်း သူနဲ့အတူမနေ၊ မအိပ်တော့တာကြောင့်လည်း ဖြစ်နိုင်ပါတယ်။ ကျွန်မနဲ့ခွဲနေ ပြီးမှ သူ့မှာ AIDS ရောဂါဖြစ်လာခဲ့တာလည်း ဖြစ်နိုင်ပါတယ်။ ကံတရားက လည်းပါတာပေါ့။ ဘာပဲဖြစ်ဖြစ် ကျွန်မကတော့ ဆုံးဖြတ်ချက်ချပြီးပါပြီ။ ကျွန်မ ရဲ့ရင်သွေးတွေကို ကျွန်မ ကောင်းကောင်း ဂရုစိုက်ရမယ်။ သူတို့ ရှေ့ရေးအ တွက် ကျွန်မအလုပ်တွေ အများကြီး လုပ်ရမယ်။ ပြီးတော့ ကျွန်မယောက်ျား ဟုတ်ပါ့ .. ရောဂါဝေဒနာ ခံစားနေရရှာတဲ့ ကျွန်မချစ်တဲ့ ခင်ပွန်းကိုလည်း သူ့အသက်ရှင်နေသမျှ ကျွန်မ ဂရုစိုက်လုပ်ကျွေးပြုစုရပါမယ်။

အိုး ... သူ့အသက်ရှည်နိုင်သမျှ ရှည်အောင် ကြိုးစားရမှာပါလေ။

+++

## DELINQUENT'S LIFE

I wish to narrate my real life story for people who are not infected with AIDS and make your life to go on without AIDS.

I am from Nakornsawan. My parents were Chinese merchants. When I was in elementary school 5th grade my parents moved to Lampang for their business, so I continued studying at school in Lampang. When I was studying at junior high school 3rd grade, I had many friends who I'd always go out at night with. We smoked, drunk, and gambled. When I was almost finishing high school, my father found out about my smoking, drinking, and gambling and became angry with me and hit me. At that time I wanted to have a motorcycle but my father did not buy it for me. I was very angry and I thought my father loved my brother but not me. When I finished the final examination before my graduation, I ran away from my house to Bangkok with only 440 baht. I worked as a security guard at the factory in Sumutprakarn but I worked only half a month and quit because my work was very hard. I received my salary, then I returned to Lampang. At that time, I was 18 years old and I studied at Rajabhat Institute in Lampang and then I started doing everything the same as before and I also tried drugs. My teacher found me taking drugs and informed my parents, that compelled me to quit school. I quarreled with my parents so much and I decided to run away from my house to Bangkok again.

In Bangkok, I started to work as an assistant of a chef at a hotel on Silom road and I was still a drug addict. I worked there for 4 months and I changed my work to bartender at Kay Bar on Patpong road. At

this place, I worked as bartender and I was trained for a fire show such as spitfire show until I quit and started to perform the show at other bars. One day, I had to perform in more than two bars, each bar, I had three shows and I had got 150 baht per performance. At that time, I had a lot of income, as much as 1,500 baht per day . Then, I met my first wife and we worked together. And then we thought we should add one more show, it was "fucking show". This show made about 500 baht per performance and we had got 3,000 baht per day. At that time, I still took drugs until my wife became pregnant. I intended to give up drugs, I was afflicted so much but finally I could get rid of my drug addiction. But, 2 months after that my wife died because she had an accident. She was 4 months pregnant. I was very sorry, I felt lonely and I did not do anything even my work.

After my wife died, I did not have anything in my heart. I re-started everything; doing the same as before, I restarted to take drugs and sold marijuana, too. Then police caught me, my mother bailed me out and I went back to Lampang.

I came back to stay with my family for 2-3 months. I got a new job as a manager at Sukiyaki restaurant. At that time I still sold drugs, and then police caught me again, my mother bailed me out again. This situation, it made me realized that "Nobody loves me more than my parents." I think I will try to be a good child for them. Then, I met my second wife and we got married. At that time we were very happy, then we had a son.

I don't know how was I infected with AIDS, but I thought that there were many causes to make infection. Now I am very sad that I have AIDS and I hope to take care of my son until he becomes 10 years old. I also want to save money for his future.

*This patient had many reasons to cause his infection with AIDS. He was not careful with his life style. When he knew his problem, it was too late.*

❑

# အလိုလိုက် အမိုက်စော်ကား

ကျွန်တော်တို့ မြန်မာမှာ ယဉ်ကျေးမှုလိုဖြစ်နေသည့် အစဉ်အလာတစ်ရပ် ရှိပါသည်။ သားသမီးနှင့်မိဘတို့ ဆက်ဆံရေးဖြစ်သည်။ မိဘက သားသမီးကို လိုလေသေးမရှိ အလိုလိုက်တတ်သလို၊ သားသမီးကလည်း မိဘအပေါ် နွဲ့ဆိုးဆိုးတတ်ကြခြင်း ဖြစ်သလို၊ တတ်နိုင်သမျှသော လှသုံးကုန်ပစ္စည်းများ ဝယ်ပေးခြင်း၊ လက်ခံခြင်းသည် "ချစ်ခြင်းမေတ္တာ" ဟု အထင်ရောက်နေခြင်းဖြစ်သည်။ တကယ့်အနစ်နာခံခြင်း၊ မေတ္တာထားခြင်းကိုပင် မိမိအား ချစ်ခင်ခြင်းမဟုတ်ဟု သဘောထားနေကြပါသည်။ သဘောမှာ အပေါ်ယံရုပ်ဝတ္ထုပစ္စည်းပေးခြင်းများနှင့် ချစ်ခင်ခြင်းကို ရောယှက်နေကြပါသည်။ ဒါပေမဲ့ ပေးနိုင်ကမ်းနိုင်တုန်းသာ အဆင်ပြေပြီး ရှားပါးချို့ငဲ့လာသောအခါ အထင်အမြင်လွဲမှားစရာတွေ ဖြစ်ကုန်တတ်ပါသည်။ ဘာမဟုတ်တဲ့ ကျောင်းလွယ်အိတ်အသစ်ကလေးမရသဖြင့် မိဘအိမ်ပေါ်မှ ဆင်းလာသော သူငယ်မလေးတစ်ယောက်ကို မြင်ဖူးပါဘိ။ ပြိုင်စက်ဘီး ဝယ်မပေးရကောင်းလားဟု ဖခင်၏ မော်တော်ကားကိုရိုက်နှက်ဖျက်ဆီးပစ်သော လူငယ်တစ်ယောက်ကိုလည်း တွေ့ဖူးပါသည်။ အလိုလိုက် အမိုက်စော်ကားတာမျိုး ရှိသလို မိဘ၏ချို့ငဲ့မှုကို အားမရတာမျိုးလည်း ရှိပါမည်။ ပတ်ဝန်းကျင်မှ ရွယ်တူတန်းတူများနှင့်ယှဉ်၍ မိမိဘဝကို ရုပ်ဝတ္ထုဖြင့် နှိုင်းဆသည်များလည်း မနည်းပေ။ မိဘအရိပ်မှ လွတ်အောင်ရုန်းပြီး တစ်ကိုယ်ရည် သူရဲကောင်းလုပ်ရာမှ ဘဝတိုးတက်မှု ဖြစ်မလာဘဲ မြောင်းထဲရောက်သွားသော လူငယ်များအတွက် အောက်ဖော်ပြပါ ယိုးဒယားစာတ်လမ်းက မှတ်သားဖွယ်ပင်။

ကျွန်တော့်အကြောင်းတွေကို ဖွင့်ပြောရတဲ့ ရည်ရွယ်ချက်ကတော့ AIDS ရောဂါ မရသေးတဲ့သူများနဲ့ AIDS ရောဂါ မရှိတဲ့ ကိုယ် ဖြစ်ရပါလို၏ ဆိုသူများအတွက်ပါ။

ကျွန်တော်က 'နာကွန်ဆာဝမ်' မြို့ကလေးကပါ။ ကျွန်တော့်မိဘတွေက တရုတ်ကုန်သည်တွေပါ။ ကျွန်တော် မူလတန်းမှာ တက်နေတုန်း လန်းပန်ကို မိဘတွေလုပ်ငန်းနဲ့ ပြောင်းတော့ အတူပါခဲ့ပြီး လန်းပန်အလယ်တန်းမှာ ပညာဆက်သင်ခဲ့ပါတယ်။ အလယ်တန်း ဂရိတ်(၃)ရောက်ရင်ပဲ ကျွန်တော်ဟာ အပေါင်းအသင်းများလာပါရော။ ညပိုင်းထွက်မယ်။ လျှောက်လည်မယ်ပေါ့။ ဒီတော့ ဆေးလိပ်သောက်မယ်၊ အရက်၊ ဘီယာသောက်မယ်၊ လောင်းကစားလုပ်မယ်ပေါ့။ ဒီလိုနဲ့ အလယ်တန်းနောက်ဆုံးနှစ်မှာပဲ အဖေဟာ ကျွန်တော့်ရဲ့ 'အကျင့်' တွေနဲ့ လောင်းကစားမှုတွေကို သိသွားပါရော။ ဘယ်နေမလဲဗျာ။ ဆူဟယ်၊ ပူဟယ်တင်မကတော့ဘူး။ ရိုက်ဟယ်၊ နှက်ဟယ်၊ ထိုးဟယ်၊ ကြိတ်ဟယ် ဖြစ်တော့တာပါပဲ။ အဲဒီအချိန်က ကျွန်တော့်အဖေကို မော်တော်ဆိုင်ကယ် ပူဆာနေတဲ့ ကာလလေ။ ကျွန်တော် ထင်နေတာက အဖေဟာ ကျွန်တော့်ကို မချစ်ဘူး။

ကျွန်တော့်အစ်ကိုကို ချစ်တယ်၊ သူ့ကျတော့ မော်တော်ဆိုင်ကယ် ဝယ်ပေးတယ်ပေါ့။

ဒါနဲ့ ကျွန်တော်လည်း နောက်ဆုံးနှစ် စာမေးပွဲဖြေအပြီး ကျောင်းမပြီးသေးခင်မှာ အိမ်က ထွက်ပြေးတော့တာပဲ။ ဘန်ကောက်ကိုပါ။ အိတ်ထဲမှာတော့ ဘတ်(၄၄၀)ပဲ ပါရဲ့။ ကျွန်တော် ရရာအလုပ်ဝင်လုပ်ပါတယ်။ 'ဆူမတ်ပရာကန်' က စက်ရုံမှာ လုံခြုံရေးအစောင့်ပေါ့။ ဘယ်ခံနိုင်မလဲ။ အလုပ်က သိပ်ပင်ပန်းတာ။ လဝက်ပဲ အလုပ်ဆင်းပြီး ကျွန်တော်အလုပ်ကထွက်လိုက်ပါတော့တယ်။ ရသမျှငွေလေးနဲ့ 'လန်းပန်'ကို ပြန်ပြေးရတာပေါ့လေ။ အဲဒီတုန်းက ကျွန်တော့်အသက် (၁၈)နှစ်ရှိပြီ။

လန်းပန်က 'ရာဂျက်ဟတ်' သိပ္ပံမှာ ဆက်ပြီး ပညာသင်ခဲ့ပြန်ရော။ ကျောင်းသားပြန်ဖြစ်တော့ ဘာလုပ်သတဲ့တုန်း။ ရသမျှ မုန့်ဖိုးနဲ့ မထူးလယ်းပြန်လျှောက်တော့တာပေါ့။ သောက်ဟယ်၊ စားဟယ်၊ ကစားမယ်ပေါ့ဗျာ၊ ဒီမှာ

တင် နောက်ထပ်တစ်မျိုးကို ချစ်ပြန်တာက 'ဆေး' ပါပဲ။ ဟုတ်ပါ့။ စိတ်ကြွဆေး၊ မူးယစ်ဆေး။ ကြာကြာမခံပါဘူး။ ကျောင်းက ဆရာတွေ မိသွားလို့ ကျွန်တော့်မိဘဆီ တိုင်စာပို့ရာမှာ ကျွန်တော့်ကို အဖေတို့ အမေတို့က ကျောင်းထုတ်ပစ်လိုက်တော့တာပေါ့။ မိဘနဲ့ အကြီးအကျယ် ရန်ဖြစ်ရတာပေါ့လေ။ ပြီးတော့ 'ဘန်ကောက်'ကို ပြန်ပြေးတော့တာပါပဲ။

ဘန်ကောက်ရောက်တော့ 'စီလွန်' လမ်းက ဟိုတယ်တစ်ခုမှာ လက်ထောက်စားဖိုမှူး ဝင်လုပ်ပါတယ်။ 'ဆေးလား'။ ဆက်သုံးတာပေါ့ဗျာ။ ဒါပေမဲ့ အဲဒီမှာလည်း လေးလပဲခံတယ်။ နောက်အလုပ်တစ်ခု ပြောင်းပြန်ရော။ 'ပတ်ပေါင်' လမ်းမှာရှိတဲ့ 'ကေ' အရက်ဆိုင်မှာ ကောင်တာထိုင်တဲ့ အလုပ်ရတာကိုး။ အဲဒီဘားမှာ ကောင်တာထိုင်ရင်းနဲ့ ဘားရဲ့လူပြပွဲတွေနဲ့ နီးစပ်ပြန်ပါတယ်။ ဒါနဲ့ ကျွန်တော် 'ကေ' ဘားက ထွက်ပြီး တခြားဘားတစ်ခုပြောင်း။ ကိုယ်တိုင် လူပြပွဲလုပ်တော့တာ။ ပါဖောမင့် ဆိုပါစို့ဗျာ။

တစ်နေ့တော့ 'ပါဖောမင့်' တစ်ပွဲကို ဘတ်(၁၅၀)နဲ့ ဘားနှစ်ခု၊ ဘားတစ်ခုစီမှာ တစ်နေ့သုံးပွဲပြရတဲ့ အလုပ်နဲ့ တိုးပါရော။ ဟန်ကျတာပေါ့ဗျာ။ တစ်နေ့ ဘတ်(၁၅၀၀)ဆိုတဲ့ ဝင်ငွေက နည်းမှတ်လို့။

ဒီမှာတင် ကျွန်တော် ပထမမိန်းမနဲ့ညားတော့တာပဲ။ သူကလည်း လူပြပွဲလုပ်နေတာကိုး။ နှစ်ယောက်ပေါင်း ဝင်ငွေက မနည်းဘူးပေါ့။ နှစ်ယောက်ပေါင်း သောင်းကျော်ဆိုရမလိုပေါ့လေ။ စိတ်ကူးသစ်တွေရလိုက်ကြပါရော။

အဲဒီပြပွဲက တစ်ပွဲကို နှစ်ယောက်ပေါင်း ဘတ်(၅၀၀)ရတယ်။ ဒီတော့ တစ်နေ့ ခြောက်ပွဲဆိုရင်ပဲ တစ်နေ့ ဘတ်(၃၀၀၀)ဗျ။ ဒီလိုနဲ့ပဲ ကျွန်တော့်မိန်းမကိုယ်ဝန်ရှိလာပါရော။ ကျွန်တော်ကလည်း ဆေးမပြတ်နိုင်ဘူးလေ။ နောက်ဆုံးတော့ 'ဆေးနဲ့ ပတ်သက်တာတွေ ဖြတ်တောက်လိုက်ပါတယ်။

ဒါပေမဲ့ နှစ်လလောက်လည်း ပြတ်ရော ကျွန်တော့်မိန်းမလည်း အက်စီးဒင့်တစ်ခုနဲ့ သေတာပါပဲ။ ကျွန်တော့်မှာလည်း ကိုယ်ဝန်လေးလနဲ့ ဆုံးပါးရှာတဲ့ ဇနီးအတွက် အတော်ကြီးခံစားလိုက်ရပါတယ်။ ဘာမှ လုပ်ချင်ကိုင်ချင်စိတ်လည်း မရှိတော့ဘူး။

ကျွန်တော့်မိန်းမ ဆုံးပြီးနောက် ကျွန်တော့်ဘဝလည်း ဟာလာ ဟင်း

လင်းကြီး ဖြစ်သွားပါတယ်။ နှလုံးသားဆိုတာ အလုပ်မလုပ်တော့ သလိုပဲ။ ဒီတော့ ဘာပြန်ဖြစ်လာသလဲ။ ဟုတ်ပြီ။ အရင်ကိစ္စတွေပဲပေါ့။ ဆေးပြန်သုံးတယ်။ ဆေးခြောက်တောင် ရောင်းလိုက်သေးတယ်။ ဒီတော့ မအူမလည်ကောင်ကို ပုလိပ်ဖမ်းမိတော့တာပေါ့။ ဒီတော့လည်း ကျွန်တော့်ကို အချုပ်ခန်းကနေ အာမခံနဲ့ ပြန်ထုတ်ပေးတာက 'အမေ' ဖြစ်နေပြန်ရော။ ဒီလိုနဲ့ မိသားစုနဲ့အတူ 'လန်းပန်' မှာနှစ်လသုံးလ ပြန်နေရင်း 'စုကီယာကီ' စားသောက်ဆိုင်မှာ မန်နေဂျာအလုပ် ရပြန်တယ်။ ဒါပေမဲ့ ဆုံလည်နွားလိုပါပဲလေ။ ဆေးပြန်ရောင်းတယ်။ ပုလိပ်က ပြန်ဖမ်းတယ်။ 'အမေ' က အာခံနဲ့ ပြန်ထုတ်တယ်။

ထူးခြားတာက အဲဒီအတောအတွင်း ကျွန်တော့်အတွေးအခေါ် ပြောင်းလဲလာတာပါပဲ။ 'လောကမှာ မိဘလောက် ချစ်တဲ့သူ မရှိဘူး' လို့။ ဒီအခါ သားသမီးကောင်းဖြစ်ဖို့ ကျွန်တော် ကြိုးစားပါတော့တယ်။ ဒီလိုနဲ့ နောက်မိန်းမထပ်ရပြီး မိသားစုအရေးကို လေးစားတတ်လာတယ်။ အစပိုင်းတော့ ပျော်ရွှင်တဲ့မိသားစုနဲ့ ဘဝသာယာစိုပြည်နေတာပေါ့လေ။ သားတစ်ယောက်တောင်ရခဲ့ပေါ့။ ဒါပေမဲ့ ကျွန်တော့်မှာ HIV ပိုး ဘယ်နှယ်က စွဲလာတယ်ဆိုတာ မသိပါဘူး။ ကူးမယ်ဆိုရင်တော့ နည်းလမ်းပေါင်းစုံကပါပဲ။ ကျွန်တော်ကလည်း စုံတကာစေ့ခဲ့တဲ့ သူ မဟုတ်လား။ ဘာပဲဖြစ်ဖြစ် ဝမ်းနည်းကြေကွဲနောင်တရနေရုံနဲ့က မပြီးသေးဘူးလေ။ ဆယ်နှစ်အရွယ် ရောက်နေပြီဖြစ်တဲ့ သားလေးရဲ့နောင်ရေးကလည်း ရှိသေးတယ် မဟုတ်လား။

သူ့နောင်ရေးအတွက် ပိုက်ဆံတွေလည်း စုရဦးမယ်လေဗျာ ...။

+++

## THE DEEP SIN IN MY HEART

I never asked assistance from my parents or any other person, I was a self-confident woman. I had sex with so many guys. I did not have a chance to study when I was young. I had 4 children and 3 abortions. Now I live with my husband and 3 year old daughter. After I gave birth to this daughter, a doctor asked me to take birth control pills and he had so many questions for me. I did not lie to him. I told him that I was a prostitute and my 4 children had different fathers. I gave 3 children to their fathers.

My hometown is in Chiang Rai. I do not have any ID. card nor family registration. I moved to live with my first husband but he later left me. So I moved out from his house and I started to work as a prostitute. I had to keep away from the police because I did not have and ID. card, Later, I went to live in my relative's house in Lampang I still worked as same as before till I found my second husband. He had parents and 3 younger brothers and sisters. He was knowledgeable. His parents didn't like me because I was not good enough for their son. But he did not worry about what I was, so I decided to live with him and I became pregnant. When I had prenatal care at a hospital, the doctor told me I was infected with AIDS. I did not feel anything myself but I pitied my husband. After I gave a birth to my child I never went to see the doctor again. When my child got sick, my relatives took her to the hospital. I did not tell this to my husband but I drunk

more alcohol. So my child was not breast fed by me. My husband always complained to me but I was not interested in what he said. He must work alone. I sometimes bought food and when he got salary he would pay that expenditure at the end of month. Then, he began smoking and drinking. His drinking increased everyday. Sometimes he hit me but we still stayed together. Then we moved to stay with his parents, at first we stopped drinking but we could not do it long. I sometimes uttered a bad curse to my parents in law when I was drunk or when my husband was drunk he would start a fight with his father. But his parents were never angry with us. They always helped and took care of us.

In 1998, my father in law worked as an officer at municipality and he had free accommodation with this position. He gave this house to us and he looked for a job for my husband too. So my husband and I earned more money but we still drank a lot, we had a lot of friends there. At that time I was unfaithful to my husband, I had sex with other men.

At the end of 1999 my husband fell sick, he decided to see a doctor. We usually bought medicine from drug stores when he got sick and so did I.

I decided to write my story because I go not know what to do when someday my husband leaves me. This has been kept secret with me for 6 years. I was afraid to tell him, but my child was not infected with AIDS because when she got sick I asked my relative to take her to see a doctor and checked her blood. We did not find anything from her blood.

One day my husband's sister came back from Bangkok when she was 7 months pregnant. She told me that she is infected with AIDS from her husband. She always got very sick, she had to see a doctor very often. She told her story to me and invited me to join Phuen Keaw Club. She told me that in this club there are friends. We could

learn how to take care of ourselves and we could get assistance from many organizations as well.

One day my husband's sister came to see me in my house. She told me that she already asked for assistance from the club. An assistant asked for my ID. card number and family registration. But I did not have any of these documents and I did not tell my husband anything about me having AIDS. Then my husband found out my secret. He said he might not have been infected with AIDS. He did not care. I feel worried about this problem. I was a cause of this problem. I sometimes cry alone. I cannot give any help. I just wrote bad things that I did before. I want to say "I'm sorry." I want to go back to the past to change my habit but I can not. I aporogize to my father in law and my husband's relatives. I will take care of my child. I want her to get the best life and be a good person in the society.

Every reader, please forgive me and when you meet a person who is misguided, please be kind to him or her too.

❑

# မှားမိသည့်ဝန်တာ

ကျွန်မက ကိုယ့်ကိုယ်ကိုယ် သိပ်ယုံတယ်။ မိဘဆီကဖြစ်ဖြစ် တခြားတစ်ယောက်ယောက်ဆီကဖြစ်ဖြစ် ဘယ်တော့မှ အကူအညီ မတောင်းတတ်ဘူး။ ကျွန်မက ယောကျ်ားတွေနဲ့ ပရောပရီတော့ လုပ်တယ်။ အဲဒီအတွက် ပိုက်ဆံရတယ်။ ကျွန်မက ပညာမတတ်ဘူးလေ။ ကျွန်မလား ကလေး လေးယောက်ရှိတယ်။ သုံးယောက်ပျက်ခဲ့တယ်။ ခု ကျွန်မယောကျ်ားရနေပြန်ပြီ။ သူနဲ့ရတဲ့ ကလေးက 'သုံးနှစ်' သမီးရယ်။ ဒီကလေးကိုယ်ဝန်ရှိတော့ ကျွန်မဆေးခန်းသွားအပြမှာ ဆရာဝန်က ကျွန်မကို သားဆက်ခြားဖို့ဆိုလားပဲ ဖျောင်းဖျသေးပါတယ်။ ကျွန်မကို စစ်လိုက်ဆေးလိုက်တာကလည်း စုံလို့ပဲ။

ကျွန်မက မလိမ်ပါဘူး။ ကျွန်မဟာ ပြည့်တန်ဆာ ဖြစ်ဖူးတဲ့အကြောင်း သားသမီးလေးယောက်ရခဲ့ရာမှာ သုံးယောက်ကို သူတို့အဖေတွေဆီ ပေးပစ်လိုက်ပြီဖြစ်ကြောင်း အမှန်အတိုင်း ပြောခဲ့တယ်။

ကျွန်မက 'ချင်းရိုင်' သူပါ။ မှတ်ပုံတင်တွေ ဘာတွေ မရှိဘူး။ ကျွန်မပထမဆုံးယောကျ်ားရတော့ သူနဲ့တူ လိုက်နေခဲ့သေးတယ်။ နောက်တော့သူက ကျွန်မကို ပစ်သွားပါရော။ ဒါနဲ့ ကျွန်မလည်း လမ်းထွက်ပြီး ပိုက်ဆံရှာတော့တာပေါ့။ ပုလိပ်တွေကိုလည်း ရှောင်ရသေးတာရှင့်။ မှတ်ပုံတင်မှ မရှိဘဲကိုး။ ဒီလိုနဲ့ ခွေမျိုးအိမ်တစ်အိမ်မှာနေရင်း ပိုက်ဆံရှာစားခဲ့တာ ခု ဒုတိယယောကျ်ားရတဲ့အထိ ဆိုပါတော့။ သူ့မှာ မိဘရှိသေးတယ်။ ညီ၊ ညီမငယ် သုံးယောက်လည်း ရှိသေးတယ်။ သူက ဗဟုသုတရှိတဲ့လူပါ။ သူ့မိဘ

တွေကလား ဘယ် ကျွန်မနဲ့ သဘောတူပါ့မလဲ။ ကျွန်မက မိန်းမကောင်း တစ်ယောက် မဖြစ်နိုင်ဘူးဆိုတာ သူတို့သိကြမှာပေါ့။ ဒါပေမဲ့ ကျွန်မယောက်ျား က ကျွန်မအပေါ် စိတ်သန့်ခဲ့ရှာပါတယ်။ သူက လူရိုး လူအေးတစ်ယောက် ပါ။ ဒီလိုနဲ့ပဲ ခုသမီးလေးကို ကိုယ်ဝန်ရှိခဲ့တာပေါ့လေ။ ကျွန်မ ဆေးရုံသွားပြီ တော့ ဆရာဝန်က ကျွန်မမှာ AIDS ဖြစ်နေပြီတဲ့လေ။ ကျွန်မလား သိပ် ထူးထူးခြားခြား မခံစားရပါဘူး။ တစ်ခုပဲ ရှိတယ်။ ကျွန်မယောက်ျားကို ကျွန်မ သိပ်သနားတာပဲ။

ဒီလိုနဲ့ သမီးလေးရလာပါရော။ ဒါပေမဲ့ ကျွန်မ ဆရာဝန်နဲ့ အဆက် ဖြတ်ခဲ့တယ်။ ဘယ်လောက်ထိလဲဆိုရင် သမီးလေး နေမကောင်းရင်တောင် အိမ်နီးချင်းတွေနဲ့ပဲ ဆေးရုံကိုလွှတ်တယ်။ အဲဒီအချိန်ထိလည်း ကျွန်မ ယောက်ျားကို ဘာမှ ဖွင့်မပြောဘူး။ တစ်ခုတော့ရှိတယ်။ ကျွန်မ အရက်တွေ ဗိသောက်တော့တာပါပဲ။ ဒီအတွက် တစ်ခုတော့ကောင်းတယ်။ ကျွန်မဟာ သမီးလေးကို ဘယ်တော့မှ နို့မတိုက်ဖြစ်တော့ဘူး။ ဒီအတွက် ကျွန်မယောက်ျား က အပြစ်တင်ပေမယ့် ကျွန်မဂရုမစိုက်ခဲ့ဘူး။ သူကတော့ အလုပ်ပဲ ကုန်းရုန်း လုပ်နေတာပါ။ လကုန်လို့ လစာရရင် အိမ်စရိတ်သူ ပေးတယ်။ ဒါပဲ။ ဒါပေမဲ့ သူလည်းသောက်တတ် စားတတ်လာပါတယ်။ ဆေးလိပ်လည်း တအား သောက်တာပဲ။ အရက်သောက်တာများရင်တော့ ကျွန်မကို ရိုက်မောင်းပုတ် မောင်းလုပ်တာပေါ့လေ။ ဒါပေမဲ့ ကျွန်မတို့ မခွဲအတူနေပါပဲ။

သူ့မိဘ အိမ်ပြောင်းနေကြစမှာ သူရော ကျွန်မရော အရက်ဖြတ်လိုက် ကြပါသေးတယ်။ နောက်တော့လည်း ဒုံရင်းဒုံရင်းပါပဲရှင်။ ပိုဆိုးတာက ကျွန်မ တို့ အရက်မူးရင် သူ့အဖေ(ယောက္ခမကြီး)ကို ရန်လုပ်ကြတာပါပဲ။ အဘိုးကြီး ကတော့ ကောင်းရှာပါရဲ့လေ။ ဘယ်လောက်အထိလဲဆိုရင် သူဟာ မြူနီစပယ် လူကြီးရာထူးတစ်နေရာလည်းရရော သူ့အိမ်ကို ကျွန်မတို့ကို အပိုင်စား ပေးတဲ့အထိပဲ။ ကျွန်မယောက်ျားကိုလည်း အလုပ်အကိုင်တွေ ရှာပေး သေးရဲ့။

ဒီတော့ ကျွန်မတို့မှာ ပိုက်ဆံဆိုတာ ပေါခွေးလောခွေးပေါ့။ အင်း .. ပိုက်ဆံရှိလာတော့ အပေါင်းအသင်းတွေက များလာတာ မမွတာပါပဲ။ ကျွန်မတို့ အိမ်ကို သူ့သူငယ်ချင်းတွေ အဝင်အထွက် များလာတာပေါ့လေ။ ကျွန်မ

လား … ခြံစုန်နေကျ နွားမပဲလေ။ အဲဒီ သူ့သူငယ်ချင်းတွေနဲ့လည်း ပရောပရီပေါ့။ ကျွန်မသူ့အပေါ် သစ္စာမဲ့ခဲ့တာလေ။

၁၉၉၉ နှစ်ကုန်ပိုင်းမှာ ကျွန်မယောက်ျား စပြီးဖျားနာတော့တာပါပဲ။ ဆရာဝန်ပြဖို့ သူဆုံးဖြတ်တယ်။ ခါတိုင်းက ကျွန်မတို့ ကိုယ်လက်မအီမသာဖြစ်ရင် လမ်းဘေးဆိုင်က ဆေးဝယ်သောက်တာပါပဲ။

ကျွန်မလား … ကျွန်မ အခြေနေတွေကို ယောက်ျားကို ဖွင့်မပြောခဲ့ပါဘူး။ ကျွန်မရဲ့သမီးလေးကတော့ AIDS ရောဂါ မရှိဘူးတဲ့ရှင်။ ဒါလည်း ကျွန်မကိုယ်တိုင်သွား စစ်ဆေးတာမဟုတ်ပါဘူး။ အိမ်နီးချင်းတွေက ကလေးနေမကောင်းလို့ သွားပြရင်း စစ်ခဲ့လို့သိရတာ။ သမီးလေး ကံကောင်းပါတယ်လေ။

တစ်နေ့တော့ ကျွန်မယောက်ျားရဲ့ညီမ ကျွန်မအိမ်ရောက်လာပါတယ်။ ကိုယ်ဝန်ကြီး ခုနစ်လနဲ့။ သူက ကျွန်မကို ဖွင့်ဟပါတယ်။ သူ့မှာ သူ့ယောက်ျားဆီက AIDS ရောဂါစွဲကပ်နေပြီတဲ့။ သူဟာ မကြာခဏဖျားလို့ ဆရာဝန်သွားပြ ဆေးကုရင်း တစ်ဖက်က 'ဖောင်ချော' ကလပ်မှာ ဝိုင်းကူသွားဖြစ်ပါသတဲ့။ အဲဒီကလပ်က AIDS ရောဂါသည်တွေ အချင်းချင်း အားပေးကြ။ ကူညီကြနဲ့ လူမှုရေးလုပ်နေတာတဲ့လေ။ ဆရာဝန် ဆရာမတွေကလည်း သိပ်သဘောကောင်းဆိုပဲ။ ကိုယ်တိုင်အကူအညီရသလို တစ်ပါးသူကိုလည်း ပြန်ကူညီရတဲ့အသင်းပေါ့။

ကျွန်မယောက်ျားရဲ့ညီမက ကျွန်မကိုလည်း အဲဒီအသင်းဝင်ဖို့ လာပြီးဆွယ်တာပါ။ သူက ကျွန်မရဲ့မှတ်ပုံတင်တို့ မိသားစုစာရင်းတို့ တောင်းတော့ ကျွန်မမှာက ဘာမှပေးစရာမရှိဘူးလေ။ ဒီလို ပြောကြဆိုကြရင်းနဲ့ပဲ ကျွန်မရဲ့လျှို့ဝှက်ချက်ကို ကျွန်မယောက်ျား သိသွားပါတော့တယ်။ ကျွန်မ တိတ်တိတ်ကလေးနေခဲ့တာ ခြောက်နှစ်ရှိပြီပဲ။ ကျွန်မဟာ AIDS ရောဂါသည်ဆိုတာ သူ သိသွားခဲ့ပါပြီရှင်။

ဒါပေမဲ့လေ သူက သိပ်ပြီး စိတ်ကောင်းရှိတဲ့သူပါ။ သူ့ဆီမှာ အော့စ်ကူးချင်မှ ကူးမှာတဲ့။ ဖြစ်ပြီးသမျှကို ဘာမှ ပြန်ပြီးချေးခြောက်ရေနှူး လုပ်မနေတော့ဘူး။

ဒီတော့မှ တစ်သက်လုံးမကောင်းခဲ့တဲ့ ကျွန်မ ပြန်ပြီးခံစားရပါတော့တယ်။ တကယ်တော့ ပြဿနာကို ကျွန်မက စခဲ့တာမဟုတ်လား။ သစ္စာမဲ့ခဲ့တာ ကျွန်မမဟုတ်လား။ မကောင်းခဲ့တာ ကျွန်မမဟုတ်လား။ ကျွန်မ ဘယ်လိုလုပ်ပြီး ဖြေရတော့မလဲ။ မိသားစုအားလုံးက ကျွန်မအပေါ်ကောင်းခဲ့ကြတယ်။ မကောင်းတာက ကျွန်မ တစ်ယောက်တည်း။

ကျွန်မအပြစ်တွေကို ဘယ်လို ပြန်ပြီး ဆေးကြောရတော့မှာလဲ။ အတိတ်ကို ပြန်သွားလို့လည်း မရတော့ဘူးလေ။ ရတယ်ပဲထားဦး။ ကျွန်မဟာ စာရိတ္တမကောင်းတဲ့အကျင့်ဆိုးကို ဘယ်လိုဖျောက်ပစ်ရမှာလဲ။ အခုချိန်မှာ ကျွန်မဟာ 'ခွင့်လွှတ်ကြပါ' ဆိုတဲ့ စကားတစ်လုံးကိုပဲ ပြောနိုင်ခွင့်ရှိပါတော့တယ်။

ကျွန်မလေ ကျွန်မရဲ့ယောက္ခမတွေကိုရော ခင်ပွန်းကိုပါ ဒေခုတော့ဝန်ခံလိုက်ပါပြီ။ ပတ်ဝန်းကျင်အသိုင်းအဝိုင်းကိုလည်း ဖွင့်ဟလိုက်ပါပြီ။ ဒီထက်ပိုပြီးဖွင့်ဟဝန်ခံဖို့ရာ ခုလိုစာရေးပြီး လူအများသိအောင် ကိုယ့်ကိုယ်ကိုယ်ဖော်ထုတ်ဖို့ပဲ ရှိတော့တာ မဟုတ်လားလေ။

စာဖတ်သူများရှင် ကျေးဇူးပြုပြီး ကျွန်မကို ခွင့်လွှတ်ကြပါ။ 'အကွပ်မဲ့ကြမ်း ပရမ်းပတာ' ဆိုတာလို ဖြစ်နေတဲ့သူတွေကို တွေ့ရင်လည်း ကူညီကြပါ။ ရိုင်းပင်းကြပါ။ ကြင်နာသနား မေတ္တာထားကြပါလို့။

+++

## THE WAY OF VICES THE WAY FOR AIDS

This experience is unforgettable in my life. It is a very painful episode and changed my life so much.

I married on 12 May 1989. Before I married I liked to have affair with girls but the problem about AIDS was not as rampant as it is now. After our marriage I said to my wife that we would use condoms for birth control, for it's better than pills because I didn't want her to get blemishes on her face. In 1991 we wanted to have a child. We had blood tests at a Venereal Disease Center. The results were negative and in November 1991 my wife became pregnant. She gave a birth to daughter, her weight was 3.4 kg. She was very healthy. My health was good and I still had affairs with other girls, and for my wife I hardly had time for her.

I liked to gamble, so I did not have time to stay at home. In 1993 we wanted to have another child. We had blood tests again in March 1993. My result was positive. I was very sad, but my wife always took care of me. At first, I stopped behaving the same as before. I returned to work. A few months later I met a woman, she had the same problem as mine. So it was easy to know each other. I thought I was very poor because I knew that I was infected with the disease I also had a new girl. This woman was very kind. We liked to gamble. At that time I was very happy. We sometimes used condoms when we had sex. I began to go to cock fighting. My new wife gave me money to gamble. I rented one house to stay with my new wife. For my ex-wife, she had income from me from repairing electronic machines because my house

was a repair shop. She would keep the repairing fee from the customer. In 1997 my new wife became very sick, I always took care of her until she went to her hometown in Lampoon, and around the end of 1997 she died there.

At the end of 1998 I came back to my shop. At that time when mosquitos bit me I felt very itchy and developed spots on my body. Over the next few months I had headaches and had more symptoms later. I took aspirin but I still had headaches, sometimes I could not remember anybody, I could not drink, eat and could not defecate. At that time my wife took care of me. I went to see the doctor. I stayed at Ka Roon Building for 3 days. I started to feel better than before. I was treated kindly by the members of the group and we prayed together.

When I was at home I always went to cock fighting. I didn't know that you could get sick from poultry diseases. In October 1999 I was very ill. I always felt sick, headaches and tired, and I had to go to hospital again. At this time the doctor had to pierce at my back. Then I wanted to attend the Phuen Kaew Club because someone told me that there were many things to do. I was taken care of by the doctor and continuously attending the club, too. I have already taken 42 bottles of medicine. I had an aim to help and suggest to the others how to pray. Now I am brave to open myself to society.

When I went to the Day Care room for the medicine, I met Ms. Sripai and Ms. Air; both of them took care of me. They were very kind to the AIDS potients. On 15 October 1999 my wife had a blood test and the result did not show infection with the AIDS disease. Now my wife and I are working in Phuen Kaew Club. I want to give knowledge to other patients. I will do everything for the club and other friends.

❑

# အပျော်ဆိုတာ ရှောင်

'ဒီ အတွေ့အကြုံကတော့ ကျွန်တော့်ဘဝမှာ မေ့မရနိုင်တော့ပါဘူးဗျာ။ အလွန်ပဲ နာကျင်ခံခက်တဲ့ သင်ခန်းစာပါပဲ'

၁၉၈၉ ခုနှစ်၊ မေလ ၁၂ ရက်နေ့မှာ ကျွန်တော် လက်ထပ်ခဲ့ပါတယ်။ ဒီမတိုင်ခင်က ကျွန်တော်ဟာ မိန်းကလေးတွေနဲ့ ပရောပရီနေခဲ့ပေမယ့် AIDS ပြဿနာက ခုနေခါလောက် ရေးကြီးခွင်ကျယ် မဟုတ်ပါဘူး။

လက်ထပ်ပြီးတဲ့အခါမှာတော့ ကျွန်တော်က ကျွန်တော့်မိန်းမကို အတူနေကြစဉ်မှာ ကွန်ဒုံးသုံးကြဖို့ တိုက်တွန်းခဲ့ပါတယ်။ ဆေးကဒ်တွေဘာတွေတော့ မသုံးစေချင်ဘူး။ သူ့မျက်နှာ အလှပျက်မှာစိုးလို့ပါ။ ဒါဟာလည်း ကလေးမလိုချင်သေးလို့ပါလို့ မိန်းမကို ပြောခဲ့ပါတယ်။

၁၉၉၁ ခုနှစ်မှာတော့ ကျွန်တော်တို့ ကလေးယူဖို့ ဆုံးဖြတ်ခဲ့ကြပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ဆေးရုံမှာ သွေးစစ်ခဲ့ကြတော့ နှစ်ယောက်စလုံး ဆေးအောင်ကြပါတယ်။ ၁၉၉၁ ခုနှစ် နိုဝင်ဘာမှာ ကျွန်တော့်မိန်းမ ကိုယ်ဝန်ဆောင်ပါတယ်။ သူက သမီးလေးတစ်ယောက် မွေးပေးပါတယ်။ ကိုယ်အလေးချိန် ၃ ဒသမ ၄ ကီလိုရှိပြီး အလွန်ကျန်းမာတဲ့ သမီးလေးပါပဲ။

ကျွန်တော့်ကျန်းမာရေးကလည်း ကောင်းနေတာမို့ ကျွန်တော်ဟာ အခြားမိန်းကလေးတွေနဲ့ ပြန်ပြီးပရောပရီလုပ်မိပါတယ်။ ကျွန်တော်ဟာ အဲဒီအချိန်မှာ လောင်းကစားလည်း ဖက်လာတာမို့ အိမ် သိပ်မကပ်ဖြစ်ပါဘူး။ ဒါပေမဲ့ ၁၉၉၃ ခုနှစ်မှာတော့ ကျွန်တော်တို့ နောက်ထပ် သားသမီး လိုချင်ခဲ့ပြန်တာမို့ သွေးသွားစစ်ကြပါတယ်။ ဒီတစ်ခါတော့ ကျွန်တော် ဆေးမအောင်တော့ပါဘူး။ ကျွန်တော် အကြီးအကျယ် တုန်လှုပ်ချောက်ချားသွားပါတယ်။ ဝမ်းနည်းပက်လက်လည်း ဖြစ်ရပါတယ်။

ကျွန်တော့်မိန်းမကတော့ ကျွန်တော့်ကို အတော်ကလေး ဂရုစိုက်ရှာပါရဲ့။ ဒါနဲ့ ကျွန်တော်ဟာ လုပ်လက်စ အမှုအကျင့်တွေပျောက်ပြီး အလုပ်ထဲမှာပဲ ဖွတ်နှစ်နေခဲ့ပါတယ်။ ဒီမှာတင် ကျွန်တော်နဲ့ဘဝတူ မိန်းမတစ်ယောက်ကို တွေ့ပါရော။ ရောဂါသည်ချင်း အတူတူဆိုတော့ တစ်ယောက်ဘဝကို တစ်ယောက်ပိုနားလည်ကြတာပေါ့လေ။ ကြည့် ... သူကလည်း လောင်းကစား ဝါသနာအိုးပဲ မဟုတ်လား။ သူက ကျွန်တော့်လောင်းကစားဖို့ ပိုက်ဆံတွေ ရှာပေးခဲ့ပါတယ်။ အဲဒီအချိန်တွေတုန်းကတော့ ကျွန်တော် အလွန်ပျော်ခဲ့တာပေါ့ဗျာ။ ကျွန်တော်ဆို ကြက်တိုက်တဲ့အဆင့်ထိ ရောက်ခဲ့ပါရော။ ဒါနဲ့ ကျွန်တော်ဟာ နောက်မိန်းမနဲ့အတူ အိမ်တစ်လုံးငှား နေခဲ့ပြန်ပါတယ်။ ကျွန်တော်တို့ အတူနေတုန်းမှာ ကွန်ဒုံးသုံးပါတယ်။ (ကျွန်တော့်ပထမမိန်းမကတော့ ကျွန်တော်တည်ထောင်ထားတဲ့ လျှပ်စစ်ပစ္စည်းပြုပြင်ရေးလုပ်ငန်းကနေ ဝင်ငွေရခဲ့ပါရဲ့)။

၁၉၉၇ ခုနှစ်မှာတော့ ကျွန်တော့်မိန်းမသစ်ဟာ အကြီးအကျယ် ဖျားနာတော့တာပါပဲ။ ကျွန်တော်လည်း သူ့ဇာတိ လန်းပန်ကို ပြန်သွားချိန်ထိ တတ်နိုင်သလောက် ပြုစုပေမယ့် အဲဒီနှစ်ထဲမှာပဲ သူဆုံးပါးသွားပါတော့တယ်။

၁၉၉၈ ခုနှစ်မှာ ကျွန်တော်ဟာ မူရင်းအိမ်ကိုပြန်ပြီး လျှပ်စစ်ပစ္စည်း ပြုပြင်ရေးအလုပ်တွေ လုပ်ခဲ့ပါတယ်။ ခြင်တွေ အရမ်းကိုက်ပြီး ထိုင်လုပ်ရတဲ့ အလုပ်ဆိုတော့ ကျွန်တော့်ကိုယ်ပေါ်မှာ ယားယံဖုတွေထွက်လာတယ်ပဲ ထင်တာပေါ့လေ။ ဒါပေမဲ့ ဘာမှ မကြာလိုက်ပါဘူး။ ကျွန်တော့်မှာ ခေါင်းကိုက်ရောဂါ စွဲလာတော့တာပါပဲ။ တခြားလက္ခဏာတွေလည်း ပြလာပါတော့တယ်။ အကိုက်အခဲပျောက်ဆေးတွေ သောက်ပေမယ့် မသက်သာပါဘူး။ အအိပ်အစားတွေလည်း ပျက်လာပါတယ်။ အဲဒီအချိန်တွေမှာ ကျွန်တော့်မယားကြီးက အလွန်ပဲ ဂရုစိုက်ရှာပါရဲ့။ ဆရာဝန်ဆီလည်း လိုက်ပြပေးပါတယ်။ ကုသဆောင်မှာ သုံးရက်နေခဲ့ရတဲ့အတွင်း ကျွန်တော့်ကျန်းမာရေး ပြန်ကောင်းလာသလိုပါပဲ။ ဂရုတစိုက် ကုသမှုကို ခံယူရင်း ဝတ်ပြုဆုတောင်းသမှုတွေလည်း ပြုနိုင်ခဲ့ပါတယ်။

အဲ ... အိမ်ပြန်ရောက်တော့ ကျွန်တော်ဟာ ပိုနေမြဲ ကျားနေမြဲ

ဆိုတာလို ကြက်ဝိုင်းပြန်ရောက်လိုရောက်ပေါ့လေ။ ကြက်ငှက်ရောဂါ ခံစားကူး စက်တတ်တယ်ဆိုတာ ကျွန်တော် မသိခဲ့ပါဘူး။

၁၉၉၉ ခုနှစ်၊ အောက်တိုဘာလမှာ ကျွန်တော်အကြီးအကျယ် ဖျားနာ ပါလေရော။ ကိုယ်ပူတယ်။ ခေါင်းကိုက်တယ်၊ မောတယ်။ ဒါနဲ့ ကျွန်တော် ဆေးရုံတစ်ခေါက်ပြန်ရောက်ရော ဆိုပါစို့။ ဒီတစ်ခေါက်တော့ ကျွန်တော့်ကျော အဖောက်ခံရပါတယ်။ ဒီမှာတင် 'ပေါင်ချော' အသင်းမှာ သွားနေဖို့ ကျွန် တော်ဆုံးဖြတ်ရပါတော့တယ်။ အဲဒီမှာက ပြုပြင်ထိန်းသိမ်းရေးကိစ္စတွေ အများ ကြီး လုပ်ရတာကိုး။ ဆရာဝန်တွေကလည်း အထူးဂရုစိုက်ကြတယ် ပြော တာပဲ။ (ကျွန်တော်ဟာ ဆေးပုလင်း ၄၂ ပုလင်းထိ သောက်ခဲ့ရပါတယ်)

အဲဒီကစပြီး ကျွန်တော်ဟာ ကိုယ့်လိုရောဂါရှင်တွေကို အားပေးဖို့ ကူညီဖို့ ဆုတောင်းပတ္တနာပြုဖို့တွေကိုလုပ်ရင်း ဘဝကို ရဲရဲရင်ဆိုင် ဖြေရှင်း ဖို့ နားလည်သွားပါတော့တယ်ဗျာ ...။

၁၉၉၉ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့မှာ ကျွန်တော့်မိန်းမလည်း သွေးစစ်ခံခဲ့ပါတယ်။ ကြည့်စမ်း။ သူ ဆေးအောင်တယ်။ AIDS ရောဂါ မဖြစ်ဖူးတဲ့။

ခုဆိုရင် ကျွန်တော်တို့ လင်မယားနှစ်ယောက် 'ပေါင်ချော' ကလပ် အသင်းမှာ အတူတွဲပြီး ကူညီလုပ်ကိုင်နေကြပါပြီ။ သူငယ်ချင်းတွေကိုရော၊ အခြားဝေဒနာရှင်တွေကိုပါ ကျွန်တော်တို့ လင်မယား အကူအညီ အကြံဉာဏ် တွေ ပေးနိုင်ခဲ့ပါပြီ။

+++

# LOVE OR SELFISH

I live with my grandmother. I have been fatherless since I was young. I stayed in Phayao province. My mother went to her mother's house with her youngest daughter.

When I finished Technical School, I worked in the district office for 1 year and moved to work in a company until I met Chaiwat. My uncle who lives in Lampang introduced me to him; Chaiwat was my uncle's friend. Chaiwat always came to visit me at home or shop. We decided to marry on 6 May 1993. We had a big Chinese marriage party. I moved to his mother's house. After we got married, only after a few days he got drunk and had sex with a girl he knew before. So we always quarreled. I wanted to go back to my house but his mother didn't want me to. Because she had set up a big marriage party, that was her reason. So she took me to work in the shop, it was her shop before but she gave it to us. She assigned the financial work to Chaiwat. **At that time, he spent a lot of money on drinking. He sometimes didn't come home and he stayed at a hotel. One day he was very drunk and he told me that he felt regret about our marriage because he knew that he had AIDS. I told his mother what he said. She said that Chaiwat was drunk and kidding me, he wasn't serious.**

I still worked in the shop but Chaiwat never changed his habits. First I didn't know that he had other women. We had a big quarrel and

I returned to Phayao but he followed me there and promised me that he would not drink anymore or have other women. So I came back with him. Next we had very big quarrel because I wanted to visit my sister in Bangkok. I divorced him and I moved to a new place. He wanted to be reconciled with me so I gave him a last chance. At that time I also had a business in Phoyao so I let him work in Lampang but I wanted to work in Phayao and Lampang alternately.

Then he moved to stay in Phayao with me. We sold mackerel at the market. He worked for a while and got sick with stomachache and he lost a lot of weight. I went to see a doctor to check my blood. The result was HIV positive. I was very sad and felt I couldn't stand it. In 1997, I had to check my health to have life insurance, the result was negative! So how could I be infected, I hardly ever believed it until Chaiwat became very sick. I called his mother. She came to see him and I told her that both of us were infected with AIDS. She didn't get upset about this problem. I took him to the Lampang hospital, after that his mother took him to her house. **His mother also said that Chaiwat was infected with the disease by me but she knew that he was infected already.** After that we did not communicate anymore.

Then, when I went to see the doctor I met Chaiwat again. He was in a very bad state, he confessed to me that he was the origin of this problem. He was infected in 1992 and his mother also knew about this. But I forgave them.

If I knew that the marriage would destroy my life, I would not have married. Chaiwat died in December 25, 1999.

*We hope that she will be the last be fooled in marriage with an AIDS infected person.*

❑

# မင်္ဂလာမရှိသော မင်္ဂလာဆောင်

ကျွန်မက အမေ့ဘက်က အဘွားနဲ့နေသူပါ။ ကျွန်မမှာ အဖေ မရှိပါဘူး။ ကျွန်မအလွန်ငယ်တဲ့အရွယ်ကတည်းက အဖေဆုံးသွားခဲ့ပါပြီ။ ကျွန်မတို့နေတာက ဖာယိုစီရင်စုမှာပါ။ အမေကလည်း သမီးအငယ်ဆုံးနဲ့အတူ သူ့အမေအိမ်မှာ သွားနေပါတယ်။

ကျွန်မ စက်မှုလက်မှုကျောင်းပြီးတော့ တိုက်နယ်ရုံးမှာ တစ်နှစ်အလုပ်လုပ်ခဲ့ပါတယ်။ နောက်တော့ လန်းပန်က ကုမ္ပဏီတစ်ခုမှာ ပြောင်းလုပ်ရင်း ချိုင်ဝပ်နဲ့တွေ့ပါတယ်။ ချိုင်ဝပ်ဟာ ကျွန်မဦးလေးရဲ့ သူငယ်ချင်းပါ။ ဦးလေးက မိတ်ဆက်ပေးလို့ သူနဲ့ စသိခဲ့ရပြီး များမကြာခင်မှာပဲ ချိုင်ဝပ်ဟာ ကျွန်မရှိရာကို ခဏခဏ လာလည်ပါတော့တယ်။ ဒီလိုနဲ့ ကျွန်မနဲ့သူ လက်ထပ်ကြဖို့ သဘောတူလိုက်ပါတယ်။ ၁၉၉၃ ခုနှစ်၊ မေလ ၆ ရက်နေ့မှာပေါ့ရှင်။ ကျွန်မတို့ တရုတ်လို မင်္ဂလာဆောင်ကြပါတယ်။ သူ့အမေအိမ်မှာ လိုက်နေကြပါတယ်။

ကျွန်မတို့ လက်ထပ်ပြီးလို့ ရက်ပိုင်းအကြာမှာပဲ ချိုင်ဝပ်ဟာ အရက်တွေသောက်၊ အရင်က သူသိတဲ့မိန်းကလေးနဲ့ ဆက်ဆံလာတော့တာပါပဲ။ ကျွန်မတို့ အမြဲတမ်း ရန်ဖြစ်စကားများကြတာပေါ့လေ။ ဒါနဲ့ ကျွန်မက အဘွားအိမ်ပြန်မယ်ပြောတော့ သူ့အမေက လူသိရှင်ကြား တရုတ်လို မင်္ဂလာဆောင်ထားတာမို့ ကျွန်မအိမ်ပြန်လို့ မသင့်တော်ဘူးဆိုပြီး တားပါတယ်။ ပြီးတော့ သူ့ရဲ့ဆိုင်ကိုလည်း ငွေကြေးကအစ ကျွန်မတို့ကို လွှဲပေးလိုက်ပါတယ်။ ဒီမှာတင် ချိုင်ဝပ်ဟာ ပိုက်ဆံတွေကိုဖြုန်းပြီး အရက်ကိုလည်း မိုးအလင်း သောက်တော့တာပါပဲ။

သူဟာ တစ်ခါတလေ အိမ်မပြန်ဘဲ ဟိုတယ်မှာသာအိပ်နေတတ်ပါတော့တယ်။

တစ်နေ့တော့ သူဟာ အရက်တွေအရမ်းမူးပြီး ကျွန်မကို ဖွင့်ဟဝန်ခံပါတော့တယ်။

'ငါ့မှာ အေအိုင်ဒီအက်စ် ဖြစ်နေပြီ။ ဒါကြောင့် မင်းကို လက်ထပ်မိတာ စိတ်မကောင်းပါဘူး' တဲ့ရှင်။ ကျွန်မ ဘာများတတ်နိုင်တော့မှာပါလဲ။ ကျွန်မက ဒီအကြောင်း သူ့အမေကို ဖွင့်ပြောတော့လည်း 'ချိုင်ဝဝ် အရက်မူးပြီး လျှောက်ပြောတာ ဖြစ်မှာပါ' လို့ပဲ ပြောပါတယ်။ ကျွန်မကလည်း သူ့မှာ တခြားမိန်းမတွေ ရှိနေခဲ့တာ အစက မသိဘူး။ ချိုင်ဝဝ်ကလည်း မူမပြောင်းပါဘူး။ နေမြဲပါပဲ။ ဒါနဲ့ တစ်ခါတော့ ကျွန်မ ဖာယိုကို ပြန်သွားခဲ့ပါတယ်။ ဒီတော့လည်း သူက နောင်မဖြစ်စေရပါဘူးဆိုတဲ့ ကတိတွေ အမျိုးမျိုးတွေပေးပြီး လိုက်ခေါ်ပြန်ရော။ ကျွန်မလည်း ပြန်လိုက်သွားမိပါတယ်။

တစ်နေ့တော့ ကျွန်မညီမရှိရာ ဗန်ကောက်ကို သွားမယ်ပြောမိရာက အကြီးအကျယ် စကားများကြပါတယ်။ ကျွန်မ သူ့ကို ကွာရှင်းလိုက်ပါတယ်။ နေရာသစ်တစ်ခုကို ပြောင်းပါတယ်။ သူက ကျွန်မကို ပြန်ပေါင်းထုတ်ချင်ပါတယ်။ ဒါနဲ့ ကျွန်မလည်း သူ့ကို နောက်ဆုံးအခွင့်အရေး ပေးခဲ့ပါတယ်။ အဲဒီအချိန်မှာ ကျွန်မဟာ လန်းပန်မှာရော ဖာယိုမှာပါ အလုပ်ရှိနေပါပြီ။ ကျွန်မက သွားချည်ပြန်ချည် အလုပ်လုပ်ပြီး သူ့ကိုတော့ လန်းပန်မှာပဲ နေစေပါတယ်။ ဒါပေမဲ့ မရပါဘူး။

သူ ကျွန်မရှိရာ လိုက်လာပြီး ပေါင်းဖက်နေပါတယ်။ ကျွန်မတို့ ဖာယိုမှာ ပင်လယ်ငါးရောင်းပါတယ်။ ဒီလိုနဲ့ သူဟာ ကိုယ်အလေးချိန်တွေ လျော့ပြီး အပြင်းဖျားလာပါတော့တယ်။ ဒါနဲ့ ကျွန်မလည်း ကျွန်မကိုယ်ကျွန်မ သွေးစစ်ကြည့်တော့ အိတ်ချ်အိုင်ဗီပိုး ရှိနေပါသတဲ့။ ကျွန်မ ရပ်တည်မရ လောက်အောင်ကို တုန်လှုပ်ချောက်ချားသွားရပါတော့တယ်။ ၁၉၉၇ ခုနှစ်တုန်းက အသက်အာမခံအတွက် ကျန်းမာရေးစစ်ဆေးတော့ ဗီပိုးမရှိခဲ့သေးပါဘူး။ နော့ဖြင့် ဘယ်လိုက ဘယ်လို ကျွန်မ ဒီရောဂါရခဲ့ပါသလဲရှင်။ ကျွန်မတို့ နှစ်ယောက်စလုံး ဒီရောဂါစွဲကပ်နေရပြီလို့ သူ့အမေကို ပြောပြတော့ ဝမ်းနည်း

မှုကလေးတောင်မှ မပြခဲ့ပါဘူး။ ပေါ့ပေါ့ပါးပါးပဲ။ ဒါနဲ့ ကျွန်မ ချိုင်ဝဝ်ကို လန်းပန်ဆေးရုံသွားပြခဲ့ပါတယ်။ သူ့အမေကတော့ သူ့အိမ်ကို ချိုင်ဝဝ်ကို ခေါ်သွားပြီး ပြုစုပါတယ်။ ပြီးတော့ သူ့သားဟာ ဒီရောဂါကို ကျွန်မဆီက ရတာပါလို့ စွပ်စွဲတော့တာပဲ။ ဒီနောက်ပိုင်းမှာတော့ ကျွန်မတို့ဟာ လုံးဝသက်ဆိုင်ခြင်း မရှိတော့ဘဲ ကင်းပြတ်သွားကြပါတော့တယ်။

ကျွန်မ ဆေးရုံကိုသွားပြီး ဆရာဝန်နဲ့ ပြနေစဉ်အတောအတွင်း သူနဲ့ တစ်ကြိမ် တွေ့ရပါသေးတယ်။ အဲဒီအချိန်မှာ သူ့အခြေအနေ သိပ်ဆိုးရွားနေပါပြီ။ သူက အဲဒီတော့မှ ဒီပြဿနာကို သူစခဲ့တာလို့ ဝန်ခံပါတယ်။ သူ့မှာ ၁၉၉၂ ကတည်းက ဒီရောဂါရှိနေပါပြီတဲ့။ သူ့အမေကလည်း သိပါတယ်တဲ့။ ဒါပေမဲ့ ကျွန်မ ခွင့်လွှတ်လိုက်ပါတယ်လေ။

လက်ထပ်ခြင်းဟာ ကျွန်မဘဝရဲ့ပျက်စီးရာ ပျက်စီးကြောင်းဆိုရင် ကျွန်မ လက်ထပ်တဲ့မင်္ဂလာကို ဆောင်ခဲ့မှာ မဟုတ်ပါဘူး။

ချိုင်ဝဝ်ဟာ ၁၉၉၉ ခုနှစ်၊ ဒီဇင်ဘာ ၂၅ ရက် ခရစ္စမတ်နေ့မှာ ဆုံးပါးသွားပါတယ်ရှင်။

[Japan International Cooperation Agency *ကတော့ အဲဒီအမျိုးသမီးသည် အေအိုင်ဒီအက်စ်ရောဂါသည်ကို ရှုးရှုးမိုက်မိုက် လက်ထပ်ခဲ့တာ နောက်ဆုံးလူဖြစ်ပါစေလို့ ဆုတောင်းထားပါသည်။ အထက်ပါ စာစုကလည်း အဲဒီအမျိုးသမီးကိုယ်တိုင်ရေးတဲ့အက်ဆေးလေးပါပဲ။ လက်ထပ်ကြတော့မည့်ဇနီးမောင်နှံများ သတိမူနိုင်ကြစေရန် တင်ပြလိုက်ရပါသည်။*]

+++

# LIVING FOR THE CHILD

I am twenty-six years old and I have a son, who is six years old. He is in kindergarten school. My son and I are staying in my parents' house.

I was infected with HIV by my husband. We married in July 1991. My husband was a good person and we were happy. At that time AIDS was becoming more known but I thought my family was far from it. I lived with him for six years, he became sick in July 1997. First, he had some pocks on his body but I thought that it was just mosquito bites. And he also had a cough so I took him to Chiang Mai hospital but we did not receive the result. Then I took him to a clinic. I asked the doctor there, "Are these AIDS symptoms?" The doctor said he had to cheek my husband's blood. After that he did not want to see doctor until he got very sick. I always consoled him that he was not infected with AIDS, but in my mind I always thought that he was. The following month I decided to take a blood test. I thought 99 % I was infected and 1% I may be lucky. The result was positive. I accepted the problem because I used the last month to try to accept the problem. I thought about what I could do for my husband. I wanted him to stay with us for as long as possible. I did not tell my husband about this but I told my sister and parents.

The doctor suggested I attend the AIDS patient club at Ngao Hospital on the 3rd October 1997 Then on the 10th October 1997 my husband left me. I knew why and accepted this, I still had a son and good parents. They always cheered me up when I felt blue.

The name of Ngao Hospital club was Roum Nuam Jai. I became a secretary of this club. We had 20 members at that time. Then I attended the Provincial Network. I could meet many friends, and we exchanged experiences. In September 1998 I was a representative of my province on the committee of the northern zone. I was very happy about this work. Now I am a committee member of the region. From the first day until now, I feel very proud that I can help friends and other AIDS patients. I am happy, I am tired but I like what I do. I do not get much relaxation but I am satisfied with my job.

I still have a son, I must stay alive for my son. He is clever. I have not taken him to check his blood. He is very healthy. Nowadays I do not worry about "AIDS" because AIDS changed me in good way. I can help hopeless people. I know that the quality of a person is not to do with their position but it's to do with their behavior. Anyway it is already 8 years that I have had AIDS and I will fight till the end.

*A strong consciousness, certain courage, clear aims, all of these things are factors of an AIDS patient's life that brings happiness to them.*

□

# ကေပုတ္တ မနုရကွေ

‘စိတ်ရောဂါ’ကို စိတ်ဖြင့်ကုတာရှိ၏။ ကျွန်တော်ကိုယ်တိုင် အရက်ဖြတ်စဉ်က စိတ်ကျရောဂါစွဲကပ်ဖူး၏။ ဆေးရုံတက်ရ၏။ စိတ်ရောဂါအထူးကု ဆေးရုံဖြစ်၏။ ထိုမှာ ဆရာဝန်များ၊ သူနာပြုများက ကျွန်တော့်ကို ‘စိတ်’ ‘စိတ်’ ချင်းဆက်သွယ်ကုသ၏။ ကျွန်တော်၏ ဉာဏ်ရည်၊ အတွေးအခေါ်နှင့် စိတ်ထားပေါ်မူတည်ပြီး ကုသကြ၏။ ကျွန်တော်နှင့်တန်းတူ ထားနိုင်သော ပြုစုမှုပေး၏။

ထိုနည်းတူပင် ‘ကိုယ်’ ခန္ဓာရောဂါကိုလည်း ‘စိတ်’ဓာတ်ဖြင့် ကုသနေကြသည်ဟု ကြားဖူး၏။ မြန်မာနိုင်ငံမှာတော့ အာနာပါန၊ ကမ္မဋ္ဌာန်း၊ တရားထိုင်ခြင်းဖြင့် ကုပါသည်။ ကုသည်ဟု ရဲရဲမပြောဝံ့သော်လည်း တရားထိုင်ရင်း စိစီးစွဲကပ်နေသော ရောဂါတချို့ ပျောက်ကင်းသွားကြတာကို ပြန်ပြောသူများကြုံဖူးပါ၏။

စိတ်ရောဂါသည် သိမ်မွေ့နက်နဲသော်လည်း သေချာကုစားလျှင် ပျောက်ကင်းပါသည်။ ‘ရုပ်ရောဂါ’ ကို ဆေးဝါးထိုးနှံခြင်း၊ ခွဲစိတ်ကုသခြင်းဖြင့် သက်သာပျောက်ကင်းစေတတ်ပါသည်။ ‘ရုပ်ရောဂါ’ ကို ‘စိတ်’ ဖြင့် ကုသပျောက်ကင်းစေတာလည်း ရှိပါသည်။

‘ကုရာနတ္ထိ ဆေးမရှိသည်ကား AIDS ရောဂါ ဖြစ်နေပါသည်။ ယနေ့ထိ တားထားနိုင်စွမ်းသော ဆေးဝါးသာ ပေါ်ပေါက်ပါသေးသည်။ ဈေးကတော့ အလွန်ကြီးပါ၏။ သို့သော် AIDS ရောဂါကို စိတ်ဓာတ်ဖြင့် ဟန့်တားနိုင်သူတစ်ယောက်အကြောင်းကား စိတ်ဝင်စားဖို့ ကောင်းပါသည်။

ကျွန်မ အသက် (၂၆)နှစ်မှာ သားကလေးက အသက်ခြောက်နှစ်ရှိပါပြီ။ သူက သူငယ်တန်းကျောင်းသားလေးပေါ့။ ကျွန်မနဲ့ သားလေးဟာ ကျွန်မမိဘအိမ်မှာပဲ အတူနေခဲ့ကြပါတယ်။

ကျွန်မဟာ HIV ရောဂါပိုးကို ကျွန်မယောက်ျားဆီက ကူးစက်ခံခဲ့ရပါတယ်။ ကျွန်မတို့ လက်ထပ်တာက ၁၉၉၁ ခုနှစ်၊ ဇူလိုင်လပေါ့။ ကျွန်မယောက်ျားက လူကောင်းတစ်ယောက်ပါ။ ဒါကြောင့် အိမ်ထောင်ဦးကာလတွေဟာ ပျော်စရာကောင်းခဲ့တယ်ပေါ့။ အဲဒီအချိန်မှာ AIDS ရောဂါဆိုတာ လူသိများနေပါပြီ။ ဒါပေမဲ့ ကျွန်မတို့လုံးဝမမှုခဲ့ကြပါဘူး။ ကျွန်မတို့နဲ့ အနေသာကြီးလို့ပဲ ထင်ခဲ့ပါတယ်။ (၁၉၉၇) ခုနှစ်၊ ဇူလိုင်လမှာပါပဲ။ ကျွန်မတို့ အိမ်ထောင်သက် (၆)နှစ်မှာပေါ့။ ကျွန်မယောက်ျားဟာ အဖျားတာရှည်လာခဲ့ပါတယ်။ ပထမဆုံး တစ်ကိုယ်လုံးမှာ ယားဖုလေးတွေ ပေါ်လာပါတယ်။ ကျွန်မကတော့ ခြင်ကိုက်တယ်ပဲထင်တာပေါ့။ နောက်တော့ ချောင်းတဟွတ်ဟွတ်ဆိုးလာတာနဲ့ ''ချင်းမိုင်''ဆေးရုံကိုသွားပြပါတယ်။ ပြရုံပဲပြပြီး ဆေးစစ်ချက်အဖြေကို ယူမလာခဲ့မိပါဘူး။ နောက်တော့ ဆေးခန်းတစ်ခုမှာ ဆက်ပြပါတယ်။ ကျွန်မက ဆရာဝန်ကိုမေးပါတယ်။

''ဒီလက္ခဏာတွေဟာ AIDS လက္ခဏာတွေလား''လို့။ ဒီတော့ ဆရာဝန်က သူ စစ်ဆေးကြည့်ပါဦးမယ်ဆိုပြီး ကျွန်မယောက်ျားရဲ့သွေးကို ဖောက်ယူထားလိုက်ပါတယ်။ အဲဒီနောက်ပိုင်းမှာတော့ ကျွန်မယောက်ျားဟာ အကြီးအကျယ်ဖျားနာပေမယ့် ဆရာဝန်ဆီ မသွားတော့ပါဘူး။ ကျွန်မကတော့ ''ရှင့်မှာ ဒီရောဂါဆိုး မရှိနိုင်ပါဘူး''လို့ နှစ်သိမ့်ပေမယ့် စိတ်ထဲမှာတော့ သူဟာ AIDS ဖြစ်နေပြီလို့ ယုံနေမိပါတယ်။ အဲဒီလပိုင်းတွေမှာပဲ ကျွန်မလည်း သွေးစစ်ကြည့်ဖို့ဆုံးဖြတ်လိုက်ပါတယ်။ ကျွန်မထင်တယ်လေ။ ကျွန်မလည်း ၉၉ ရာခိုင်နှုန်းဖြစ်နေပြီ။ ၁ ရာနှုန်းပဲ ကံကောင်းမှာပါလို့။ ဟုတ်ပါတယ်။ အဖြေလွှာမှာ ကျွန်မကျပါတယ်။ ဒါပေမဲ့ စောစောကပြောသလို ကြိုတင်လက်ခံပြီးသား။ အကျိုးဆိုး အကျိုးပြစ်ဆိုတော့ ခံသာတာပေါ့လေ။ ကျွန်မကတော့ ကျွန်မယောက်ျားအတွက် ဘာလုပ်ပေးနိုင်မလဲမျှော်လင့်တယ်။ သူ့ကိုတော့ ဖြစ်ကြောင်းကုန်စင် မပြောပါဘူး။ မိဘတွေနဲ့ ညီမလေးကိုတော့

ဖွင့်ပြောပြပါတယ်။

၁၉၉၇ ခုနှစ် အောက်တိုဘာလ ၃ ရက်နေ့မှာတော့ ကျွန်မကိုဆရာဝန်က AIDS ရောဂါသည်များအသင်းဝင်ဖို့ တိုက်တွန်းပါတယ်။ ဒါနဲ့ အောက်တိုဘာ (၁၀)ရက်မှာ ကျွန်မယောက်ျားဟာ ကျွန်မနဲ့တကွ သားကိုပါစွန့်ခွာသွားပါတော့တယ်။ ကျွန်မ သိပ်ပြီးမတုန်လှုပ်တော့ပါဘူး။ လက်ခံထားပြီးသား ဘဝမဟုတ်လား။ ပြီးတော့ ကျွန်မမှာ အညွန့်တလူလူနဲ့ သားလေးရှိတယ်။ မိကောင်းဖကောင်းရှိတယ်။ သူတို့က ကျွန်မစိတ်မချမ်းသာတဲ့အခါ အားပေးကြတယ်။

အဲဒီအချိန်က AIDS ကလပ်မှာ လူနှစ်ဆယ်ရှိပါတယ်။ ကျွန်မက အတွင်းရေးမှူးတာဝန်ယူရပါတယ်။ ကျွန်မက စီရင်စုတစ်ခုမှာ နက်တ်ဝပ်ခ်တင်ပြီး လှုပ်ရှားပါတယ်။ အဲဒီမှာ မိတ်ဆွေတွေအများကြီးရလာပါတယ်။ ဟုတ်ကဲ့။ AIDS ဝေဒနာရှင်တွေပါ။ တစ်ယောက်နဲ့တစ်ယောက် အမြင်ချင်းဖလှယ်ကြတယ်။ အတွေ့အကြုံတွေ ဖြန့်ဝေကြပါတယ်။ မကြာပါဘူး။ ကျွန်မဟာ ဒေသဆိုင်ရာ ကော်မတီမှာ အဖွဲ့ဝင်ဖြစ်သွားပါရော။ (၁၉၉၈) ခုနှစ်စက်တင်ဘာလမှာ ကျွန်မဟာ မြောက်ပိုင်းဖုံရဲ့ ကိုယ်စားလှယ် ဖြစ်ခဲ့ပါတော့တယ်။ အဖွဲ့ထဲဝင်ခဲ့တဲ့ ပထမဆုံးနေ့ကနေ ဒီနေ့ထိ ကျွန်ကိုယ်ကျွန်မ ဂုဏ်ယူနေဆဲပါ။ ကျွန်မက မိတ်ဆွေတွေ AIDS ဝေဒနာရှင်တွေကို ကူညီနိုင်သူလေ။ ပျော်တာပေါ့။ အလုပ်ချိန်များလို့ ပင်ပန်းပေမယ့် အနားယူချိန်နည်းပေမယ့် ကိုယ့်အလုပ်အပေါ် ကိုယ်ယုံကြည်မှု၊ ကျေနပ်မှုတွေ ရှိနေတာကိုး။

ကျွန်မသားလေးလား။ ရှိပါရဲ့ရှင်။ သူဟာ လူရည်သန့်ကလေးပါ။ ဘာရောဂါလက္ခဏာမှလည်း မရှိဘူး။ ကျန်းမာရေးဒေါင်ဒေါင်မြည်ပါပဲ။ သူ့ကိုသွေးစစ်၊ ဆေးစစ်စရာမလိုပါဘူးလေ။ AIDS အကြောင်း ကျွန်မ ကောင်းကောင်းကြီး သိနေပြီပဲ။ ကလေးမှာ စိုးရိမ်စရာ ဘာမှမရှိဘူး။ AIDS ကိုကျွန်မဘဝမှာ အကောင်းဘက်က မြင်တတ်နေပါပြီ။ ကျွန်မဟာ မျှော်လင့်ချက်မဲ့နေသူတွေကို ကူညီမယ်။ ကျွန်မသားလေးရဲ့ဘဝရှေ့ရေးအတွက် အကောင်းဆုံးကြိုးစားမယ်။ ကျွန်မဘဝ နေပျော်ပါပြီရှင်။

ကြည့်စမ်းပါဦး။ ကျွန်မက HIV ပိုး စွဲကပ်ပြီး AIDS ရောဂါရှင်ဘဝနဲ့

ပဲ အလုပ်လုပ်ရင်း ပျော်နေခဲ့တာ ရှစ်နှစ်တာကာလ ရှိပြီကော။ တကယ်တော့ 'စိတ်'ပါပဲလေ။

ကျွန်မတစ်ခုပြောလိုက်ပါဦးမယ်။ လူတစ်ယောက်ရဲ့ အရည်အချင်းကို သုံးသပ်တဲ့အခါ သူ့ရဲ့အခြေအနေကို မကြည့်သင့်ဘူး။ သူ့ရဲ့ စာရိတ္တနဲ့ ယဉ်ကျေးမှုကိုသာ ကြည့်သင့်ပါတယ်။ ဘာပဲဖြစ်ဖြစ် 'နိုင်မာတဲ့ ယုံကြည်ချက်'၊ 'သေချာတဲ့စွမ်းရည်'၊ 'အမြင်ကြည်လင်မှု' တွေဟာ AIDS ရောဂါသည်တွေအတွက် ပျော်ရွှင်ချမ်းမြေ့တဲ့အင်အားတွေကို ပေးစွမ်းတာပါပဲရှင်။

+++

## WAITING FOR HOPE

It is raining today and I am sitting and looking out of the window. I am feeling lonely. I don't know what to do about my life. I always think about this when I am alone. By the way if I meet other people I do not think as I just mentioned but I feel afraid that I am HIV infected and my health is failing. I developed swellings on my body, legs and arms. I have to ware long-sleeved shirts and trousers. I always get sick and have to see the doctor. The neighbors began to suspect something about my health. Before I had been a healthy person but now I am thin and very emaciated. Some people asked me and I told them that I have problem with my kidneys and an allergy too. Some people never ask me about my health, they will look at me with strange eyes and gossip about me. I know that they know my problem. It makes me afraid of what everybody thinks when they look at my body.

I can't tell everybody. If I tell them, they will be frightened of me and I will be a hindrance to society. I can't stand it especially for my family. They will be sad and also be hindered by society same as me. Now I am isolated from social contacts. I decided to tell my family after I kept it secret for a long time. My younger sister and brother felt very sad, my parents were very worried about me. It made them serious about me. I told them that death is a normal thing for humans, for someone it comes early and for some it comes late. I think they will feel better soon.

Now my parents and I have something in common. I always think that I have hope in scientists, doctors and experts and they will find a medicine to completely.cure AIDS soon, and I will wait for that day.

I thought of suicide but I pity my parents so I did not do it. I have

met friends who have the same problem as mine. They told me that suicide was a sin and they never thought about suicide. Now I am not thinking about suicide anymore and I hope to live longer. When I went to see the doctor, I met friends and attended the Phuen Keaw Club. We take part in many activities, we meet kind doctors, nurses and officers. They understand AIDS patients.

In 1989, while I was working in Bangkok I stayed with a friend who was also gay (homosexual man). We had many boyfriends and had sex together. At that time, the government promoted activities to control AIDS disease. I always used condoms when I had sex and had a blood test for HIV and veneral disease every 3 months. I was not identified with anything, it made me confident and careless. I always changed lovers until I met one gay who I loved. We decided to live together but for security we went to have a blood test again. The result showed both of us uninfected. We were very happy I thought that he would be honest with me because he promised me that he would have only me. So we did not use condom when we had sex.

In 1993 he and I always got sick and lost weight very much with frequent diarrhea. We went to see a doctor and informed him about our symptoms. The doctor checked our blood and the results were positive. We were very shocked. I always cried, I asked myself how could I be infected with this disease in spite of the fact I lived only with one man for a long time and was honest with him.

Finally, he confessed with tears that while he was living with me, he also had sex with other women, too. He sometimes didn't protect himelf because he was drunk. This was how he was infected with the disease. I dicided not to stay with him. I used to love him, but at that moment I did not anymore. I hated and felt angry with him. I need to take more time to think about this. He might be sad and have the same feeling as I do, too.

I tried to concentrate on my work and not to have sex anymore. I

have been taken care of by at the IMMUNE CLINIC in Chula hospital. I am always sick, my antibodies decreased, so the doctor gave me medicine to resist the AIDS virus but other treatments for symptoms such as headache, fever and rash I had to pay for myself except the medicine to resist AIDS virus which the hospital gave free.

I was in Bangkok; we had the economic crisis in 1997. My income has decreased too. I opened a barbershop and the rental fee increased. The government had no budget to support the AIDS virus medicine for patients. I came back to my hometown, but at first I did not inform my family. I had some savings so I went to Suan Dok hospital at Chiang Mai to hideaway from other people. But, I used all of my money for the medicine.

I decided to buy a health insurance card and have been taken care of by Lampang hospital from 1999. Now I try to enjoy a normal life, not to worry and I go to see the doctor on every appointment or when I get sick. As for my income, I have money from my barbershop in the village. I will take care of myself. Lastly, friends and I in Pnuan Keaw Club of Lampang hospital are waiting for hope in the year 2000. We hope scientists and doctors will find a complete cure. We hope it will come soon.

*Want to return to the past*
*Will be the best and excellent*
*Don't be promiscuous with sex*
*If you miss it in one day*
*to correct my mistake*
*if not infected with HIV*
*not to be infected with AIDS, friends*
*Death will come soon.*

*You are very honest with someone but you find that he did not have only you. Sometimes it not only hurts but also brings on illness, too.*

❑

# မျှော်တလင့်လင့်

ဒီနေ့ဟာ မိုးနေ့ပါပဲ။ ကျွန်မ ပြတင်းအပြင်ကို ထိုင်ငေးနေတာပေါ့။ ကျွန်မတစ်ကိုယ်တည်း အထီးကျန်လေ။ ကျွန်မ ဘယ်လိုလုပ်ရပါ့မလဲ။ ခုလိုပဲ အထီးကျန်နေရင် ကျွန်မ တွေးတောချောက်ချားရပြီ။ လူလူသူသူတွေနဲ့ တွေ့တဲ့အခါမှာ ကျွန်မ ခံစားနေရတာတွေကို ဖွင့်ဟဖို့ မတွေးပါဘူး။ ကျွန်မ လူတွေကို ကြောက်နေပါတယ်။

ကျွန်မဟာ ရောဂါသည်တစ်ယောက်။ ကျန်းမာရေးမကောင်းတဲ့သူ တစ်ယောက်ဆိုတာ ဘယ်သူမှ မသိစေချင်ပါဘူး။ ကျွန်မတို့ရဲ့ ခြေ၊ လက်၊ ခန္ဓာကိုယ်တို့ဟာ ရောင်ကိုင်းကိုင်းဖြစ်နေတာမို့ အင်္ကျီအဝတ်အစား ဖားဖား လျားလျားကြီးတွေကို အမြဲဝတ်ရပါတယ်။ လူမသိအောင် ဆိုပါတော့။ ဒါပေမဲ့ ခဏခဏ နေမကောင်းဖြစ်နေတော့ ဆရာဝန်ဆီလည်း မကြာမကြာရောက် ရတာပေါ့။

အဲဒီအခါ ရပ်ကွက်ထဲကလည်း သံသယရှိလာ မိကြတာပေါ့လေ။ အရင်တုန်းက ကျွန်မဟာ ကျန်းကျန်းမာမာ ဖွံ့ဖွံ့ဖြိုးဖြိုးမဟုတ်လား။ နေမကောင်း ဖြစ်ကတည်းက ကျွန်မပိန်သွားတာ သိပ်သိတာပါတယ်။ တချို့ ကတော့ စပ်စုတာပေါ့လေ။ ဒါပေမဲ့ ကျွန်မ 'ကျောက်ကပ် မကောင်းရတဲ့ အထဲ ယားဖုတွေကလည်း ပေါက်နေတယ်' လို့ပဲ ဖုံးဖိပြောနေရတာပေါ့။ တချို့ကတော့ ကျွန်မကို ဘာမှမမေးကြပါဘူး။ ဒါပေမဲ့ သူတို့မျက်လုံးတွေက စကားပြောပါတယ်။ ကျွန်မကို မယုံသင်္ကာကြည့်ပါတယ်။ ပြီးတော့ ကျွန်မ

အကြောင်း တီးတိုးတီးတိုး သဖန်းပိုးလုပ်နေပုံပါပဲ။ ကျွန်မ သိသလိုပဲ။ သူတို့ ကျွန်မအကြောင်း သိနေပြီလို့။ သူတို့အဲသလို ကျွန်မကို ကြည့်ကြ၊ အကဲခတ်ကြတာဟာ ကျွန်မအကြောင်း သူတို့စဉ်းစားနေကြလို့ပဲ ဖြစ်မှာပေါ့။

ကျွန်မအဖြစ်ကို ဘယ်သူ့မှ ဖွင့်မပြောနိုင်ပါဘူးရှင်။ ကျွန်မ ဖွင့်ပြောရင်လည်း သူတို့ ကျွန်မကို သတိကြတော့မှာ မဟုတ်ဘူး။ ကျွန်မဟာ လူ့အသိုင်းအဝိုင်းရဲ့ ဆူးငြောင့်ခလုတ်ပါပဲလေ။ အထူးသဖြင့် ကျွန်မ မိသားစုအတွက်လည်း ကျွန်မ မချိုပါဘူး။ ကျွန်မကြောင့် မိသားစုပါ ပတ်ဝန်းကျင်ရဲ့ ဆူးငြောင့်ခလုတ်ဖြစ်မှာ ကျွန်မ မလိုလားဘူး။ ခုတော့ ကျွန်မဟာ ပတ်ဝန်းကျင်နဲ့ အဆက်အဆံမရှိအောင် နေနေရပါပြီရှင်။

ဒီလိုနဲ့ ကျွန်မရဲ့ လျှို့ဝှက်ချက်တွေ မိသားစုကို ဖွင့်ပြောရပါတော့တယ်။ ကြာရှည်ဖုံးထားလို့ မရတော့ဘူးလေ။ ကျွန်မရဲ့ ညီမနဲ့ မောင်ငယ်လေးဆိုတာ ဝမ်းနည်းလိုက်ကြတာ။ မပြောပါနဲ့တော့။ ကျွန်မရဲ့မိဘတွေကတော့ စိုးရိမ်ပူပန်ကြတာပေါ့။ ကျွန်မကတော့ အဖေတို့၊ အမေတို့ကို ပြောပါတယ်။ 'သေခြင်းတရားဆိုတာ လူ့ဘဝမှာ ဖြစ်မြဲပါပဲ။ သေမင်းက ကိုယ့်ဆီမြန်မြန်လာမှာနဲ့ ဖြည်းဖြည်းလာမှာပဲ ကွာပါတယ်' လို့။ ဒီတော့လည်း အဖေတို့၊ အမေတို့ခမျာ စိတ်နည်းနည်း သက်သာရာရသွားရှာကြပါရဲ့လေ။

ဒီနောက်ပိုင်းကျွန်မ မိသားစုနဲ့ ကျွန်မကြားမှာ နားလည်မှုတွေ ပိုများလာပါတယ်။ မျှော်လင့်ချက် ကိုယ်စီထားနိုင်လာကြပါတယ်။ ကျွန်မကတော့ သိပ္ပံပညာရှင်တွေ၊ ဆေးဝါးကျွမ်းကျင်သူတွေ၊ ဆရာဝန်တွေကို အကြီးအကျယ်မျှော်လင့်နေခဲ့ပါတယ်။ သူတို့ဟာ မကြာမတင်မှာပဲ AIDS ရောဂါကြီးကို လုံးဝကာကွယ်တားဆီးနိုင်တဲ့ ဆေးကို ရှာဖွေတွေ့ရှိကြတော့မယ်ရယ်လို့ပါပဲ။ အဲဒီနေ့ကို ကျွန်မ စောင့်မျှော်နေပါတယ်ရှင် ..။

ကျွန်မ ကိုယ့်ကိုယ်ကိုယ် သတ်သေဖို့ စဉ်းစားပါသေးတယ်။ ဒါပေမဲ့ အဖေတို့၊ အမေတို့၊ ညီမလေး၊ မောင်လေးတို့ကို သနားတယ်။ ပြီးတော့ ကျွန်မလို ဝေဒနာခံစားနေရတဲ့အပေါင်းအသင်းတချို့ကလည်း ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံတယ်ဆိုတာ သူများကို သတ်တာထက်တောင် အပြစ်ကြီးတယ်။ ဒါကြောင့် တို့တော့ သေကြောင်းကြံစည်ဖို့ ဘယ်တော့မှ မစဉ်း

စားဘူး' လို့ ပြောကြပါတယ်။ ဒါကြောင့် ကျွန်မလည်း ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံစည်ဖို့ မစဉ်းစားတော့ဘဲ အသက်ပိုပြီး ရှည်ရှည်နေရဖို့ကို သာ မျှော်လင့်နေပါတော့တယ်။

ကျွန်မဟာ Phuen Keaw ဆိုတဲ့ AIDS ဝေဒနာရှင်များ ကူညီ စောင့်ရှောက်ရေးအသင်းကိုလည်း သွားပါတယ်။ အဲဒီမှာ တာဝန်ရှိသူတွေ၊ ဆရာဝန်၊ ဆရာမတွေ၊ သူနာပြုတွေဟာ အရမ်းသဘောကောင်းကြတာပဲ။ လုပ်ရှားမှုအမျိုးမျိုးကိုလည်း လုပ်ပေးကြတယ်။ သူတို့ဟာ သိပ်ကြင်နာတယ်။ နားလည်မှုရှိတယ်။

ကျွန်မအကြောင်း ပြောပြဦးမယ်။ ၁၉၈၉ ခုနှစ်လောက်မှာ ကျွန်မဟာ ဗန်ကောက်မှာ အလုပ်လုပ်ခဲ့ပါတယ်။ သူငယ်ချင်းတစ်ယောက်နဲ့ နေပါတယ်။ သူငယ်ချင်းတွေ ရလာတယ်။ သူတို့ဟာ ''မောင် မဂ္ဂက''တွေပါ။ အနေကြာ လာတော့လည်း ရောရောဝင်ဝင်နေမိရာကနေ ကျွန်မ သူတို့နဲ့ ပရောပရီဖြစ် ခဲ့ပါတယ်။

အဲဒီအချိန်မှာ အစိုးရကလည်း AIDS ရောဂါဆိုးကြီး ထိန်းချုပ်ရေးနဲ့ ပတ်သက်လို့ လှုံ့ဆော်ရေးတွေ အရမ်းလုပ်နေပါပြီ။ ဒါကြောင့် ကျွန်မ 'ကွန်ဒုံး' အမြဲသုံးတယ်။ သုံးလတစ်ကြိမ် ဆေးစစ်တယ်။ သွေးစစ်တယ်။ ကျွန်မ အမြဲပဲ ဆေးအောင်ခဲ့ပါတယ်။ ဒါကြောင့် ဒီရောဂါဆိုးနဲ့ပတ်သက်ပြီး ကျွန်မကိုယ်ကျွန်မ ယုံကြည်တယ်။ ဒီတော့လည်း ဂရုမစိုက်ချင်သလိုဖြစ်လာတယ်ပေါ့လေ။ အဲဒီ မှာတင် ကျွန်မ လူတစ်ယောက်နဲ့ တကယ်ပဲချစ်ခဲ့မိပါတော့တယ်။

အဲဒီ တစ်ယောက်သောသူနဲ့ပဲ အတူနေသွားကြဖို့ ကျွန်မဆုံးဖြတ်လိုက် ပါတယ်။ ဒါကြောင့် ကျွန်မတို့ သွေးသွားစစ်ခဲ့ပါတယ်။ နှစ်ယောက်စလုံးဆေး အောင်ကြပါတယ်။ ကျွန်မ ဘယ်လောက်ပျော်ခဲ့ရပါသလဲရှင်။ ကျွန်မသိပါတယ်။ သူဟာ သိပ်သစ္စာရှိတယ်။ သူကလည်း ကျွန်မကို ချစ်ကတိတွေအမျိုးမျိုး ပေးခဲ့ပါတယ်။ သူ့ဘဝမှာ ကျွန်မဟာတစ်ဦးတည်းသောချစ်သူပါတဲ့။ ကျွန်မ တို့ ကွန်ဒုံးမသုံးကြတော့ဘူးပေါ့။

၁၉၉၃ ခုနှစ်ကျတော့ သူရော၊ ကျွန်မပါ ခဏခဏဖျားနာကြပါတယ်။ ကိုယ်အလေးချိန်တွေလည်း ကျလာပါရော။ ခဏခဏ ဝမ်းလျှောပါတယ်။

ဒါနဲ့ ကျွန်မတို့ ဆရာဝန်သွားပြကြတော့ သူက သွေးစစ်ပါတယ်။ အလို ကျွန်မတို့နှစ်ယောက် ဆေးမအောင်ကြတော့ပါလား။ ကျွန်မ အကြီးအကျယ် ချောက်ချားသွားရပါပြီ။ ဘယ့်နှယ့်လုပ်ပြီး ဒီရောဂါ ကျွန်မကိုကူးစက်ခဲ့သလဲ။ ကျွန်မဟာ ချစ်သူတစ်ယောက်နဲ့သာ အချိန်အကြာကြီးတွဲနေခဲ့ပါပြီ။ သူဟာ ကျွန်မအပေါ် အလွန်သစ္စာရှိသူမဟုတ်လား။

နောက်ဆုံးတော့ ကျွန်မချစ်သူက ဝန်ချတောင်းပန်တော့တာပါပဲ။ သူ မျက်ရည်တွေကျရှာပါတယ်။ သူကပြောတယ်။ သူဟာ ကျွန်မနဲ့အတူနေစဉ် ကာလမှာပဲ တခြားမိန်းမတွေနဲ့ ပရောပရီနေခဲ့ပါသတဲ့ရှင်။ အကာအကွယ် တွေ ဘာတွေမလုပ်ဘူးလားဆိုတော့လည်း အဲဒီအချိန်တွေတုန်းက သူဟာ အရက်မူးနေလို့ပါတဲ့။

အဲဒီကတည်းက ကျွန်မ သူနဲ့အတူမနေတော့ဘူးလို့ဆုံးဖြတ်လိုက်ပါ တယ်။ ချစ်တာကတော့ ချစ်တုန်းပါပဲလေ။ ဒါပေမဲ့ ကျွန်မသူ့ကိုစိတ်ဆိုးတယ်။ ဒေါသဖြစ်တယ်။ ကျွန်မ အမျိုးမျိုးစဉ်းစားပါတယ်။ သူလည်းလေ ကျွန်မလိုပဲ နေမှာပေါ့။

သူ ကျွန်မကိုချစ်နေတုန်းပဲ နေမှာပါ။ သူလည်း ဝမ်းနည်းပူဆွေးနေရှာ ပါ။ ဒါပေမဲ့ ကျွန်မ သူနဲ့ဆက်ဆံရေးကို ရပ်ရပါတယ်။ အဲဒီကတည်းက ကျွန်မ ဘယ်သူနဲ့မှ ပရောပရီမလုပ်တော့ပါဘူး။ ကျွန်မကိုယ်ကျွန်မလည်း သေသေချာချာ သုံးသပ်လေ့လာနိုင်ပါပြီ။ စဉ်းစားဆုံးဖြတ်နိုင်ခဲ့ပါပြီ။

'ချူလာ'ဆေးရုံမှာ ကျွန်မအမြဲတမ်းပြသပါတယ်။ ကျွန်မရဲ့ခန္ဓာကိုယ် ဟာ ပိုပိုကြုံလှီလာပါတယ်။ ဖျားနာတာ၊ ခေါင်းကိုက်တာ၊ မောပန်းနွမ်းနယ် တာလည်း အရမ်းပါပဲ။ ဆေးရုံကတော့ AIDS ရောဂါကိုဟန့်တားတဲ့ဆေး တွေ အခမဲ့ပေးပါတယ်။

ဗန်ကောက်မှာနေတုန်းမှာပဲ ၁၉၉၇ ခုနှစ်၊ စီးပွားရေးကပ်ကြီးနဲ့ ကြုံ ရပါတော့တယ်။ ကျွန်မဝင်ငွေကျဆင်းသွားပါတယ်။ ကျွန်မ ဆံပင်ညှပ်ဆိုင် ဖွင့်ရပါတယ်။ အခန်းငှားခက တက်လာတယ်။ အစိုးရမှာလည်း စီးပွားရေး ကပ်ကြီးနဲ့ ကြုံနေတော့ အရင်ကလို AIDS ဆေးတွေ အခမဲ့မပေးနိုင်တော့ပါ ဘူး။ ဒါပေမဲ့ ကျွန်မ ရသမျှဝင်ငွေနဲ့ ကာကွယ်ဆေးတွေ ဝယ်သောက်ခဲ့ပါ တယ်။

ဒီလိုနဲ့ပဲ ကျွန်မ ကိုယ့်ရပ်ကိုယ့်ရွာ ပြန်ခဲ့ပါတော့တယ်။ ဒါပေမဲ့ ပထမတော့ ကျွန်မရဲ့အခြေအနေကို ဖွင့်မပြောခဲ့ပါဘူး။ စုဆောင်းထားတဲ့ ငွေကလေးနဲ့ပဲ 'ချင်းမိုင်'ဆေးရုံမှာ ကျိတ်ပြီး ကုသခဲ့ပါတယ်။ ရပ်ရွာနဲ့လည်း ကိုယ်ယောင်ဖျောက်နေခဲ့ပါတယ်။ ကျွန်မမှာရှိတဲ့ငွေဟာ ကျွန်မဆေးကုဖို့ပဲပေါ့လေ။

အခုတော့ ကျွန်မဟာ ကျန်းမာရေးအာမခံကတ်ပြားလည်း လုပ်လိုက်ပါပြီ။ ''လန်းပန်''ဆေးရုံရဲ့ကူညီမှုကိုလည်း ၁၉၉၉ ခုနှစ်ကတည်းက ရရှိနေခဲ့ပါပြီ။

ကျွန်မဟာ လူကောင်းတစ်ယောက်လို၊ သာမန်လူတစ်ယောက်လိုနေနိုင်ဖို့ ကြိုးစားခဲ့ပါပြီ။ ဖြစ်ရာဘဝမှာ ကျေနပ်ပျော်ရွှင်အောင်လည်း နေတတ်နိုင်လာပါပြီ။ နေမကောင်းထိုင်မသာ ဖြစ်လာတဲ့အခါတွေတင်မကပါဘူး။ ကျွန်မဟာ အမြဲလိုလို ပုံမှန်ဆေးကုသခံနေပါပြီ။ ဆရာဝန်တွေရဲ့ လမ်းညွှန်ချက်တွေကိုလည်း လိုက်နာနေပါပြီ။ ရွာမှာ ဆံပင်ညှပ်ဆိုင်ကလေး ဖွင့်ထားလို့လည်း ဝင်ငွေကလေးရှိနေပါပြီ။ ပြီးတော့ 'လန်းပန်'ဆေးရုံကဖွင့်လှစ်တဲ့ Pnuan Keaw ကလပ်မှာလည်း လူမှုရေးကိစ္စတွေ ဆောင်ရွက်နေပါပြီ။ ရောဂါသည်မိတ်ဆွေတွေနဲ့ အကျိုးတူပူးပေါင်းပြီး အကျိုးပြုလုပ်ငန်းတွေလည်း လုပ်နေပါပြီ။ 'သက္ကရာဇ် ၂၀၀၀ မှာ လူတိုင်းကျန်းမာ'ဆိုတဲ့ မျှော်လင့်ချက်ကလေးနဲ့ပေါ့လေ။

❖

**အင်္ဂလိပ်စကားတွင် "I, You" (ကျွန်ုပ်နှင့်သင်) ဆိုပြီးတော့ သုံးစွဲရိုးရှိသော်လည်း ကျွန်တော်က ဘာသာပြန်သောအခါ ပထမနာမ်စားကို "ကျွန်မ" ဟုပင်သုံးပါသည်။ ရေးသူက မောင်မစ္စကဖြစ်နေသောကြောင့် ဖြစ်ပါသည်။ သူသည်လည်း စာရေးကောင်းသူတစ်ယောက်သာဖြစ်ပါသည်။ သူ့ဘဝသူ့ဇော်ကျူးရာ၌ အဖွဲ့အနွဲ့ကလေးများ ပါဝင်နေတာတွေ့ရပါသည်။ သူသည် စိတ်ကူးယဉ်လည်း ဆန်းပါသည်။ သူ၏ အထက်ပါကိုယ်ရေးမှတ်တမ်းကလေးကို ကဗျာတစ်ပုဒ်ဖြင့် ခံစားကြည့်ကြပါတော့ ...။**

**– အတိတ်ကိုပြန်သွားမယ်ဆိုရင်တော့**

**– ကိုယ့်အပြစ်တွေကို ပြန်လည်ဆေးကြောမယ်ဆိုရင်ပေါ့**

အကောင်းဆုံးကတော့ HIV ပိုး ကင်းသူဖြစ်သင့်တာပေါ့ ...။
– ချစ်သူကို လုံးလုံးကြီးမယုံကြည်လိုက်ပါနဲ့ ...
ပုံပြီးချစ်လိုက်မယ်ဆိုလည်း AIDS သူငယ်ချင်းကို သတိယားဖွယ်
တစ်နေ့ကလေးမှာတာနဲ့ သေမင်းက မြန်မြန်လာမှာကွယ်။

(ယိုးဒယားနိုင်ငံတောင်ပိုင်း Pnuan Keaw အေအိုင်ဒီအက်စ် ဝေဒနာရှင်များအသင်းမှ ဝေဒနာရှင်တစ်ဦး၏ ကိုယ်ရေးမှတ်တမ်းအတွေ့အကြုံစာစုဖြစ်ပါသည်။

+++

# THIS LIFE, I GIVE TO SOCIETY

I am 30 years old. I married in 1990. We were very happy with our way of life. In 1993 I became pregnant and I went to see doctor for a blood test, he told me that my blood result has a problem but it was not serious. In February 1994 I took my husband to have a blood test. In March 1994 he had to get the blood result but he asked me to pick it up in place of him. His result was HIV positive, I was very sorry that he was infected with the disease. I came back to my home and told to my husband but he did not believe me and even became angry with me, too He said that he was not get infected.

I went to see the doctor again. I consulted with him about my baby. He said 70% of babies would not receive the disease from their mother. I tried to believe him but I was worried about my father because my father had only one daughter that was I. So I did not want to let someone know.

In August 1994 I gave a birth to a daughter. I was very glad but also sorry if my child and I were going to die. The first night the nurse gave some milk and water to me. I thought that I would not give anything to my child, I would let her die. That night my child and I did not eat anything, but she did not cry. She slept all the night. In the morning I went to see the doctor and he explained the way infection takes place with HIV, and my child had a good chance of not being infected.

The doctor always cheered me up. When I came back to my room I hurried to give milk and water to my child. I asked for more when it ran out. I came back to my house and I gave powdered milk to the child. I did not breast feed her. At that moment, the neighbors were gossiping about me. My husband always quarreled with me. I wanted to kill my child and myself too, but I could not. I explained my problem to my father and family. Everybody understood me except my husband. He was always smoking, drinking and working hard.

By the end of 1994 my eldest brother had symptom of AIDS, by the beginning of 1995 we were sure that he was infected with AIDS. In February 1995 he died. My husband became very serious because he had symptoms like my brother. In April 1995, he had spots on his body, headache and had pocks too. I took him to see doctor at clinic; he did not want to see doctor at hospital.

In November 1995, he was very sick so his reatives took him to stay at their house. I had many troubles and I had to take care of my father, too. And in a month my husband died, after my hushand's funeral I had no money, no food and no milk for the child. My husband's kinsfolk did not help me. They were so mean.

One man gave me 500 baht. He was very kind, even now, I still remember him. I had assistance from Health Center Officer to take care of myself. I was attending the AIDS patient group where I made many friends.

I invited my friends to my hometown to set up a group. It was Puen Chui Puen Group I want to work as much as I can. The important thing for patients is moral from family. Now I do not take a medicine. I think I was infected with AIDS in 1990 from my husband even though he told me that after marriage, he did not have affairs with prostitutes.

In the post my husband and I worked in construction, farming and making plastic flowers. In 1997 I worked for infected patient group. I was the chairperson and visiting volunteer. I got to exchange expe-

rience in different areas. I think that friends are a good thing for patients when they have problems. It is better to ask someone who is not infected. In 1999 I was promoted to work at the regional office. I was very proud of this job because I could help friends who had problems.

In October 1999, I had a chance to go to Kuala Lumpur, Malaysia. I could not understand English but someone from NGO translated for me. In December 1999, I was a member of the Committee, we concentrated on the assistance to provide funds for AIDS patients and their families on World AIDS' Day. I worked at the Hillman AIDS Center, Lampang, 9-12 December 1999. I worked hard but I was happy to do it.

Now my friends and I are ready to help the patients. I will be a good lecturer giving knowledge to AIDS patients. I have a happy life in society even though I am infected with HIV. Sometimes I get sick or have problems with friends but we can understand and solve the problems. I always get the support from my family so I am healthy both with body and heart.

*Thai society still has to consider. In troubles, people may be able to give only 500 baht, but this money can help the others and their families. Finally she could work towards building a better society. Do you do something to help society?*

❑

# ဘတ် ၉၀၀

ကျွန်မအသက် (၃၀)ပါ။ ၁၉၉၀ မှာ လက်ထပ်ခဲ့ပါတယ်။ အိမ်ထောင်ဦး ဘဝမှာ ပျော်စရာချည်းပဲပေါ့ရှင်။ ၁၉၉၃ မှာ ကျွန်မကိုယ်ဝန်ရှိခဲ့ပါရော။ ဒါနဲ့ ဆေးခန်းသွားပြီး သွေးစစ်တော့ ကျွန်မသွေးဟာ ပြဿနာနည်းနည်းရှိသတဲ့။ ဒါပေမဲ့ သိပ်အရေးမကြီးပါဘူးတဲ့။ ၁၉၉၄ ခုနှစ် ဖေဖော်ဝါရီလမှာတော့ ကျွန်မယောကျ်ားကိုပါ သွေးစစ်ဖို့ စီစဉ်ပါတယ်။ သူ ဆေးကျပါတယ်။ သူ့မှာ HIV ပေါ့စတစ်တဲ့။ ကျွန်မ ဝမ်းနည်းတုန်လှုပ်ခဲ့ရပါတယ်ရှင်။ ဒီအကြောင်း သူ့ကို ဖွင့်ပြောတော့ သူက မယုံကြည်တဲ့အပြင် ကျွန်မကိုတောင် စိတ်ဆိုးမာန်ဆိုးလုပ်ပါသေးတယ်။ ဒါနဲ့ ကျွန်မဟာ ဆရာဝန်ဆီတစ်ခေါက်ရောက်ရပြန်ပါတယ်။ ဒီတစ်ခါတော့ ကျွန်မရဲ့ကလေးအတွက်ပါပဲ။ ဒါပေမဲ့ ဆရာဝန်ကတော့ သားသမီးတွေဟာ မိခင်ဆီက ကူးဖို့ ၃၀ ရာခိုင်နှုန်းပဲရှိတယ်တဲ့ ကျွန်မ ယုံကြည်ချင်ပါတယ်ရှင်။ ဒါကို စဉ်းစားလိုက်တော့ ကျွန်မအဖေအတွက် စိတ်မကောင်းဖြစ်ရပြန်ရော။ ဟုတ်ပါရဲ့ အဖေ့မှာက ရင်သွေးဆိုလို့ ကျွန်မတစ်ယောက်တည်းရှိတာ မဟုတ်လား။ ကျွန်မရဲ့ဖြစ်ထွေကို ဘယ်သူ့မှ ဖွင့်မပြောခဲ့တော့ပါဘူး။ တွေးလိုက်တိုင်း စိတ်ညစ်ရလို့ပါ။

၁၉၉၄ ခုနှစ်၊ ဩဂုတ်လမှာ ကျွန်မဟာ သမီးလေးကို မွေးဖွားခဲ့ပါတယ်။ ပျော်လည်းပျော် စိတ်လည်းညစ်ပေါ့ရှင်။ ကျွန်မရဲ့သမီးလေးကို ဒီရောဂါကြောင့် မသေစေချင်ပါဘူး။ မွေးတဲ့ညမှာ သူနာပြုဆရာမလေးက ကျွန်မတို့အတွက် နွားနို့နဲ့ရေပေးပါတယ်။ ကျွန်မက သမီးလေးကို ဘာမှမတိုက်ကျွေးပါဘူး။ သေချင်လည်း သေပါစေဆိုပြီးတော့ပေါ့။ ကျွန်မလည်း ဘာမှမစားမ

သောက်ပါဘူး။ ဒါပေမဲ့ သမီးကလေးဟာ မငိုပါဘူးရှင်။ တစ်ညလုံးလည်း ကောင်းကောင်း အိပ်ပါတယ်။ မနက်ကျတော့ ကျွန်မက ဆရာဝန်ကို သွား မေးပါတယ်။ HIV ကူးစက်ပုံ ကူးစက်နည်းတွေပေါ့။ သိရသလောက်က တော့ သမီးလေးဟာ အခွင့်အရေးကောင်း ရမယ်ဆိုတာပါပဲ။ ဒါနဲ့ ကျွန်မ အခန်းပြန်ရောက်ရောက်ချင်း သမီးလေးကို နွားနို့ရော ရေပါ တိုက်ကျွေးပါ တယ်။

အိမ်ပြန်ရောက်တော့ ကျွန်မက နို့မှုန့်တိုက်ပါတယ်။ ကျွန်မရဲ့နို့ကို မတိုက်ပါဘူး။ ကျွန်မရဲ့ပတ်ဝန်းကျင်က တီးတိုးတီးတိုး သဖန်းပိုးလုပ်ကြသလို ကျွန်မယောက်ျားနဲ့လည်း အမြဲပဲ ရန်ဖြစ်နေရပါတယ်။ တစ်ခါတလေ သမီး လေးကို သတ်ပစ်၊ ကျွန်မကိုယ်ကျွန်မလည်း သေကြောင်းကြံဖို့ စိတ်ကူးမိပါ ရဲ့။ ဒါပေမဲ့ မလုပ်ဖြစ်ပါဘူးလေ။ ကျွန်မရဲ့အဖြစ်အပျက်တွေကို အဖေနဲ့ မိသားစုတွေကို ပြောပြတော့ သူတို့က နားလည်ပေးကြပါတယ်။ ကျွန်မ ယောက်ျားကတော့ အရက်၊ စီးကရက်နဲ့ အလုပ်ပဲ ဖွတ်နစ်နေပါတယ်လေ။

၁၉၉၄ ခုနှစ်၊ နိုဝင်ဘာမှာ ကျွန်မအစ်ကိုအကြီးဆုံးဟာ ဖျားပါတယ်။ AIDS လက္ခဏာတွေ ပြပါတယ်။ ၁၉၉၅ ခုနှစ် ဖေဖော်ဝါရီမှာ သူဆုံးပါး သွားပါတယ်။ ၁၉၉၅ ခုနှစ်၊ ဧပြီလမှာတော့ ကျွန်မယောက်ျားဟာ ကျွန်မ အစ်ကိုလိုမျိုး လက္ခဏာတွေ ပြလာပါတယ်။ ကိုယ်ပေါ်မှာ အဖု၊ အပိန့်လေး တွေ ပေါက်လာတယ်။ ဖျားတယ်။ ခေါင်းကိုက်တယ်။ ဝမ်းလျှောတယ်။ ကျွန်မ ဆေးခန်းသွားပြပေးပါတယ်။ သူက ဆေးရုံကြောက်တာကိုး။ ၁၉၉၅ ခုနှစ် နိုဝင်ဘာမှာတော့ သူ အကြီးအကျယ် ဖျားနာပါတော့တယ်။ သူ့အသိုင်းအဝိုင်း က သူ့ကို အိမ်ခေါ်ကုကြပါတယ်။ ကျွန်မကလည်း အဲဒီအချိန်မှာ သမီး တစ်ဖက်၊ ဖခင်လူမမာကြီးတစ်ဖက်နှင့် မနိုင်မနင်းပေါ့။ သမီးဖို့ နို့မှုန့်ဝယ်ဖို့ တောင် ပိုက်ဆံမရှိလောက်အောင်ပါပဲ။ နောက်တစ်လ သူဆုံးပါးတော့ ငွေ တောင်မထောက်ပံ့နိုင်ခဲ့ဘူးလေ။ ကျွန်မယောက်ျားရဲ့ မိသားစုကလည်း ကျွန်မ ကို လှည့်မကြည့်တော့ဘူးပေါ့။

အဲဒီမှာ အကြင်နာတရားကြီးမားပုံပေါ်တဲ့ လူတစ်ယောက်က ကျွန်မ ကို (ဘတ် ၅၀၀) ထုတ်ပေးပါတယ်။ သူ့ကို ကျွန်မ ခုထိ မှတ်မိနေပါသေး

တယ်။ အစတော့ ဘာကြောင့် ငွေထုတ်ပေးမှန်း မသိပါဘူး။ လှူတယ်လို့ပဲ ထင်တာကိုး။ သူတို့အဖွဲ့က ကျွန်မတို့လို AIDS ရောဂါသည်တွေကို ကူညီနေတာပါ။ နောက်ပိုင်းတော့ ကျွန်မတို့ ရောဂါသည်ချင်းစုစည်းမိပြီး ဒေသအဖွဲ့ ကလေးဖွဲ့နိုင်ခဲ့ပါတယ်။ AIDS ဝေဒနာရှင်တွေအတွက် အားဆေးကတော့ လူမှုဆက်ဆံရေးပါပဲ။ ကျွန်မတို့လို လူရာသွင်းမှုပါပဲ။ ဒါကြောင့် နောက်ပိုင်းမှာ ကျွန်မဟာ အလုပ်တွေ နိုင်သလောက် လုပ်ခဲ့ပါတယ်။ အဖွဲ့ဝင်တွေကိုလည်း စည်းရုံးနိုင်ခဲ့ပါတယ်။ ကိုယ်ချင်းစာရတယ်ပေါ့။ ကြည့်ပါ။ ကျွန်မဟာ ယောကျ်ားဆီက ရောဂါကူးခဲ့တာ မှန်ပေမယ့် သူဟာ ပြည့်တန်ဆာမိန်းမပျက်တွေနဲ့ဆက်ဆံခဲ့ဖူးသူမဟုတ်ပါ။ သူဟာ တခြားအကြောင်းကြောင်းနဲ့ ရောဂါရလာသူပါ။ ဒီလိုပဲ ဘဝဆိုးနဲ့ကြုံတဲ့သူချင်း ကျွန်မတို့ နားလည် စာနာရမယ် မဟုတ်လား။

၁၉၉၇ ခုနှစ်မှာ ကျွန်မဟာ ရောဂါသည်များ ကူညီရေးမှာ အားသွန်ခွန်စိုက် လုပ်ကိုင်နေပါပြီ။ ရောဂါသည်တွေရဲ့ ဒုက္ခတွေကိုလည်း မျှဝေခံစားရင်း အဖွဲ့ရဲ့ဥက္ကဋ္ဌ ဖြစ်နေပါပြီ။ ၁၉၉၉ ခုနှစ်မှာတော့ ကျွန်မရဲ့ လုပ်ရည်ကိုင်ရည်တွေဟာ ပိုပြီးတိုးတက်လာပါတယ်။ မလေးရှားနိုင်ငံ ကွာလာလမ်ပူအထိ ကျွန်မခရီးဆက်နိုင်ခဲ့ပါသည်။ ကျွန်မလား အင်္ဂလိပ်လို မတတ်ပါဘူး။ ဒါပေမဲ့ လူမှုရေးအဖွဲ့အစည်းတွေက ဘာသာစကားအခက်အခဲကို ကူညီကြပါတယ်။ ၁၉၉၃ ခုနှစ် ဒီဇင်ဘာမှာ ကျင်းပတဲ့ ကမ္ဘာ့ AIDS ဟောပြောပွဲတွေမှာ ကောင်းကောင်းမိန့်ခွန်းခြွေနိုင်ခဲ့ပါတယ်။

တစ်ခါတလေ နာဖျားမကျန်းရှိပေမယ့် အလုပ်ထဲမှာ ပျော်ရွှင်မှု၊ မိသားစုရဲ့ အားပေးမှုတွေကြောင့် ကိုယ်ရောစိတ်ပါ ကျန်းမာချမ်းသာနေနိုင်ခဲ့တာပါပဲရှင်။ ဒါနဲ့ စကားမစပ် ရှင်တို့ရော ဘတ် ၅၀၀ လောက် မလှူနိုင်ကြဘူးလား။

*(ယိုးဒယား AIDS ဝေဒနာရှင်များ ကူညီစောင့်ရှောက်ကယ်တင်ရေး အသင်းဝင်အမျိုးသမီးတစ်ဦး၏ ကိုယ်တိုင်ရေးဘဝဖြစ်စဉ်အကျဉ်းဖြစ်သည်။ ဤစာစုကို Lessons of life စာအုပ်တွင် ဖော်ပြခဲ့ပြီး Japan International Cooperation Agency မှ ထုတ်ဝေ၍ ကုသိုလ်အဖြစ် ဖြန့်ဖြူးပါသည်။ J.I.C.A က သူ့ကို စာရေးဆရာဟုပင် သတ်မှတ်လေ၏)*

+++

## WHO'S WRONG?

My name is Ple. I have six brothers. I am the youngest. Now, there are only 3 people in my family mother, brother and I. I am from the North. I am 167 cm tall and weigh 58 kg. I was pretty before I became infected with AIDS. I am bisexual. My parents did not have a daughter so my mother dressed me as a girl. Then my parents divorced and I chose to live with my father in the village. In this province I could meet friends who were the same as me so I got knowledge about sex. When I was 18 years old, I found a new friend. His name was K.I had sex with him, then he moved to work in Bangkok and I worked both in Bangkok and Pattaya. When I came back to my hometown, I met Mr.K again. He became my close friend. We had sex without condom. We had anal sex and that is why I'm infected with AIDS. Then I found that he was a commercial sex worker. At that time I didn't think about this matter. He left for Bangkok. Over the next few months I was ill quite often. I always had diarrhea and I lost weight which was consistent with symptoms of the AIDS disease. I was afraid to see a doctor but I went to see the venered disease doctor. He gave me medicine and took my blood to test. He gave me an appointment to see him again later.

I went to stay with my father, and then I became very sick. I sometimes tried something by myself but I did not get better so my father took me to see a doctor. He checked my blood and he tried to inform me in an indirect-way but I couldn't listen to his explanation. I asked him weather I had AIDS or not. He said I was HIV positive. I felt shocked at the time but I felt better later. I could eat more and sleep better too. News of my situation spread through my friends and next

to the neighbors. I didn't care about anything. My friend invited me to stay in Pattaya. I worked as a waitress until I found Mr.P who stayed with me. I had sex with him. We sometimes used hand and mouth. We moved to Bangkok. I developed symptoms that were like shingles, I told him that I had AIDS. He did not believe me at first, but he accepted the situation because we had lived together for 4 years already by that time. I took him for a blood test and he was not infected with AIDS. I told him that I would like to visit my father and I never returned to him again.

The reason that I decided to leave him was because my symptoms would occur again. At that time I worked as a singer and I was smoking a lot too. I went to stay in hospital. I lost 15 kg of my weight, taking me down to 38 kg, when my mother knew this, she was very shocked but she could understand me later. She cried so much because she didn't have money to pay for the treatment so my brother took me stay at home. My mother and brother always cheer me up. I still get sick, headaches, and stomachache. They understood me so I try to eat and exercise. I had to take 28 tablets per day. It was suggested that I attend a group meeting at a Day Care Center. (I had known Ms. Sripai before. She was very kind. At that time Ms. Phanee was the chairperson of the group, later she died. Before she died, she told me that she wanted me to work with the group to help other friend.) The doctor, nurse, aunt Orathai, sister Kung and sister Nong all helped us very much. We made a flower garden from paper and card. I was elected as an assistant to Phuen Kaew Group by vote.

Now I am happy to work with the group. I can help by giving suggestions to my friends. I sometimes go out to visit the patients at their homes. The labor and social welfare department of the province have the funds to help patients giving 500 baht per person per month. Now I am very healthy and I attend the AIDS vaccine project held by Dr.Panita. I am getting better faster than a lot of other people. I think;

there are a lot of patients that still keep away from society I try to be an example of an AIDS patient who wants to fight against AIDS. I also want to get assistance from other places to help other friends.

*Many teenagers are bisexual and they end up with AIDS. The mistake is made by the parents, especially mothers, who wanted to have a daughter.*

❑

# တရားခံ ဘယ်သူလဲဟေ့

ကျွန်မက ... အင်း၊ 'ကျွန်မ' ပြောရမလား၊ 'ကျွန်တော်' ပြောရမလား မသိတော့ပါဘူး။ 'မောင် မစွက' ပဲ ထားလိုက်ပါတော့လေ။ သည်တော့.. 'ကျွန်တော်' ပဲပေါ့။

ကျွန်တော့်မှာ ညီအစ်ကို ခြောက်ယောက်ရှိပါတယ်။ ကျွန်တော်က အငယ်ဆုံးပါ။ အဖေနဲ့အမေက သားယောကျ်ားလေးချည်း ဆက်တိုက်မွေးခဲ့တာမို့ အငယ်ဆုံး ကျွန်တော်အလှည့်မှာ သမီးမိန်းကလေးဖြစ်စေချင်ခဲ့ကြတာ။ ဒါပေမဲ့ ယောကျ်ားလေးပဲ ဖြစ်နေတဲ့အပြင် ကံဆိုးပြန်တာက ကျွန်တော်ဟာ မိန်းမချောချောပြီးမွေးရာပါ မောင်မစွက ဖြစ်နေတာပါပဲဗျာ။ ဒီတော့.. အကျီဆင်ရတဲ့အရွယ်ရောက်ကတည်းက အမေက မိန်းကလေးလိုပဲ ဆင်ပေးပါတယ်။

အဖေနဲ့အမေ ကွာရှင်းအပြီး အဖေနဲ့ပဲလိုက်နေတယ်။ ကျေးရွာစီရင်စုတစ်ခု မှာပေါ့။ အဲဒီမှာ သူငယ်ချင်းတွေနဲ့တွေ့တော့ သူတို့လည်း ကျွန်တော့်လို ယောကျ်ားမဟုတ်၊ မိန်းမမဟုတ်တွေပဲ။ မိန်းမလျာတွေ ယောကျ်ားလျာတွေပေါ့။ ဒီတော့ ငယ်ငယ်ရွယ်ရွယ်နဲ့ ဟိုကိစ္စ ဒီကိစ္စတွေကို နားလည်လာခဲ့ရတယ်။ အဲဒီထဲမှာ K နဲ့ တွေ့ဆုံချစ်ကျွမ်းဝင်ခဲ့မိပါရော။ ရွာပြန်ရောက်တော့ K နဲ့ ပြန်တွေ့တယ်။ သူနဲ့ နဖူးစာလို့ ဆိုရမလားပါပဲလေ။ ကျွန်တော်တို့ အတူနေကြတဲ့အခါ (ကန်တော့ပါရဲ့)ကွန်ဒုံးမသုံးမိကြဘူး။ အင်း နောက်မှသိရတာက သူဟာ လိင်စီးပွားရေးသမားတဲ့ဗျာ။ ဆိုကြပါစို့ရဲ့ ဒီလိုနဲ့ ကျွန်တော့်မှာ HIV ပိုး ကူးဆက်ခံရတော့တာပေါ့။ K ဘန်ကောက်ကို ပြန်သွားပြီး လပိုင်းမှာပဲ ကျွန်တော် ခဏခဏဖျားပါတော့တယ်။ ခေါင်းကိုက်တယ်။ ချောင်းဆိုးတယ်။ မိုက်နာတယ်။ ဒါနဲ့ နီးစပ်ရာ ဆရာဝန်နဲ့ပြတော့ အကိုက်အခဲပျောက်ဆေး စသဖြင့် ပေးတယ်။ ပြီးတော့ ရက်ချိန်း ခဏခဏပေးတယ်။

နောက်ပိုင်း အကြီးအကျယ် ဖျားနာလာတော့မှ အဖေက ဆရာဝန် တစ်ယောက်ဆီခေါ်သွားတယ်။ ဆရာဝန်က သွေးစစ်ကြည့်တယ်။ ဆရာဝန်နဲ့ မျက်နှာချင်း မဆိုင်ချင်ဘူး။ အဖြေတစ်ခု ထွက်လာမှာကိုကြောက်လို့။ ဆရာဝန် က သွယ်ဝိုက်ပြောတယ်။ ဒါပေမဲ့လေ အဖြေကတော့ အဖြေပါပဲ။ ဟုတ်ပဲ့ ကျွန်တော့်မှာ HIV ပိုး တွေ့တယ်။ AIDS ဖြစ်နေပြီတဲ့။ ကျွန်တော့်မှာ သေလုမတတ် ကြောက်သွားတာပဲ။

နောက်တော့ တဖြည်းဖြည်း စိတ်ကိုထိန်းတယ်။ အချိန်မှန်အိပ်၊ ဝဝ လင်လင်စား။ ကျွန်တော့်အဖြစ်ကို သူငယ်ချင်းတွေကလည်း သိသွားရော တစ်ဆင့်စကားနဲ့ အိမ်နီးချင်းတွေဆီပါ နားပေါက်ကုန်တော့တယ်။

သူငယ်ချင်းတွေကတော့ ကောင်းကြပါတယ်။ ကျွန်တော့်ကို 'ပဏ္ဍယား' ကမ်းခြေခေါ်သွားပြီး အလုပ်ရှာပေးတယ်။ စားပွဲထိုး။ အင်း ... မိန်းမ စားပွဲထိုးတဲ့လေ။

ဒီမှာတင် P နဲ့တွေ့ကြပြန်ပါရော။ သူနဲ့လည်း အနေနီးရာက ပရောပရီ ဖြစ်ကြပြန်ပါရော။ ဒါပေမဲ့(နားနဲ့မနာ ဖဝါးနဲ့နာပါ) သူနဲ့ကျွန်တော်နှုတ်ခမ်းနဲ့ပဲ ချစ်ကြတယ်။ လက်နဲ့ပဲ ချစ်ကြတယ်။ ကျွန်တော်က ကျွန်တော့်မှာ ရောဂါ ဆိုးကြီးနေပြီဆိုတာ ပြောပြပေမယ့် သူက မယုံဘူး။ စိတ်ချလက်ချပဲ အတူနေ ကြတယ်။ သူ့ကို ဆေးစစ်ကြည့်တော့လည်း ရောဂါပိုးမရှိဘူးဆိုတဲ့ အဖြေရ တယ်။ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် ဆက်ပြီးအတူနေဖို့ မသင့်ဘူးလေ။ ကျွန်တော် သူ့ဆီက ခွာပြီး အဖေ့ဆီပြန်ခဲ့ရပြန်ပါရော။ သူနဲ့ဘယ်တော့မှ ပြန်မတွေ့တော့ ဘူးလို့ ဆုံးဖြတ်လိုက်တာကတော့ ကျွန်တော့်ကိုယ်ပေါ်မှာ ယားနာဖုတွေ ပေါ်လာလို့ပါပဲဗျာ။

အဲဒီနောက် ကျွန်တော် ဘားအဆိုတော် လုပ်ခဲ့သေးတယ်။ ဆေးလိပ် အရက်စွဲတယ်။ နောက်ဆုံးတော့ ဆေးရုံရောက်တာပါပဲ။ ဒီအချိန်မှာ ကျွန်တော့် ကိုယ်အလေးချိန်ဟာ ၃၈ ကီလိုဂရမ်ပဲ ရှိတော့တယ်။ ဆေးရုံကို အမေက လာကြည့်တော့ လူးလိမ့်ငိုကြွေးတော့တာပဲ။ သူ့ခမျာ ဆင်းရဲတော့ ဘာမှလည်း မတတ်နိုင်ဘူးလေ။ အိမ်ပြန်ခေါ်ထားဖို့ကလည်း လူခွဲကမရှိဘူး။ ဒါပေမဲ့ အမေရော အစ်ကိုရောက ကျွန်တော့်အပေါ် နားလည်ကြပါတယ်။ အားပေး

ကြပါတယ်။ အဲဒီအချိန်မှာ ကျွန်တော်ဟာ တစ်နေ့ကို ဆေး (၂၈)လုံး သောက်နေရပါပြီ။ ခေါင်းကိုက် မိုက်နာ ဝေဒနာလည်း စွဲကပ်နေပါပြီ။ ဆေးရုံမှာနေရင်းနဲ့ ဆေးရုံရဲ့ 'နေ့ခင်းလူနာများ စောင့်ရှောက်ရေးအဖွဲ့' ကို ကျွန်တော်စိတ်ဝင်စားလာပါတယ်။ အဲဒီအဖွဲ့ရဲ့ဆရာဝန်၊ ဆရာမ၊ သူနာပြုတွေက ကျွန်တော့်ကို သိပ်ဂရုစိုက်ကြပါတယ်။ စက္ကူနဲ့ပန်းတွေလုပ်ပြီး ပန်းခြံကလေး တည်ဆောက်နိုင်းတာမျိုးလည်း လုပ်ရပါတယ်။ နှစ်ပတ်လည်နေ့မှာ မဲရွေးပြီး ကျွန်တော့်ကို ခေါင်းဆောင်တင်လိုက်ကြတယ်။

အခုတော့ ကျွန်တော်ဟာ အဖွဲ့ထဲမှာ ဘဝကို ပျော်ပျော်ကြီး တည်ဆောက်နိုင်နေပါပြီ။ ကျွန်တော်က နယ်လှည့်ဟောပြောပွဲတွေဘာတွေမှာလည်း ပါရတယ်။ ဦးဆောင်ဦးရွက် လုပ်ရတယ်။ ပညာပေးတာတွေ ကူညီထောက်ပံ့တာတွေမှာလည်း ကျွန်တော်က ခေါင်းဆောင်ပိုင်းကပါရတယ်။ (ယိုးဒယားမှာက AIDS ရောဂါသည်တွေကို တစ်လ ဘတ်(၅၀၀)ထောက်ပံ့ပါတယ်)

ကျွန်တော်ထင်တယ်လေ။ ကျွန်တော်တို့ ဘယ်လောက်ပဲ ကူညီတယ်ပြောပြော ရောဂါသည်အများစုဟာ သူ့အသိုင်းအဝိုင်းကနေ ဖယ်ကြဉ်ထားခံနေရတုန်းပဲလို့၊ ဘာပဲဖြစ်ဖြစ် ကိုယ်ချင်းစာတရားထားပြီး ကျွန်တော်က အသက်ရှင်နေသရွေ့ ကိုယ်စွမ်းဉာဏ်စွမ်းနဲ့ ကူညီနေဦးမှာပါပဲ။

အင်း ခုထိ စဉ်းစားမရတာက ကျွန်တော့်ဘဝ ဒီလိုဖြစ်ခဲ့ရတာ အမေ့ကြောင့်လား။ ပတ်ဝန်းကျင်ကြောင့်လား၊ ကျွန်တော့်ရဲ့ဘဝပေး အခြေအနေကြောင့်လား ဆိုတာပါပဲ။

*Japan International Cooperation Agency*
*(Lesson of Life)*

+++

# AN ARMY SURGEON

April 2, 1989, I had to resume my military service at Ampur Tean and I became a soldier at Lampang camp.

May I, 1989, I was sent to the 32 Precinct belonging to Sulasak Montri Camp. I was an army surgeon at Sulasak Montri Camp hospital. I had to practice how to deal with an enemy for 3 months. During this period I got infected with AIDS because when I was off from my job, my friend and I often went to a brothel.

Once, the hospital wanted type B blood, myself and 5 other friends were chosen by the hospital to give blood. 2 months later, the hospital sent the result of the blood test to my house. My father was very shocked and brought that letter to me at the camp. That letter did not specify which kind of virus, they just wrote down that I was infected with a virus. They only suggested that its, better to protect myself with sexual conduct or should not have any. At that time I thought that it was not serious.

When I had diarrhea. I went to see a doctor at my camp after I had been sick for a week. "It must have been food poisoning", the doctor said. After I completed the treatment I could go back to my job. In 1991 I finished my army service and I went to work in Chonburi, Chachesao and Rayong. I met a lady in Sriracha. We had a date and had sex afterwards. We did not have a blood test and did not marry because I did not have enough money. 4 years later, she became pregnant. When she was 3 months pregnant, we moved to work in Ayuthaya. At the end of 1996 my wife gave birth to my son but he

died soon after. He weighed 4.25 kg. I thought that it was caused by the carelessness of nurses or the doctor. I wanted to sue them but I could not because I did not have power nor money. I was very sad I did not want to work so my employer fired me out from my job. My wife and I moved to U-bonrajchathani and later Rayong. I got a job at a company. I made 520 baht per day. My wife became pregnant again. This time we had a daughter. When she was 6 months old my wife developed the symptoms of illness. She went to see a doctor in Rayong and she was admitted. It was the private hospital so we had to pay 2,000-3,000 per day. When she felt better I took her to stay at home.

2 months later, my wife got sick again. I took her to the govern ment hospital. The doctor checked her blood and told me that she was infected with AIDS. I was very shocked. I felt very sorry that I brought this disease to her and my daughter.

When my wife got better we went back home, she stayed with her mother and I stayed with my parents in Lampang. I stayed in Lampang for 2 weeks. I started to feel sick and had to stay at hospital. At that time, my mother-in-law called and told me that my wife died. I could not go to her funeral because I was too sick. I could not walk. I cried every day.

I always intended to have a small happy family with 2 children. But I can't have that because I used all of my money for treatment. I don't have money to buy milk for my daughter. Now my daughter and I stay with my parents. They are very old and cannot work. The hospital helps me with me daughter. Thank you very much for this.

*He is an army surgeon but he forgets to take care of himself. His carelessness and enjoyment put him in this situation.*

□

# အထိန်းအကွပ်များတဲ့ကြားက

၁၉၈၉ ခုနှစ်၊ ဧပြီလ ၂ ရက်နေ့မှာ ကျွန်တော့်ကို ယိုးဒယားစစ်သားစု ဆောင်းရေးတပ်က ရွေးချယ်လို့ 'အမ်ပါ' စခန်းမှာ ရဲဘော်ဖြစ်ခဲ့ရပါတယ်။ 'လန်းပန်' မှာပါ။ ၁၉၈၉ ခုနှစ်၊ မေလ ၁ရက်နေ့မှာတော့ ကျွန်တော့်ကို 'ဆူလာဆတ်' တပ်ဆွယ်ကို ပို့လိုက်ပါတယ်။ နောက်တော့ တပ်ကြပ်ရာထူး ပေးပြီး ဆူလာဆတ်တပ်ရင်းဆေးရုံမှာ သင်တန်းသုံးလပေးပါတယ်။ အဲဒီမှာပဲ ကျွန်တော်ဟာ အေ့ဒ်စ်ရောဂါ ကူးစက်ခံခဲ့ရပါတယ်။ ဒီလိုပါ တပ်က အနားရတဲ့ ရက်တွေမှာ ကျွန်တော်တို့ သူငယ်ချင်းတစ်စုဟာ အပြင်ထွက်ခွင့်ရကြ တယ်ဆိုရင်ပဲ အပျော်ရှာကြလို့ပါ။

တစ်နေ့မှာ တပ်ရင်းဆေးရုံက B အမျိုးအစားသွေးခြောက်ပုလင်းလို တယ်ဆိုလို့ ကျွန်တော်အပါအဝင် တပ်သားခြောက်ယောက် သွေးလှူဖို့ အရွေး ခံရပါတယ်။ ကျွန်တော်တို့လည်း ဝမ်းသာအားရ လှူလိုက်ကြပါတယ်။ နှစ်လ လောက်လည်းနေရော ဆေးရုံကနေ သွေးစစ်ချက်အဖြေကို အိမ်ပို့ပေးလိုက်ပါ တယ်။ သူတို့ရဲ့ဆေးမှတ်ချက်ထဲမှာ ကျွန်တော့်သွေးထဲ ဗိုင်းရပ်စ်ပိုးတွေ တွေ့ သတဲ့။ အဖေဆိုတာ အကြီးအကျယ် ချောက်ချားခဲ့ရတာပါ။ ဒါပေမဲ့ ဘာဗိုင်းရပ်စ်ဆိုတာကို ကွဲကွဲပြားပြား ဖော်ပြမထားဘူး။ သူတို့အကြံပေး ထားတာကတော့ လိင်ဆက်ဆံမှုအတွက် ကြိုတင်ကာကွယ်ပါ။ ဖြစ်နိုင်ရင် တော့ ရှောင်ပါတဲ့ဗျာ။ အဲဒီအချိန်အထိ ကျွန်တော်ဟာ ဒီကိစ္စကို အရေးတကြီး လို့ ထင်မထားခဲ့ပါဘူး။

ကျွန်တော် နာဖျားမကျန်းဖြစ်ပြီး တစ်ပတ်လောက်အကြာ ဝမ်းလျှော လာတော့မှ ဆရာဝန်ဆီသွားပြပါတယ်။ ဆရာဝန်ကတော့ 'အစားမှားပြီး အစာအဆိပ်သင့်တာ' လို့ပဲ ပြောခဲ့ပါတယ်။ ဒီလိုနဲ့ ဆေးကုသမှု ခံယူပြီးတော့

တာဝန်ပြန်ထမ်းဆောင်ခဲ့ပါတယ်။

၁၉၉၁ ခုနှစ်မှာတော့ ကျွန်တော် စစ်မှုထမ်းတာ ပြီးဆုံးလို့ တပ်က ထွက်ပြီး 'ခွန်ဘူရီ' မှာ အလုပ်သွားလုပ်ပါတယ်။ အဲဒီမှာပဲ မိန်းမတစ်ယောက်နဲ့ တွေ့ခဲ့ပါတယ်။ နောက်ပိုင်းတော့ ချိန်းတွေ့ကြတယ်။ ဆက်ဆံကြတယ်ပဲ ဆိုပါတော့လေ။ ကျွန်တော်တို့သွေးတွေ ဘာတွေမစစ်ကြဘူး။ လက်လည်း မထပ်ခဲ့ကြဘူး။ ပိုက်ဆံမှ မရှိဘဲကိုး။ ဒီလိုနဲ့ လေးနှစ်လောက်ကြာတော့ ကျွန်တော့်မိန်းမ ကိုယ်ဝန်ရှိလာပါရော။ သူကိုယ်ဝန်သုံးလရတော့ ကျွန်တော်တို့ အလုပ်လုပ်ဖို့ 'အယုဒ္ဓယ' ပြောင်းခဲ့ပါတယ်။ ၁၉၉၆ ခုနှစ်မှာတော့ ကျွန်တော့်မိန်းမ ကလေးမွေးပါတယ်။ ယောက်ျားလေးပါ။ ဒါပေမဲ့ သက်ဆိုးမရှည်ရှာဘူး။ မွေးစမှာပဲ ဆုံးပါတယ်။ ကိုယ်အလေးချိန်ကလည်း လေးကီလိုသာသာလေးပဲရှိတယ်။ ဒါဟာ ဆရာဝန်နဲ့ နပ်စ်မတွေ အသုံးမကျလို့ဘဲ ထင်ခဲ့တာ။ ဒါကြောင့် ကျွန်တော်သူတို့ကို တရားစွဲဖို့ ကြိုးစားသေးတယ်။ ကျွန်တော့်မှာ ငွေလည်းမရှိဘူးလေ။ ကျွန်တော်ဘယ်လောက် စိတ်ခတ်ကျသွားမလဲ စဉ်းစားကြည့်ပါ။ ဒီတော့ ဘာဖြစ်သလဲ၊ အလုပ်မှာ စိတ်မဝင်စားတော့ဘူး။ ဘာမှမလုပ်ချင် မကိုင်ချင်တော့ဘူး။ ဒါကြောင့် အလုပ်ရှင်က အော်ငေါက်ပြီး မောင်းထုတ်ပစ်လိုက်တာ ဘာဆန်းလဲ။ ကျွန်တော်တို့ လင်မယား 'ဒူဘွန်ရာချာသာနီ' ကို ပြောင်းရပြန်ရော။ အဲဒီမှာ ကျွန်တော် အလုပ်ရပါတယ်။ ကုမ္ပဏီတစ်ခုက နေ့စား။ တစ်နေ့ ဘတ် ၅၂၀ ပေးတယ်။ ကျွန်တော့်မိန်းမလား။ နောက်တစ်ဗိုက်နဲ့ပေါ့ဗျာ။ ကလေးခြောက်လရတော့ ကျွန်တော့်မိန်းမ ဖျားဖျားလာတော့တာပဲ။ ဒါနဲ့ ဆေးရုံသွားပြတော့ ဆေးရုံတက်ခွင့်ရပါတယ်။ ဒါပေမဲ့ ဆေးရုံက ပုဂ္ဂလိကဆေးရုံဗျ။ တစ်နေ့ ဘတ် ၃၀၀၀ ပေးရတယ်။ သူနည်းနည်းနေ ကောင်းကောင်းချင်း သူ့ကို အိမ်မှာပဲ နေပါစေတော့တယ်။

နှစ်လကြာတော့ ကျွန်တော့်မိန်းမဟာ အဖျားကြီးလာပြန်ပါရော။ ဆရာဝန်သွားပြတော့ ကျွန်တော် အကြီးအကျယ် တုန်လှုပ်ရပြီပေါ့ဗျာ။ ဟုတ်ပါ့... သူ့မှာ AIDS ရောဂါ စွဲကပ်နေပြီတဲ့လေ။ သေချာပါတယ်။ ဒီရောဂါကို ဖိန်းနဲ့ သမီးဆီ သယ်လာတဲ့တရားခံဟာ ဘယ်သူရှိဦးတော့မလဲ။ ကျွန်တော်ပေါ့။

မိန်းမ နည်းနည်းနေကောင်းတော့ သူက သူ့မိဘအိမ်၊ ကျွန်တော်က ကျွန်တော့မိဘအိမ်ဆိုပြီးခွဲနေလိုက်ကြပါတော့တယ်။ လန်းပန်မှာနေလို့ နှစ်ပတ်ပဲကြာတယ် ကျွန်တော်လည်း အဖျားကြီးဖျားလို့ ဆေးရုံတက်ရပြန်ပါရော။ အဲဒီအချိန်မှာပဲ တိုက်တိုက်ဆိုင်ဆိုင် ကျွန်တော့်ယောက္ခမက သူ့သမီး ကျွန်တော့် မိန်းမသေပြီဆိုတဲ့ သတင်းဆိုးကို ဖုန်းဆက်ပြောတော့တာပါပဲ။ ကျွန်တော်လည်း မိန်းမအသုဘတောင် မပို့နိုင်ခဲ့ပါဘူး။ ဖျားပြီး အိပ်ရာထဲကမှ မထနိုင်တာကိုး။ အလုပ်လည်း မလုပ်နိုင်ဘူး။ အားအားရှိ ငိုလို့ချည်းနေရတော့တာ။

ကျွန်တော် မျှော်လင့်ခဲ့တာက မိန်းမနဲ့ သားလေးတစ်ယောက်၊ သမီးလေးတစ်ယောက်နဲ့ ပျော်ရွှင်တဲ့မိသားစုဘဝလေးပါ။ ဒါပေမဲ့ ဖြစ်မလာခဲ့တော့ပါဘူး။ ကျွန်တော် ထင်တယ်။ ဒါဟာ ရသမျှငွေတွေ ဆေးကုပစ်ရလို့ပဲလို့။ စဉ်းစားကြည့်ပါဗျာ။ သမီးလေးအတွက် နို့ဘူးဖိုးတောင် ကျွန်တော် မရှာနိုင်တော့ပါဘူး။ ကျွန်တော်တို့ သားအဖနှစ်ယောက်လုံး မိဘအိမ် ခိုကပ်နေရတဲ့ဘဝ။ သူတို့တွေခမျာလည်း အသက်တွေကြီးကုန်ကြပြီ။ အလုပ်မလုပ်နိုင်ကြတော့ပါဘူး။ ဒါပေမဲ့လေ ခုချိန်ထိ ကျွန်တော်နဲ့ကျွန်တော့်သမီးလေးကို ဆေးရုံက ကြည့်ရှုစောင့်ရှောက်ထားတာဟာလည်း အလွန်တရာကြီးမားတဲ့ ကျေးဇူးတရားပါ။ ဟုတ်ကဲ့ ကျေးဇူးတင်လိုက်တာ လန်းပန်ဆေးရုံကြီးရယ် ...။

*Japan International Coperation Agency* ထုတ်ဝေသော *Lessons of Life* တအုပ်ငယ်ပါ။ အော့ဒ်စ်ဝေဒနာရှင် ယိုးဒယားတပ်ကြပ်ကြီးတစ်ဦး၏ ကိုယ်တွေ့မှတ်တမ်းစာစုလေးဖြစ်ပါတယ်။ သိကြသည့်အတိုင်း စစ်တပ်ဆိုတာ အလွန်စည်းကမ်းတင်းကျပ်ပါသည်။ သည်ကြားထဲကပဲ အားလပ်ရက်ကလေးရတော့ အပြင်ထွက်ပြီး အပျော်ကျူးမိသည်၊ သည်တွင် ရောဂါရစရာလမ်းစတွေ သွားတွေ့ပါတော့သည်။ ရုပ်ဝတ္ထုပြည့်စုံလွန်းသော နိုင်ငံဖြစ်၍ စိတ်မထိန်းနိုင်ကြတော့ပေ။ ကြည့်ပါ ... ယခုစာစုကို ရေးခဲ့သူမှာ တပ်ကြပ်ကြီး ဟူသောအဆင့်။ တပ်ကြပ်ကြီးဆိုသည်မှာ လက်အောက်ငယ်သားများသာမက အထက်အရာရှိကိုပင် ကြပ်မတ်စည်းရုံးရသော အဆင့်။ ခုတော့ သူကိုယ်တိုင်က ...။

+++

## DELINQUENT

My mother died when I was 11 months old and my father married a new wife so I had to stay with my grandmother. I did not learn in high school because I did not have enough money, I felt so hurt. I did not want to live with my grandmother any more so I went to Bangkok. In Bangkok, nobody forced me to do anything. I had not purpose to my life nor future, so I wanted to try every evil thing. I used heavy drugs such as heroin.

When I was 17 years old, my father died. I went back to my hometown for his funeral. After this time I had many feelings of hurt. I was unlucky that I had nobody at all. I felt that I needed to increase the amount to drugs I used to more than before. I did not go work, so my employer fired me. I went back to my grandmother's house. My relatives took me to treat my drug addiction but it was not successful. Then I was caught by the police because I had heroin with me. I was sentenced to jail for 2 years, then I went back to Bangkok to find a job again.

I met a woman, I married her and moved to my grandmother's house. We worked hard for the family, I did any work I could find. On one job, I had to climb palm trees to make toddy. I'd never done that before and I fell down 12 meters from a tree. My leg was broken so my wife took me to hospital.

I stayed in Lampang hospital for a while. Before I came back to my house, a doctor told me that I was infected with AIDS. I was so sad. I came back to my home but I did not tell my wife about this. Later my wife became pregnant, she was 2 months pregnant. I took her to hospital and she found out the problem, she cried. We thought of suicide but a doctor consoled us and gave AZT to my wife. After she gave birth to a child, we did not find anything wrong in our child's blood. We checked it again when our child was I year and 6 months. I was very happy because she was not infected with AIDS. Now my daughter is 2 years and 6 months old. My wife and child always cheer me up. I hope that when my wife and I die someone or some organization will render some assistance to my daughter. She is my only worry.

*Being a teenager is a period that we should be careful, if they do not have somebody who can instruct them properly, they can choose the wrong way. When they realize, it may be too late.*

❑

# တစ်ကောင်ဖွား

ကျွန်တော့်ဖခင် ဆရာသာခုမှာ ယေ်ကတည်းက လူမှန်းမသိခင် သူ့ဖခင် ကွယ်လွန်သွားခဲ့ပါသည်။ မိခင် မုဆိုးမကြီးနှင့်အတူ ဈေးရောင်းရ ပါသည်။ လမ်းဘေးဈေးသည် အတန်းအစားမျိုးဖြစ်ပါသည်။ အလွန်ဆင်းရဲ ရှာပါသည်။ သူ့မိခင်ကြီးက ကျောင်းပင် ထားမပေးနိုင်ရှာပါ။ ကံကောင်းချင်တော့ ကျွန်တော့် အဘွား နောက်ယူသောယောကျ်ား (ပထွေး)သည် လူကောင်း၊၊ သူကောင်း တစ်ယောက်ဖြစ်နေခြင်းပင်။ သူကောင်းသောကြောင့်သာ ကျွန်တော့် အဖေ ပျက်စီးမသွားခြင်း အကြောင်းတစ်ခုဖြစ်ပါလိမ့်မည်။ မည်သို့ပင်ရှိစေ နောင် တစ်ချိန်စာရေးဆရာ ဒါရိုက်တာကြီးတစ်ဦးဖြစ်ခဲ့သော ဆရာသာခုသည် လမ်းဘေးဈေးသည်ဘဝနှင့် ဆေးလိပ်ခွဲသွားတာကတော့ တစ်ခုတည်းသော အကျင့်ဆိုးဟု ဆိုရပါလိမ့်မည်။ ထိုကိစ္စသည် ဟိုစဉ်က သိပ်ပြီးမထူးဆန်းသော်လည်း လက်ရှိအခြေအနေတွင် လူငယ်လေးများ ဆေးလိပ်၊ စီးကရက်သောက်သုံးတတ်ခြင်းမှာ အလွန်ကြီးမားသော ပြဿနာတစ်ရပ်ဖြစ်နေပါပြီ။ မည်သို့ပင်ဆိုစေ အဖမဲ့သား လမ်းဘေးဈေးသည်ဘဝမှ နိုင်ငံကျော် တစ်ယောက်ဖြစ်လာရသော အဖေကြောင့် ကျွန်တော်တို့ ကံကောင်းခဲ့ကြရသည် မှန်သော်လည်း စစ်စစ်ပေါက်ပေါက် ပြောရလျှင် ကျွန်တော်တို့ အရွယ်မရောက်ခင်မှာ အဖေနှင့်အမေ အိမ်ထောင်ကွဲသွားခြင်း၊ အဖေနောက်အိမ်ထောင်ပြုခြင်းတို့မှာကား နှလုံးသားမှာ အမာရွတ်ကလေးဖြစ် ကျန်ခဲ့တာ သေချာပါသည်။ ထို့ကြောင့်ပင် ကျွန်တော့်အလှည့်တွင် အိမ်ထောင်ရေးပြဿနာ မဖြစ်ရလေအောင် ဂရုစိုက်ခြင်းဖြစ်ပါသည်။ နောက်တစ်ချက်မှာ ကျွန်တော့်ဖခင် ငယ်ငယ် ရွယ်ရွယ်နှင့်

**စီးကရက်စွဲသွားခဲ့သလို ကျွန်တော်တို့ လူပျိုပေါက်အရွယ်တွင် အဖေနှင့်အမေက လွတ်လပ်ခွင့်တွေ ပေးလွန်းသောကြောင့် ကျွန်တော်သည်လည်း ဆေးလိပ်နှင့် အရက်စွဲသွားခဲ့ရသည်မှာလည်း နမူနာယူစရာဖြစ်ခဲ့ပါသည်။ သင်ခန်းစာ ဆိုကြပါစို့။ ဘာပဲဖြစ်ဖြစ် မိဘမဲ့သော အမိ သို့မဟုတ် အဖမဲ့သော ပြီးတော့ လွတ်လွတ်လပ်လပ် နေခွင့်ရသော လူပျိုပေါက်၊ အပျိုပေါက်တို့သည် လမ်းလွဲ လိုက်တတ်ကြခြင်း ဖြစ်ပါသည်။ ထို့ကြောင့်ပင် ကျွန်တော်သည် သားသမီး လေးယောက်စလုံးကို ဂရုအစိုက်ဆုံးကာလမှာ သူတို့ လူပျိုအပျိုပေါက်ဖြစ်စဉ်မှာသာ ဖြစ်ခဲ့ပါတော့သည်။ ကျွန်တော်ဟာ ကျွန်တော် ဖခင်၏ဘဝနှင့် ကျွန်တော်တို့ ဘဝကို ပေါင်းစပ်ပြီး ထိုသို့ကောက်ချက်ဆွဲသော်လည်း ယခု ကျွန်တော် ဖော်ပြပေးမည့်အဖြစ်အပျက်ကလေးကတော့ ယိုးဒယားနိုင်ငံမှ AIDS ရောဂါရှင်ကလေးတစ်ဦး၏ မိဘမဲ့ခြင်း၊ လွတ်လပ် ခြင်းဘဝကို တစ်ပြိုင်နက် ခံစားလိုက်ရသော အကြောင်း ဖြစ်နေပါသည်။ ယိုးဒယားတောင်ပိုင်း 'လန်းပန်' ဆေးရုံ အပြင်လူနာကုသ ကူညီရေးစခန်းမှ ဝေဒနာရှင်ကလေးက သူ့ဘဝ အကြောင်းကို သူ့ဘာသာရေးထားသော စာတစ်ပုဒ်ဖြစ်ပါသည်။**

ကျွန်တော့်အမေ သေတော့ ကျွန်တော်က တစ်လသားပဲ ရှိသေးတာ။ အဖေက နောက်မိန်းမယူလိုက်ပါတယ်။ ဒီတော့ ကျွန်တော့်မှာ အဘွား နဲ့ပဲ နေခဲ့ရတာ။ အဘွားလက်ပေါ် ကြီးခဲ့ရတယ်ဆိုပါတော့။ ကျွန်တော်အထက် တန်းကျောင်း မနေခဲ့ရပါဘူး။ ဒါပေါ့။ ပိုက်ဆံမှ မရှိဘဲကိုး။ သိပ်စိတ်ထိခိုက် တာပဲဗျာ။ ဒါကြောင့် အဘွားနဲ့အတူ မနေတော့ဘဲ ဇန်ကောက်ကို ထွက်လာခဲ့ ပါတယ်။ ဇန်ကောက်မှာက ကျွန်တော့်ကို ချုပ်ချယ်မယ့်သူ မရှိဘူး။ သိပ်လွတ် လပ်တယ်။ လုပ်ချင်တာ လုပ်လို့ရတယ်။ ကျွန်တော်ကလည်း ကျွန်တော့်ဘဝ အတွက် လက်ငင်းရော နောင်ရေးပါ ဘာမှမစဉ်းစားဘူး။ မကောင်းတာမှန် သမျှ အကုန်လုပ်တော့တာပဲ။ စီးကရက်သောက်တာကအစ ဘိန်းဖြူပါ အလိုလိုပါလာတော့တာပဲပေါ့။

ကျွန်တော့်အသက် ဆယ့်ခုနစ်နှစ်ပြည့်တော့ အဖေဆုံးသွားပါတယ်။ ဒီတော့ အမေ့အသုဘအတွက် ကိုယ့်ရွာကိုယ်ပြန်ရတာပေါ့လေ။ အဖေသေ

ပြီဆိုတာနဲ့ ကျွန်တော်ဟာ လုံးဝခိုကိုးရာမဲ့သွားသလိုပဲ။ လောကကြီးမှာ ဘယ်သူမှ အားကိုးရာမရှိတော့ဘူးလို ဖြစ်သွားတယ်။ ကမ္ဘာပေါ်မှာ ကံအဆိုးဆုံးလူဟာ ကျွန်တော်ပဲလို့ ထင်မိပါတော့တယ်။ ဒီတော့ လုပ်ချင်တာတွေ ပိုလုပ်ဖြစ်တော့တာပေါ့။ မူးယစ်ဆေးဝါးမှုန်သမျှကို နည်းမျိုးစုံနဲ့ လုပ်တော့တာပဲ။ အလုပ်လည်း မှန်မှန်မဆင်းတော့လို့ အလုပ်ရှင်ကလည်း ကျွန်တော့်ကို မောင်းထုတ်လိုက်ပါတော့တယ်။ ဒီလိုနဲ့ အဘွားဆီတစ်လှည့် ပြန်ရောက်ရော ဆိုပါတော့ဗျာ။

ကျွန်တော် မူးယစ်ဆေးစွဲနေတာသိလို့ ကျွန်တော့်ဆွေမျိုးတွေက ကျွန်တော့်ကို နည်းမျိုးစုံနဲ့ ဆေးဖြတ်ပေးကြပါသေးတယ်။ ဒါပေမဲ့ အကြောင်းမထူးပါဘူး။ နောက်ဆုံးတော့ ကျွန်တော်ဟာ မူးယစ်ဆေးဝါးလက်ဝယ်ထားရှိမှုနဲ့ ပုလိပ်အဖမ်းခံရပြီး ထောင်နှစ်နှစ် ကျသွားပါတော့တယ်။ ထောင်ကလွတ်တော့ ဗန်ကောက် ပြန်သွားပြီး အလုပ်ရှာရပြန်တာပေါ့။

အဲဒီမှာ မိန်းမတစ်ယောက်နဲ့တွေ့တော့တာပါပဲ။ မကြာပါဘူး။ သူ့ကို လက်ထပ်ပြီး အဘွားရွာကို ပြန်ခဲ့ပါတယ်။ မိသားစုအတွက် ကျရာအလုပ်ကို မရွေးတမ်းလုပ်ခဲ့ပါတယ်။ 'အလုပ်ဟူသမျှ ထမင်းကွ' ဆိုတာလိုပေါ့လေ။ ဒီလိုနဲ့ တစ်နေ့တော့ ထန်းပင်တက်ရာမှာ ပေသုံးဆယ်လောက်အမြင့်ကနေ ပြုတ်ကျလို့ ခြေသွင်သွင် ကျိုးသွားပါရော။ လန်းပန်ဆေးရုံတက်ရတော့တာပေါ့။ အဲဒီမှာတင် ပြဿနာ တက်တော့တာပါပဲ။ ကျိုးသွားတဲ့ ခြေထောက်ကို ကုရင်းနဲ့ သွေးတွေဘာတွေသွင်းတယ် ပြုပြင်လုပ်ရတော့ သွေးစစ်လိုက်တာမှာ ကျွန်တော်ဟာ AIDS ဖြစ်နေပြီဆိုတဲ့အဖြေ ပေါ်လာတော့တာပါပဲ။ အဲဒီတော့ ကျွန်တော် အကြီးအကျယ် တုန်လှုပ်ချောက်ချားသွားရတော့တာပဲ။ ငါ့ဘဝတော့ သွားပါပြီဆိုပြီးတော့ပေါ့လေ။ ဒီလိုနဲ့ ဆေးရုံက ပြန်ဆင်းလာပေမယ့် ကျွန်တော့်အဖြစ်ဆိုးကို ဘယ်သူ့မှ ဖွင့်မပြောခဲ့ပါဘူး။ ဖြစ်ချင်တော့ အဲဒီအချိန်မှာ ကျွန်တော့်မိန်းမက ကလေးနှစ်လ ကိုယ်ဝန်ရှိနေပြီ။ ဒီတော့လည်း ထုံးစံအတိုင်း ဆေးရုံသွားပြရတော့တာပေါ့။ ဒီမှာတင်ကျွန်တော့်မိန်းမကိုလည်း ဆေးစစ်လိုက်ရော ...။ ဒါပေါ့ဗျာ သူ့မှာလည်း AIDS ရောဂါစွဲကပ်နေပါပြီတဲ့။ ကျွန်တော့်မိန်းမခမျာငိုလိုက်တာ ထွန့်ထွန့်လူးပါပဲ။

ပထမတော့ ကျွန်တော်တို့နှစ်ယောက် ကိုယ့်ကိုယ်ကိုယ် သတ်သေမလို့ လုပ်ကြသေးတယ်။ ဒါပေမဲ့ ဆရာဝန်က နားချလို့ မလုပ်ဖြစ်ခဲ့တော့ပါဘူး။ ဆရာဝန်က ကျွန်တော့်မိန်းမကို AZT ဆေးတွေ ပေးပါတယ်။

သမီးဦးလေးကို မွေးတော့ထုံးစံအတိုင်း ကလေးကိုလည်း ဆေးစစ်ရပါတယ်။ ဟာ . . . ။ သမီး ကလေးက ဆေးအောင်သတဲ့။ ဘာရောဂါလက္ခဏာမှ မပြဘူးတဲ့။ ဝမ်းသာလိုက်တယ် လွန်ပါရောဗျာ။ ဒါပေမဲ့ စိတ်တော့မချရသေးဘူးလေ။ ဒီလိုနဲ့ သမီးလေးတစ်နှစ်ခွဲမှာ ကျွန်တော်တို့ သူ့ကိုထပ်ပြီးသွေးတွေဘာတွေလည်းစစ်ကြတာပေါ့။ ကံကောင်းလိုက်ပုံများဗျာ။ သမီးလေးမှာ AIDS မဖြစ်ဘူးတဲ့။

ခုဆို သမီးလေးဟာ နှစ်နှစ်ပြည့်ခဲ့ပါပြီ။ သမီးလေးနဲ့ ကျွန်တော့်မယားဟာကျွန်တော်ဘဝအတွက် မီးရှူးတန်ဆောင်လိုပါပဲ။ သူတို့ဟာ ကျွန်တော့်အတွက် အရာရာအားကိုးမျှော်လင့်ချက်တွေလည်း အပြည့်အဝရှိနေပါပြီ။ တကယ်လို့ ကျွန်တော်ရော ကျွန်တော်မိန်းမရောလောကကြီးမှာ မရှိကြတော့ဘူးဆိုရင် တစ်စုံတစ်ယောက် ဒါမှမဟုတ် အသင်းအဖွဲ့တစ်ခုခုက သမီးလေးရဲ့ နောင်ရေးကို စိတ်မဆင်းရဲအောင် ပြုစုပျိုးထောင်ပေးကြလိမ့်မယ် လို့မျှော်လင့်နေမိပါတော့တယ်။ တကယ်တော့ ကျွန်တော် ဘဝမှာ ဒီသမီးပဲ မျှော်လင့်ချက်၊ ဒီသမီးလေးပဲ စိုးရိမ်တကြီး စောင့်ကြည့်ရမယ့်လူသား မဟုတ် ပါလားလေ။

+++

## A Lady

I am very happy to have this chance. I want to tell of how much sadness I got from the AIDS disease. I am 32 years old. I have one brother who is mentally retarded and a sister. She was married.

My parents died when I was 22 years old. I had to work and take care of my brother. I decided to work in Bangkok. I worked as a housemaid for one family. I worked for 9 months then I quit because I was afraid of my employer, he always acted in a strange way to me. Next I worked for another family. I got salary of 3,000 baht per month. I always sent money to my family.

I met a men. He worked as a laborer for a Construction Company near the house that I worked in. I always went to see him when I took my employer's child for a walk. One day I went to travel with him on my holiday. On that day, it was my ignorance, I had sex with him and we did not use any protection. After that I always ran away in order not to meet him. Then he began to avoid me. He had a lot of reasons to deny me. I was very foolish, I found myself 2 months pergnant so I went back to my house. At that time , I became very angry with him and I wanted to kill him. He did not admit that the child was his. I only went to see a doctor when my pregnancy was nearly 9 months. The doctor told me that my blood result had some problem .They forbid me from breast feeding my child because I was infecte with AIDS. I was very sad but it came from foolishness. I warn the ladies, please take care of yourselves, do not believe what a man says.

Thank you very much for this chance.

*This woman is one of many women who believe in a gallant man. This kind of male may run high risk of infections. It is more dangerous than what prostitute may face because women in general will not use any protection with those males.*

❑

# ထိုမိန်းမ

**မိန်းမသားတို့၏ သဘာဝမှာ ဟိုစပ်စပ်သည်စပ်စပ်နှင့် လူရာဝင်တတ်သော၊ စကားကြွယ်သော၊ ဖော်ရွေသော ယောကျ်ားသူငါများကို စံတွင်းတွေ့တတ်ကြပါသည်။ ထို့ကြောင့် အရောတဝင်ကြည်ဖြူတတ်ကြပါသည်။ ထိုအခါ ယောကျ်ားများအကြိုက်ကို တစ်ခါတစ်ရံ အလိုက်မသိပေါင်းသင်းတတ်ကြရာက မဖွားသင့်သည်များ ဖွားယွင်းသွားတတ်ကြပါသည်း။ အခွင့်အရေးသည် နေရာတကာ မပေးကောင်းပေ။ အခွင့်အရေးယူတတ်သူများနှင့်ကြုံလျှင် သာဆိုးတတ်ပါသည်။**

**အောက်ဖော်ပြပါဖြစ်ရပ်ကလေး တစ်ခုကို ဖတ်ကြည့်စေချင်ပါသည်။ ယိုးဒယားနိုင်ငံ မြောင်ပိုင်းလက်လုပ်လက်စားမိန်းမတစ်ဦး၏ ကိုယ်တွေ့ရင်ဖွင့်ပြောပြချက်ဖြစ်ပါသည်။ ခုက္ခသည်များကို စောင့်ရှောက်ရင်း သူတို့ရင်ဖွင့်စကားများ ရေးသောစာတိုကလေးများကို စုဆောင်း၍** Japan International Cooperation Agency **မှ စမ္ပဒါနအဖြစ် ဘာသာပြန်ဆိုပေးထားပါသည်။**

ကျွန်မမှာ ခုလဆို ဖောက်သည်ချခွင့်ရတဲ့အတွက် (စာအုပ်စီစဉ်သူများကို)အထူးပဲ ကျေးဇူးတင် ဝမ်းမြောက်ရပါတယ်ရှင်။ ကျွန်မဟာ ကုရာနတ္ထိရောဂါအေ့ဒ်စ်ကြောင့် ကြေကွဲဝမ်းနည်းမှုတွေ ဘဝမှာ ဖြစ်လာရတယ်ဆိုတာ ပြောပြချင်ပါတယ်။

ကျွန်မအသက် (၂၃)နှစ်ပါ။ ကျွန်မမှာ ညီမငယ်တစ်ယောက်နဲ့ ကျပ်မပြည့်တဲ့ မောင်တစ်ယောက်ရှိပါတယ်။ ညီမကတော့ အိမ်ထောင်ကျ

သွားပါပြီ။ ကျွန်မက မောင်လေးကို ပြုစုရင်း ကျပန်းအလုပ် လုပ်ကိုင်စားသောက်နေရသူပါ။ မိဘတွေကတော့ ကျွန်မ အသက်နှစ်ဆယ့်နှစ်နှစ်မှာ ဆုံးပါးကုန်ကြပါပြီ။

ကျွန်မ ဗန်ကောက်မြို့ကြီးပေါ်မှာ အိမ်ဖော်အလုပ်လုပ်ပါတယ်။ ဂုဏ်ကြီးရှင်တွေရဲ့ အိမ်မှာပဲပေါ့လေ။ အဲဒီမှာ ကိုးလပဲ အလုပ်လုပ်ပြီး ကျွန်မ အလုပ်ကထွက်လိုက်ပါတယ်။ အကြောင်းကတော့ ကျွန်မရဲ့အိမ်ကြီးရှင် အမျိုးသားရဲ့အမူအရာတွေကို မကြိုက်လို့ပါ။ သူ့အပြုအမူတွေက ထူးခြားပါတယ်။ ကျွန်မကိုယ်ကျွန်မ မလုံလဲဘူးပေါ့။ ဒါနဲ့ တခြားအိမ်တစ်အိမ်မှာ ကလေးထိန်းအဖြစ် ပြောင်းလုပ်ပါတယ်။ တစ်လဘတ်(၃၀၀၀)ရတော့ အိမ်ကိုလည်း ပြန်ပို့နိုင်တာပေါ့လေ။

ကျွန်မတို့အိမ်နားမှာ ဆောက်လုပ်ရေးလုပ်ငန်းကြီးတစ်ခုရှိပါသည်။ ကျွန်မဟာ ညနေတိုင်းဆိုရင် အိမ်ရှင်ရဲ့ကလေးနဲ့အတူ လမ်းလျှောက်ထွက်ရပါတယ်။ အဲဒီမှာတင် လူတစ်ယောက်နဲ့ တွေ့ဆုံတော့တာပါပဲ။ သူက ပန်းရံအလုပ်သမားဆိုပါတော့။ ရင်းနှီးခင်မင်သွားကြတော့လည်း သူ့ရဲ့အပြောအဆို သူ့ရဲ့လူရည်လည်မှုတွေအပေါ် သဘောကျမိတာ ဝန်ခံပါတယ်။

တစ်နေ့ အလုပ်အားရက်ရတာနဲ့ (သူလည်း အလုပ်အားတာမို့)ကျွန်မတို့အလည်ခရီးထွက်ဖြစ်သွားကြပါတယ်။ အဲဒီနေ့မှာပဲပေါ့။ ကျွန်မရဲ့ မဆင်မခြင်မှုကြောင့်ပါပဲလေ။ ကျွန်မဟာ သူ့ရင်ခွင်ထဲ ရောက်သွားမိပါတယ်။ သူ့ကိုယုံမိတာကိုး။ သူက လည်လည်ဝယ်ဝယ် ရှိတယ်မဟုတ်လား။ ဒီတော့လည်း အကာအကွယ်တွေ ဘာတွေ မယူခဲ့မိဘူးပေါ့။ ဒီနောက်ပိုင်းကျတော့လည်း ကျွန်မဟာ သူ့ကို အလိုလို ရှောင်နေမိပြန်ပါတယ်။ သူကလည်း ကျွန်မနဲ့ ခပ်ဝေးဝေးရှောင်နေလေ့ရှိပါရဲ့။ သူ့မှာက ကျွန်မကို လှည့်ဖျားစရာတွေ အများသားလေ။ ကျွန်မကလည်း တော်တော် ရူးရူးမိုက်မိုက် လုပ်ခဲ့မိတာကိုး။ ကျွန်မမှာ ကိုယ်ဝန်နှစ်လရပြီဆိုတော့မှ နေရပ်ပြန်ပြေးရတော့တာပါပဲ။ အဲဒီအချိန်မှာတော့ ကျွန်မဟာ သူ့ကို အရမ်းမုန်းနေပါပြီ။ သတ်ပစ်ချင်လောက်အောင်ကိုပါပဲရှင်။ သူနဲ့ ဆုံပါသေးတယ်။ သူကတော့ ကျွန်မ ကိုယ်ဝန်ဟာ သူနဲ့ရတာ မဟုတ်ဘူးလို့ ဖွတ်ငြင်းနေတော့တာပါပဲ။

ကိုယ်ဝန်ကိုးလရတော့ ကျွန်မ ဆရာဝန်နဲ့ပြကြည့်ပါတယ်။ ဆရာဝန်က ကျွန်မကိုပြောတယ်။ ကျွန်မရဲ့သွေးစစ်ချက်မှာ ပြဿနာရှိနေတယ်တဲ့။ ပြီးတော့ သားသမီးရလာရင်လည်း ကလေးကို မိခင်နို့မတိုက်ရဘူးတဲ့။ ဘာကြောင့်လဲ ဆိုတော့ ကျွန်မမှာ ... ကျွန်မမှာလေ ... အေအိုင်ဒီအက်(စ်) ရောဂါစွဲကပ်နေလို့ပါပဲတဲ့ရှင်။ ကျွန်မ ကမ္ဘာလေး ပျက်စီးသွားပါပြီ။ မျှော်လင့်ချက်တွေ ပျောက်ကုန်ပါပြီ။ တုန်လှုပ်ချောက်ချားမှု၊ ဝမ်းနည်းကြေကွဲမှုတွေသာ အထပ်ထပ် ရစ်ပတ်နေပါတော့တယ်။

ဒီဘဝရောက်မှတော့ ကျွန်မအနေနဲ့ မိန်းမသားတွေအပေါ်မှာ ကျေးဇူးပြုနိုင်တာတစ်ခုပဲ ရှိပါတယ်။

'ကျွန်မလို စိတ်အလိုမလိုက်မိကြပါစေနဲ့'

'ကျွန်မလို မစူးစမ်းမဆင်ခြင်မိကြပါစေနဲ့'

'အို ယောက်ျားတွေရဲ့စကားတွေ၊ သူရို့ရဲ့ ... လူရည်လည်မှုတွေကို အထင်မကြီးမိကြပါစေနဲ့'

တကယ်လို့ စိတ်အလိုလိုက်မိမယ်ဆိုရင်လည်း ကြိုတင်ကာကွယ်ကြပါ။

ကွန်ဒုံးသုံးကြပါ။ ကျွန်မတို့ မိန်းမသားတွေဟာ ရိုးသားတယ်။ ယုံလွယ်တယ်ဆိုတော့ ကွန်ဒုံးသုံးလေ့မရှိကြဘူး မဟုတ်လား။

*စာဖတ်သူများ ခင်ဗျာ။ ယခု ဖော်ပြခဲ့သော ဘာသာပြန်စာစုကလေးမှာ ပေါ့ပေါ့ပါးပါးတော့ မဟုတ်ပေ။ ဤစာစုကဲ့သို့သော အခြား HIV AIDS ပညာပေးကိုယ်တွေ့ ဝေဒနာရှင်များ၏ စာစုကလေးများကို ကျွန်တော် ဘာသာပြန်၍ မေ့ဒါနပြုခဲ့သည်မှာ အပုဒ်(၃၀)ကျော်ရှိခဲ့ပါပြီ။ ယခုအခါ ယင်းစာမူစုများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်း၍ တတ်နိုင်သမျှသော အတိုင်းအတာဖြင့် မြန်မာပြည်မှာ ဖြန့်ချိ၍ မေ့ဒါနပြုရန် စီစဉ်နေပြီ ဖြစ်ပါသည်။ ကျန်းမာချမ်းသာကြပါစေသော် ....။*

+++

## FEMALE GOODS

I once had had a wife and a child. Now my child studying in 6th grade in elementary school. I divorced my wife 11 years ago. They are lucky, they did not get infected with AIDS like me.

I still remember that day. December 31, 1996 I went to a funeral I saw a lady, she was the singer at the funeral. Her name was Oai, she was very beautiful and had white skin. My friend introduced me to Ms. Oai, I asked my friend how much I would have to pay for sex with her that night. My friend said two hundred baht but I had to wait for my turn the 5th among 7 persons. I waited for my turn. I asked Ms. Oai whether she had a condom or not. She did not have one so I told her that I would use a plastic bag in place of a condom. She agreed with me but in fact I could not use a plastic bag so I did not use any protection. After 3 months I got sick. I wondered whether I was infected with disease from Ms. Oai because after her I did not have sex with anyone else until the time I got sick. I went to see a doctor at Lampang hospital, the doctor said I was infected with AIDS. The doctor and nurses consoled me and introduced me to how to have a healthy working relationshop with myself and other persons whom I have to work with. I know when we are already infected with AIDS, it is hard to forget it but we should try and control ourselves. I still have hope.

*This infected person tells of this with a prostitute. What he is saying sounds like he will buy goods ... Everybody place helps each other for changing attitudes of Thai men and be careful if you want to have sex with a prostitute. You should prepare a condom because you can not use other things in place of it.*

❑

# ပိုးကုန်သည်

မှတ်မိနေသေးတယ်ဗျာ၊ အဲဒီနေ့ကို ၁၉၉၆ ခုနှစ်၊ ဒီဇင်ဘာ (၃၁) ရက်နေ့ပေါ့။

အဲဒီနေ့က အသုဘတစ်ခုသွားပို့ပါတယ်။ အသုဘမှာ 'ဒိုအေး' ဆိုတဲ့ အမျိုးသမီးတစ်ယောက်နဲ့ တွေ့တယ်။ သူက အဆိုတော်ပါ။ မဟုတ်သေးပါဘူး။ အသုဘမှာ သီချင်းဆိုတဲ့ ငိုချင်းသည်ပေါ့။ သူက သိပ်လှတယ်။ အသံလည်း တအားကောင်းတယ်။ အသားကလေးကလည်း ဖြူလိုက်တာ ဆွတ်နေတာပဲ။ တွေ့တွေ့ချင်းပဲ ကျွန်တော် ကြိုက်သွားတယ်။ သူငယ်ချင်းတွေက မိတ်ဆက်ပေးတယ်လေ။ ဒါနဲ့ သူငယ်ချင်းတွေကို မေးတယ်။

"ဟေ့၊ အဲဒီငနဲမ ကြိုက်သကွာ၊ တစ်ည ဘယ်လောက်ပေးရမလဲ' လို့ မရှက်နိုင်ဘူးလေ။ သူငယ်ချင်းက ပြောတယ်။

'ဘတ် ၂၀၀ ကွ၊ ဒါပေမဲ့ တို့အားလုံး ၃ ယောက်ဆိုတော့ အလှည့်ကျပေါ့။ မင်းက နံပါတ်(၅)တဲ့။ ကျွန်တော်လည်း သဘောတူလိုက်တယ်။

ဆိုကြပါစို့။ အဲဒီညက ....

ကျွန်တော့်အလှည့်ရောက်တော့ ကျွန်တော်က 'ဒိုအေး' ကိုမေးတယ်။ ကွန်ဒုံးပါသလားလို့၊ သူမှာကုန်ပြီတဲ့။ ကျွန်တော်မှာလည်း အဆင်သင့်မရှိတော့ ကျွန်တော်က ဒါဆို ငါ ကျွတ်ကျွတ်အိတ်သုံးလို့ ရမလားမေးတယ်။ သူက ရပါတယ်တဲ့။

ဒါပေမဲ့ အဲဒီညက ဘာကြောင့်မှန်းမသိတော့ဘူး။ ဘာအကာအကွယ်မှ မသုံးမိခဲ့ဘူး။ ဒါမျိုးက စိတ်လောပြီးနေရင် ဒီလိုပဲ ဖြစ်တတ်တာပဲလေ။

သုံးလလောက်ပဲကြာတယ်။ ကျွန်တော် ဖျားရော။ ကျွန်တော် စိုးရိမ်မိတယ်။ 'အိုအေး' ဆီကများ ရောဂါကူးပြီလားလို့။ ဟုတ်တယ်လေ။ သူနဲ့ဆုံစည်းခဲ့ပြီးတဲ့နောက် ကျွန်တော်ဟာ ဘယ်သူနဲ့မှ ဘာမှမဖြစ်ခဲ့ဘူးဘဲကိုး။ သူနဲ့တွေ့ပြီးတဲ့နောက် ဒါ ပထမဆုံးအကြိမ် ဖျားနာတာပဲ။

ဒါနဲ့ ကျွန်တော် လန်းပန်ဆေးရုံကို သွားပြီး ဆရာဝန်နဲ့ ပြတယ်။ ဗေဒင်မေးရင် ဆန်ကုန်ပါတယ်လေ။ သေချာပါတယ်။ ဆရာဝန်က ပြောတယ်။ ကျွန်တော် AIDS ဖြစ်နေပြီတဲ့။ ဘာများတတ်နိုင်ဦးတော့မှာလဲ။ ဆရာဝန်တွေ သူနာပြုတွေပြောတဲ့အတိုင်း လိုက်နာရုံရှိတော့တာပေါ့။ သူတို့က ကျွန်တော့ကို ရှေ့လျှောက်ကျန်းမာရေးနဲ့ညီအောင် နေထိုင်ပြုမူဖို့၊ ဆေးဝါးမှီဝဲဖို့၊ ဘဝကို အဓိပ္ပာယ်ရှိရှိ ရင်ဆိုင်ဖို့၊ စကားတွေ ဆွေးနွေးညွှန်ကြားပါတယ်။ အများသူငါနဲ့ ထိတွေ့ဆက်ဆံနည်း။ အလုပ်အပေါ် အာရုံစိုက်ဖို့၊ လူမှုရေးကိစ္စတွေဆောင်ရွက်ဖို့ အကြံဉာဏ်တွေ ပေးကြပါတယ်။

သေချာတာတစ်ခုကတော့ မဖြစ်ခင်က တားကြပါ။ ဖြစ်ပြီးရင် ဘာမှမတတ်နိုင်တော့ဘူး။ နောင်တတစ်ဖန်ရနေလို့လည်း အပိုပဲ။ ရှေ့ဆက်ရမယ့်အနာဂတ်အတွက်သာ အသင့်ပြင်ကြပါ။ ဒါပေမဲ့ ကျွန်တော်ထင်တယ်လေ။ ကျွန်တော်တို့မှာ မျှော်လင့်ချက်တော့ ရှိနေဦးမှာပဲ။

ဩော် ... စကားမစပ် ပြောရဦးမယ်။ ကံကောင်းတာလေး ပြောပါတယ်။ မဟုတ်ပါဘူး။ ကျွန်တော် ကံကောင်းတာ မဟုတ်ပါဘူး။ ကျွန်တော့်မိန်းမနဲ့ကလေး ကံကောင်းတာကိုပြောတာပါ။ ဟုတ်ပဲ့။ သူတို့နဲ့ကျွန်တော်ကွဲကွာခဲ့တာ ကြာလှပေါ့။ ကျွန်တော့်မိန်းမကို ကွာရှင်းပြတ်ဆဲခဲ့တာဆယ့်တစ်နှစ် ရှိခဲ့ပြီလေ။ ကလေးတောင် ခုဆို ခြောက်တန်းရောက်နေသင့်တာ။ ကိုင်း ... သူတို့တော့ ဘုရားမတာပါပဲ။

*ထိုရောဂါကတော့၊ သူ့ဘဝဖြစ်စဉ်ကို ပွင့်ပွင့်လင်းလင်း ပြောခဲ့ပါသည်။ မရှက်မကြောက်လည်း ဝန်ခံပါတယ်။ ပြီးတော့၊ ကာမဆန္ဒကို ကုန်ပစ္စည်းလိုသဘောထားပြီး ဝယ်ယူမိကြောင်းလည်း ဖွင့်ဟပါမည်။ တစ်ခုရှိတာက သူသည်ဟိုမိန်းမအား ဆက်ဆံခါနီး၌ 'ကွန်ဒုံး' မရှိသဖြင့် ကျွတ်ကျွတ်အိတ်သုံးရင်ရမလားဟု စွယ်စကားပြောခဲ့ပါသေးသည်။ ဒါသည် အသိတရားလေးတစ်ခု*

သူမှာရှိနေကြောင်း ပေါ်လွင်ပါသည်။ ကြိုတင် ကာကွယ်ရေးကို အလေးထားကြောင်း သိသာစေပါသည်။ သို့သော် သူမသုံးဖြစ်ခဲ့ပေ။

မည်သို့ပင်ရှိစေ၊ တကယ်တော့မှု ကြိုတင်ကာကွယ်ရေးလုပ်မည်ဆိုလျှင်လည်း ကျွတ်ကျွတ်အိတ်မှမဟုတ်။ အခြားဘယ်ပစ္စည်းမျှ 'ကွန်ဒုံး'လောက် စိတ်မချရပါ။ စနစ်တကျလည်း မရှိပါ။ ဒါတောင် ကွန်ဒုံးသည်ပင် တစ်ခါ တစ်ရံအခါ အခွင့်အသင့်လျှင် ပေါက်တတ်ပြဲတတ်သည်မို့ စိတ်မချရပေ။ အကောင်းဆုံးကတော့ 'ပြည့်တန်ဆာ' ခေါ် 'ပိုးကုန်သည်' တွေနှင့် မဆက်ဆံမိဖို့သာ။

*Japan International Cooperation Agency* မှ ထုတ်ဝေသော *Lessons of Life* စာအုပ်ငယ်ပါ။ ယိုးဒယား *AIDS* ဝေဒနာရှင်၏ ဖွင့်ဟဝန်ခံချက် စာစုငယ် ဖြစ်ပါသည်။

+++

# A LIFE IN A DAY CARE CENTER

May 14, 1998 is the day I needed treatment at Lampang Hospital, and I started to know the Day Care Center. On that day I had a terrible headache, so my mother brought me to the hospital. I could not sleep that night, Next morning, a nurse gave me a mouthwash and rubbed my face. Later on that morning, a woman brought food to other patients and me. I could not eat because the food taste-d awful to me, then the nurse gave me some medicine. The first person who visited me was my dear mother. My tears came out with gladness when I saw her. She tried to do everything for me. Then my elder sister visited me and asked me about my symptoms and then she left leaving only my mother. A doctor came to check my physical condition and took me to have an x-ray and drew some blood. You know, my mother came to see me everyday, and my relatives and friends did at other times. I was so glad,

May 19, 1998 was the happiest day. There was a woman standing beside my bed while I was reading a newspaper, I heard her voice asking how I felt. I automatically knew that it was her, the one I loved the most. I did not think that she would come to see me because we did not get in touch for a long time.

May 20, 1998 the doctor told me that there was water in my cardium. It must be drawn out. I was taken to check my heart beat. When I came back, I saw the woman I loved. She visited me before she went to school. I told her that I had to be operated on that afternoon. She was startled. I talked with her for a while and then I was brought to the operating room.

There was a doctor, a nurse, and an assistant. He asked me about my symptoms and used ultra-sound to check for water in my heart. He said the water has increased, so he injected an analgesic drug and started to draw off the water. It was so painful and insufferable that I can not even explain.

Early in the morning of May 21, 1998, I had to admit that I was tired. I think the decreasing of the water in my heart might have caused this, but I could walk. I weighed myself and was totally shocked because my weight was 1° kilograms lower. The next day, the doctor checked me as usual and he asked me to be calm. He said I was infected with HIV. I was incredibly shocked and tears came out automatically. He advised me how to behave and to take care of myself. At noon my mother visited me as usual. She saw me crying. I told her what was wrong with me. She said to me that there are many people like me. I heard what she said and I felt better.

May 23, 1998, the doctor transferred me to another .building because there were too many patients. I told my mother that I would not go because I was afraid that it might be the last place I live. If I die, it was better to die in my own house. So, I asked the doctor to let me go home. He said O.K. and prepared some medicine and made appointments for me to see him again. While I was at home, every night I could not sleep. I always thought.

Who will be with my mother after I die and how sad she would be. And then I got a terrible headache. I could not sleep much for almost a month. My mother saw me and cried. She felt pity for me, so she brought me to the hospital again. The doctor, named Dr. Porntep, injected some solution in my back, but my symptoms did not improve. So, he said he would make a lumber puncture to take out the water. I thought this would be painful, but T was wrong because this doctor was excellent; T did not feel anything. After the puncture, I felt better, but I had to have injections 1'01' 45 days. So he asked me where I

would like to go for further injections, Mae Ta Hospital or Lampang Hospital. I chose Lampang Hospital because it was more convenient. He told me that when I go there, I should go to the Day Care Center. When the day came, I could not find the Day Care room. I saw two nurses working in a room. I asked them if this is the Day Care room or not. One of them said "yes, it is". So I saluted and gave her my OPD card. She asked me some background and let me lie down to wait for her. Then a nurse injected me some saline solution, which was quite yellow. I went to Day Care every day till I knew these two nurses' names, Ms. Suthira, and Ms. Suthira.

Ms. Suthira was a tough woman, but full of sympathy and had a lot of energy. Ms. Suthira was a quiet and an easy going woman. Her face seemed always smiling, but her mind is always thinking. I called them mom because they took care of me like my mother did. I made more friends. Every Thursday, I met my friends who were HTV infected. I thought that I was not alone in this world. There were many people infected with HIV like me. I started having the courage to fight with this cruel disease even if there was a little hope. Even when we are down, we must stand up and tight again. Now I am participating in Phuen Kaew Club at Lampang Hospital. I exchange my opinions with other friends. Once I was a representative of this club to join a fair in town at the police school. Here, I found many friends from other clubs. We talked to each other exchanging our experiences. Now I realize that I can work to help society and other patients.

*As for my life, you know my life was absurd. I wasted my life on useless things. I had to stop learning because of reasons I do not know how to say. At the time, I had studied in a famous university in town. I had many friends in different positions, but I started to go to a brothel because of growing up and curiosity. I don't know how to explain. Once I started to go I couldn't stop. My studies became*

*unpleasing to me and my family's finances began to fall, too. I only had my mother because my father had died when I was in highschool. My lire began to go wrong. Finally, I had to drop out of university. At that time one of my friends persuaded me to work at a foundry factory in Tha Lan district, Saraburi. I was there for two years, then I fought with other workers because they looked down on the northern people saying we were nothing. I was fired and went back home.*

*I began a new life in Lampang. I got a job as a salesman in a company. I thought this job was challenging and used lots of skills. When I had money, I started to go out with my friends again, and many women were crazy about me. I tried to protect myself by using a condom every time J had an affair; however, there was a time when I slept with a young bar girl, I did not think that she slept with other men. Since then I used a condom every time until one day, the condom broke. I did not think anything. Afterthat I found another woman. She was still young and was a student. I took her to the university and brought her home everyday. Finally we had an affair. I accepted that I loved her so much because I was her first man and j promised not to leave her. However, we had alight, and we broke up for almost two years. My life began to change. I went back to stay with my old friends and drank everyday. J had a lot of friends, but most of them had been in prison.*

*One day, I stayed with my friends. One of them took out amphetamines and heroine. When I saw them, I was a little afraid. However, I used only amphetamines, not heroine. It made me forget my last girlfriend. But when the potency was gone, I thought of her again.*

*The second time I tried heroine by injection. When it was my turn, I asked to change syringe. My friends said that I did not trust them. So, I had to use the same syringe as my friends did. I thought*

*this would help me to forget everything. After I had used drug for more than one month, I felt that I could not live without drugs. At that time I had one friend who told me our life was going the wrong way and, asking me to quit drugs. He suggested to me that in the morning I should buy a lot of ice and pour it into a bathtub. Whenever I felt the urge to have drugs, I must steep into the tub tilled with ice. I did like this for 4-5 days. Then my friends and J went out to do some other things instead.*

*If you ask me what reasons made my life troubled, I think the first reason is having affair with a bargirl. The second is using the same syringe with my friends. I think this is the most probable reason because my friends must have gotten HIV from other friends in prison. However, my dearest girlfriend does not have HIV disease.*

*Now I can stand in this position with the spirit from many people: my mother, two nurses at the Day Care Center and my dearest and last girlfriend. You know this girlfriend wanted .to come back to me. I told her what I had. I cried. I said even if she felt sorrowful, there was no way to take it back. She understood me.*

*At this moment I need to do everything for society. I do not want other people to be like me because when I want to do something, many people detest me, except my mother, my friends and my cousins. Now I need money for travelling to help people in other hospitals. I work at a Day Care Center sometimes. I cannot go there so often because of the high expense, but the Day Care Center is the place where I have a new life.*

*I have a saying for you "What AIDS fears is a warm family."*

*What the parents teach to their children is to say "no" when their friends lead them to the wrong way, such as, having sex under age and trying drugs because many children are afraid of being rejected by their friends.*

❑

ပြီးတော့ ကျွန်တော်က ဘယ်တော့မဆို ကွန်ဒုံးသုံးတာပဲ။ သူနဲ့တော်တော် ကြာကြာ တွဲဖြစ်ခဲ့တယ်။ ဒါပေမဲ့ ကျွန်တော် ဘယ်လောက်များ တုံးလိုက်၊ အလိုက်ပါသလဲ။ သူက တခြားယောက်ျားတွေနဲ့လည်း ပရောပရိနေတယ်ဆို တာကို ကျွန်တော် မသိခဲ့ဘူး။ တစ်နေ့တော့ ကျွန်တော့်ရဲ့ကွန်ဒုံးဟာ ပေါက်ပြဲ သွားပါရော။ ဒါပေမဲ့လေ တစ်ခါတလေဆိုပြီး ကျွန်တော်က အမှုမဲ့အမှတ်မဲ့ နေလိုက်ပါရဲ့။ နောက်ပိုင်း သူနဲ့ပြတ်သွားပါတယ်။

နောက်တော့ ကျွန်တော်ဟာ တက္ကသိုလ်ကျောင်းသူလေးတစ်ယောက်နဲ့ ငြိဖြစ်ပါတယ်။ သေချာတယ်။ ဣန္ဒြေ ရှိတယ်။ ကျွန်တော်က သူ့ကို တက္ကသိုလ် လိုက်ပို့တယ်။ ပြန်ကြိုတယ်။ တကယ့်ကို ချစ်သူဘဝရောက်သွားကြပါရော။ သူက ယောက်ျားဆိုလို့ ကျွန်တော်တစ်ယောက်သာ တွေ့ဖူးကြောင်း ဖွင့်ပြော တယ်။ ကျွန်တော်ကလည်း သူ့ကိုမခွဲပါဘူးလို့ သစ္စာပြုတယ်။ သူ့ကို ကျွန် တော် သိပ်ချစ်မိလေပြီလေ။ သိတယ်မှတ်လား။ ဒါပေမဲ့ဗျာ . . . ချစ်သူတို့ဘဝ ဆိုတာ ချစ်ကြိုက်ကွဲညား မဟုတ်လားလေ။ နှစ်နှစ်လောက်အတွင်းမှာ ကျွန် တော်တို့ မကြာခဏ စကားများကြတယ်။ စိတ်ကောက်ကြတယ်။ ရန်ဖြစ်ကြ တယ်။ နောက်ဆုံး လမ်းခွဲကြရတယ်။

ကိုင်း . . . ကျွန်တော့်ဘဝ တစ်က ပြန်စရောပေါ့။ တစ်က ပြန်စဆို တာက သူငယ်ချင်းဟောင်းတွေနဲ့ ပြန်တွေ့တယ်။ ရောစီရောရော လျှောက် သွားတယ်။ အလုပ်ကို သေသေချာချာ မလုပ်ဘူး။ အဲဒီထဲက သူငယ်ချင်း တစ်ယောက်က ဟဲရိုးရင်းဆွဲနေပြီ။ ကျွန်တော်တို့ကိုလည်း အက်ဖတမင်း ဆေးပြားတွေသုံးဖို့ မြူဆွယ်တယ်။ ပထမတော့ မသုံးဖြစ်ပါဘူး။ နောက်ကျ တော့ ကျွန်တော်လည်း ဘာသားနဲ့ ထုထားတာမို့လဲ။ အက်ဖတမင်း သုံးမိ သွားပါရော။ ဟင့်အင်း။ ဟဲရိုးရင်းတော့ မသုံးရဲဘူး။ ဒါပေမဲ့ဗျာ။ ဆေးသုံးနေ တုန်း ခဏပဲမေ့လို့ရတယ်။ ဆေးပြယ်သွားတာနဲ့ သူ့ကို ပြန်သတိရနေတော့ တာပဲ။ ဟုတ်ပဲ့ ချစ်သူကို။

နောက်ဆုံးတော့ ဟဲရိုးရင်းဘက်ကို ကျွန်တော် ရောက်ရတော့တာပေါ့။ အကြောထဲကို တစ်လှည့်စီ ထိုးသွင်းကြတာပါ။ ကျွန်တော့်အလှည့်ရောက်တော့ ကျွန်တော်က ပြောပါသေးတယ်။ 'ဆေးထိုးအပ်အသစ် သုံးချင်တယ်' လို့။

ပြီးတော့ ကျွန်တော်က ဘယ်တော့မဆို ကွန်ဒုံးသုံးတာပဲ။ သူနဲ့တော်တော် ကြာကြာ တွဲဖြစ်ခဲ့တယ်။ ဒါပေမဲ့ ကျွန်တော် ဘယ်လောက်များ တုံးလိုက်၊ အလိုက်ပါသလဲ။ သူက တခြားယောက်ျားတွေနဲ့လည်း ပရောပရီနေတယ်ဆို တာကို ကျွန်တော် မသိခဲ့ဘူး။ တစ်နေ့တော့ ကျွန်တော့်ရဲ့ကွန်ဒုံးဟာ ပေါက်ပြဲ သွားပါရော။ ဒါပေမဲ့လေ တစ်ခါတလေဆိုပြီး ကျွန်တော်က အမှုမဲ့အမှတ်မဲ့ နေလိုက်ပါရဲ့။ နောက်ပိုင်း သူနဲ့ပြတ်သွားပါတယ်။

နောက်တော့ ကျွန်တော်ဟာ တက္ကသိုလ်ကျောင်းသူလေးတစ်ယောက်နဲ့ ငြိဖြစ်ပါတယ်။ သေချာတယ်။ ဣန္ဒြေ ရှိတယ်။ ကျွန်တော်က သူ့ကို တက္ကသိုလ် လိုက်ပို့တယ်။ ပြန်ကြိုတယ်။ တကယ့်ကို ချစ်သူဘဝရောက်သွားကြပါရော။ သူက ယောက်ျားဆိုလို့ ကျွန်တော်တစ်ယောက်သာ တွေ့ဖူးကြောင်း ဖွင့်ပြော တယ်။ ကျွန်တော်ကလည်း သူ့ကိုမခွဲပါဘူးလို့ သစ္စာပြုတယ်။ သူ့ကို ကျွန် တော် သိပ်ချစ်မိလေပြီလေ။ သိတယ်မှတ်လား။ ဒါပေမဲ့ဗျာ . . . ချစ်သူတို့ဘဝ ဆိုတာ ချစ်ကြိုက်ကွဲညား မဟုတ်လားလေ။ နှစ်နှစ်လောက်အတွင်းမှာ ကျွန် တော်တို့ မကြာခဏ စကားများကြတယ်။ စိတ်ကောက်ကြတယ်။ ရန်ဖြစ်ကြ တယ်။ နောက်ဆုံး လမ်းခွဲကြရတယ်။

ကိုင်း . . . ကျွန်တော့်ဘဝ တစ်က ပြန်စရောပေါ့။ တစ်က ပြန်စဆို တာက သူငယ်ချင်းဟောင်းတွေနဲ့ ပြန်တွေ့တယ်။ ရောစီရောရော လျှောက် သွားတယ်။ အလုပ်ကို သေသေချာချာ မလုပ်ဘူး။ အဲဒီထဲက သူငယ်ချင်း တစ်ယောက်က ဟဲရိုးရင်းဆွဲနေပြီ။ ကျွန်တော်တို့ကိုလည်း အက်ဖတမင်း ဆေးပြားတွေသုံးဖို့ မြူဆွယ်တယ်။ ပထမတော့ မသုံးဖြစ်ပါဘူး။ နောက်ကျ တော့ ကျွန်တော်လည်း ဘာသားနဲ့ ထုထားတာမို့လဲ။ အက်ဖတမင်း သုံးမိ သွားပါရော။ ဟင့်အင်း။ ဟဲရိုးရင်းတော့ မသုံးရဲဘူး။ ဒါပေမဲ့ဗျာ။ ဆေးသုံးနေ တုန်း ခဏာပဲမေ့လို့ရတယ်။ ဆေးပြယ်သွားတာနဲ့ သူ့ကို ပြန်သတိရနေတော့ တာပဲ။ ဟုတ်ပဲ့ ချစ်သူကို။

နောက်ဆုံးတော့ ဟဲရိုးရင်းဘက်ကို ကျွန်တော် ရောက်ရတော့တာပေါ့။ အကြောထဲကို တစ်လှည့်စီ ထိုးသွင်းကြတာပါ။ ကျွန်တော့်အလှည့်ရောက်တော့ ကျွန်တော်က ပြောပါသေးတယ်။ 'ဆေးထိုးအပ်အသစ် သုံးချင်တယ်' လို့။

ဒါပေမဲ့ သူငယ်ချင်းတွေက 'တို့ကို ယုံဘူးလား' ဘာညာပြောကြတော့ အားနာတယ်လေ။ သူငယ်ချင်းချင်း စိတ်ဝမ်းမကွဲချင်ဘူး။ ဒီလိုနဲ့ပဲ ဟဲရိုးရင်း တစ်လလောက်လည်း သုံးပြီးရော ကျွန်တော်ဟာ ဘိန်းဖြူရဲ့သားကောင် ဖြစ်သွားပြီဆိုတာ သိလိုက်ပါတော့တယ်။ တစ်ခါတော့ အဲဒီအထဲက သူငယ်ချင်းတစ်ယောက်ကပဲ 'တို့လမ်းမှား ရောက်နေပြီ' လို့ သတိပေးလာတယ်။ သူက အကြံပေးလို့ လုပ်ကြည့်တော့လည်း မဆိုးပါဘူး။ ဆေး သိပ်ပြီးဆာလာရင် ရေချိုးကန်ထဲကို ရေခဲတွေဖြည့်ပြီး အကြာကြီး စိတ်နေလိုက်တယ်။ ဆေးထလာ သက်သာသွားပါတယ်။ ဒီလိုနဲ့ လေးငါးရက်ကြာတော့ ကျွန်တော် စိတ်ပြောင်းသွားပါတော့တယ်။

ဘာပဲဖြစ်ဖြစ် ခုတော့ ကျွန်တော့်မှ AIDS ရောဂါစွဲကပ်နေပါပြီ။ ဘယ်သူမပြု မိမိမှုပါပဲ။ ကျွန်တော်ဟာ AIDS ကုသရေးဆေးရုံမှာ ရောက်နေပါပြီ။ ကျွန်တော့်ဘဝ မျှော်လင့်ချက် ကင်းနေပါပြီ။ နံပါတ်(၁) တရားခံက ဟိုတယ်မယ်နဲ့ တွဲမိတာ ဖြစ်ပါလိမ့်မယ်။ နံပါတ် (၂)တရားခံကတော့ ဆေးထိုးအပ် အလှည့်ကျသုံးမိတာပါပဲ။ ဘာပဲဖြစ်ဖြစ် တစ်ခါမှားတာ တစ်သက်စာပေါ့။

ခုအချိန်မှာ ဆေးဝါးတွေက ရောဂါကို ခဏ ထိန်းထားနိုင်ရုံပဲ တတ်နိုင်ပါတယ်။ ကျွန်တော်ကလည်း သေမထူး၊ နေမထူးမို့လို့ တစ်ဖက်က ဆေးတွေစားရင်း တစ်ဖက်က ဘဝတူလူနာတွေကို ကူညီစောင့်ရှောက်နေပါတယ်။ AIDS ဝေဒနာသည်များ ကူညီစောင့်ရှောက်အသင်းမှာလည်း ကျွန်တော်ဟာ အဖွဲ့ဝင်ဖြစ်နေပါပြီ။

စကားမစပ် ပြောရဦးမယ်။

ကျွန်တော့်မှာ HIV ပိုး ရှိနေပြီဆိုတာ စပြီး သိသိချင်း အကြီးအကျယ် ကြောက်လန့်ငိုယိုရင်း ဆေးရုံတက်ခဲ့ရပါတယ်။ အဲဒီမှာ ပထမဆုံး ဆေးရုံကိုလာပြီးကြည့်၊ ကျွန်တော့်ကို မျက်ရည်တွေကြားက ပြုံးပြီးအားပေးတာကတော့ 'မေမေ' ပါပဲ။ မေမေက 'သားတစ်ယောက်တည်း ကွက်ဖြစ်တာမှ မဟုတ်ဘဲ။ အများကြီးဖြစ်နေကြတာပါ။ အားတင်းပါ သားရယ်' လို့ ပြောပါတယ်။

ဒုတိယ ရောက်လာသူကတော့ ကျွန်တော့်အစ်မကြီးပါ။ သူကလည်း

အားပေးနှစ်သိမ့်ရင်း ကျွန်တော့်ကို မွေးဖက်ပါတယ်။

တတိယရောက်လာသူ။ ဟုတ်ပါတယ်။ ကျွန်တော့်ကို AIDS ပညာပေး စာအုပ်ကို မျက်နှာအပ်ပြီး ဖတ်နေတုန်း ကျွန်တော့်ခုတင်ဘေးမှာ လူတစ်ယောက် လာရပ်တာ သိလိုက်ပါတယ်။ အဲဒီလူရဲ့ ရနံ့ကို ကျွန်တော် သိနေပါတယ်။ ပြီးတော့ ကျွန်တော့်ကို 'နေကောင်းလား' တဲ့။ ဒီအသံနဲ့ ဒီစကားကို ကျွန်တော် ကောင်းကောင်းကြီး မှတ်မိတာပေါ့ဗျာ။ ကျွန်တော့်ချစ်သူလေ။ သူ ကျွန်တော့်ဆီ ပြန်လာပါပြီ။ ၁၅၀၀ မေတ္တာနဲ့ မဟုတ်ပါဘူး။ သန့်စင်တဲ့ ချစ်ခြင်းမေတ္တာနဲ့ပါ။ သူကပြောတယ်။ 'ရှင့်ကို ကျွန်မ နားလည်ပါတယ်' တဲ့။

+++

## MY STORY

My father died when I was 5 years old. I had 7 brothers and sisters but 2 of them died when they were young. My mother had to work hard for us. She had did any work that could provide money. My 2 brothers went to work in Bangkok, they were lost without reasons. My mother felt very sad because they were good sons. We never heard any news from them until now.

When I was young, I could get top scores when I studied in grade 41h in elementary school but I did not have enough money to continue my studies. I got a job in the center of my village and I studied in the evenings. I finished elementary school education in Boonwat School. I also sent money to my mother too.

In 1988, I worked selling shoes at a department store in Chiang Mai. It was a tiring job, but I liked it. I met a guy who had temporary job of general employment. He was handsome but I did not like him because he did not have a permanent job and his family was poor. He always moved his address when I moved to work in another branch. At that time I had 2 boyfriends who were better than him and nobody knew about this.

I moved to work at a big department store in Lampang. I also stayed with my mother and sister. That man also came back to Lampang. I told my mother that I did not like him. She understood me. I always avoided him. He was very angry with me but said he

wanted to marry me. I was very confused because I had another guy who loved me too. He was a widower and had a child. He took good care of me, he was a good man. I decided to marry this man but it might have brought evil destiny on me because the first man took his parents to my house. His parents told my mother that they would like to have me engaged with their son. I could not reject it because his parents told me that the wedding would take place in far future, I might be able to cancel. When I told this problem to the second man, he felt sad and left me. So, finally I had to marry the first man. After the marriage, I never had. any happiness, we always quarreled with each other. A year I became pregnant, I had a blood test too.

September 1992, I had prenatal care at Lampang hospital and gave birth to a daughter. I had to work hard because my husband did not have a job. He told me that he would make a chicken farm. I put my mother's house up as mortgage for the bank. We had to pay back 2,500 baht per month to the bank. Next he sold my motorcycle and necklace to buy a car. We also had to pay 3,600 baht per month in addition.

At the end of 1994, he became sick. I asked him whether he was infected with AIDS or not. He refused to answer me. When he got seriously sick I took him to a hospital. I knew that he had AIDS. He went to Wat Chean Wai, Angtong province to treat his disease. My sister-in-law had to take care of my daughter because I developed symptoms and could not sleep.

In 1995, my husband died. When he was alive, he told me that his parents and brother would help me with our debt. But after my husband's funeral, they gave me 6,000 baht and they did not give me anymore assistance. I went back to my job. I tried to look fresh when I worked but I always cried when I stayed at home. My colleagues started to avoid me when they knew my story.

In 1997, I paid back the money to clear my debt to the bank because my mother gave money to me. Then I quit job. All through this time, my husband's relatives never mentioned about helping me. They have forbidden me from meeting my daughter because they are afraid and try to shun me. I told them that I did not want to take my daughter back but I just sometimes wanted to see her. I never abandoned her and I always tried to pay her expenditure. Why they must forbid me from seeing my daughter? I consulted with a doctor about this matter. He suggested that I should ask a lawyer. I told the lawyer that I just want to see my daughter. And the lawyer made it possible for me to see my daughter. I could see her in the daytime and in the evening and my husband's relative would take her back.

Now my daughter is 7 years and 4 months old. I don't keep any problems in my mind. I try to work any job I can save money for my daughter. I sometimes have symptoms while I work outside. I have also had a chance to be elected to act as vice-chairman of a HIV club. I will try to help other infected people.

*This victim said, "I know that I chose the wrong man but in fact I did not have a choice". There are a lot of women who get hurt because they do not fight the problem. A life belongs to oneself and we should choose the way to live.*

❑

# စာဖတ်သူအကြိုက်

မိတ်ဆွေဒေါက်တာခင်မြလွင်က ပေးဖတ်သော စာအုပ်ငယ်မှာ ယိုးဒယားနိုင်ငံမှ H.I.V/ AIDS ရောဂါရှင်များကိုယ်တိုင် ရေးသားသော ကိုယ်တွေ့အက်ဆေးများ စုပေါင်းထားခြင်းဖြစ်ပါသည်။ သူသူကိုယ်ကိုယ် မိမိတို့ဘဝကိုယ်တွေ့မှာ ရေးကြသောအခါ စာရေးကောင်းတာမကောင်းတာအပ ထားလို့ ခံစားချက်ပြည့်ဝတာတော့ သေချာပါမည်။ ယခု ဘာသာပြန်ပေးလိုက် သော အက်ဆေးကလေးမှာမူ စာရေးလည်းချောမွေ့ကြောင်း၊ အသိအမှတ်ပြု ရပါလိမ့်မည်။ ထို့ကြောင့်ဘာသာပြန်ပေးလိုက်ပါသည်။

+

ကျွန်မအဖေသေတော့ ကျွန်မငါးနှစ်သာ ရှိပါသေးတယ်။ ကျွန်မမှာ ညီအစ်ကိုမောင်နှမ (၇)ယောက်ရှိပါတယ်။ အစ်ကိုနှစ်ယောက်က ဆုံးပါးသွား ပါပြီ။ အမေဟာသားသမီးတွေရဲ့ စားဝတ်နေရေးအတွက် ကျုရာအလုပ်ကို လုပ်ကိုင်ခဲ့ပါတယ်။ ငယ်စဉ်က ကျွန်မက ကျောင်းမှာထိပ်တန်းအမှတ်စာရင်း ဝင်ဖြစ်ပေမဲ့ ပိုက်ဆံမလိုက်နိုင်တဲ့အတွက် ကျောင်းကထွက်ပြီးအလုပ်ဝင်ခဲ့ ရပါတယ်။ အလုပ်တစ်ဖက်နဲ့ပဲ ညနေပိုင်းမှာစာကျက်ပြီး စာမေးပွဲဝင်ခဲ့ရပေမဲ့ အမေဆီကိုတော့ ငွေမှန်မှန်ပို့နိုင်ခဲ့ပါတယ်။

၁၉၉၈ ခုနှစ်မှာ ကျွန်မဟာ 'ချင်းမိုင်' မြို့က စတိုးဆိုင်တစ်ဆိုင်မှာ ဇိနပ်ရောင်းတဲ့ အလုပ်လုပ်ပါတယ်။ ပင်ပန်းပေမဲ့ လုပ်ရတာပါပဲ။ ပျော်လည်း ပျော်ပါတယ်။ အဲဒီမှာ အလုပ်အတည်တကျမရှိသေးတဲ့ လူတစ်ယောက်နဲ့

စတွေ့ပါတယ်။ သူဟာလူချောတစ်ယောက်ပါ။ ဒါပေမဲ့ ကျွန်မသူ့ကိုမကြိုက်ပါဘူး။ သူမိဘအသိုင်းအဝိုင်းကလည်း ဆင်းရဲချို့တဲ့ပါတယ်။ သူဟာ လိပ်စာအမြဲပြောင်းပြီးကျပန်းအလုပ်တွေပဲလုပ်နေသူပါ။

အဲဒီအချိန်မှာ သူ့ထက်သာတဲ့ ယောကျ်ားလေးမိတ်ဆွေ နှစ်ယောက်ကျွန်မမှာ ရှိနေပါပြီ။

ကျွန်မဟာ 'လန့်ပန်' မြို့စတိုးဆိုင်ကြီးဆီအလုပ်ပြောင်းခဲ့ရာမှာ အမေတို့ညီအစ်မတို့နဲ့လည်း အတူနေနိုင်ခဲ့ပေမဲ့ သူကတော့ ကျွန်မရှိရာအရပ်ကိုလိုက်နေခဲ့ပါတယ်။ အမေ့ကို ကျွန်မဖွင့်ပြောရပါတယ်။ သူ့ကိုလုံးဝချစ်လို့မရဘူးလို့။ အမေကလည်းကျွန်မကို နားလည်မှုရှိပါတယ်။ သူကတော့ ကျွန်မကိုစိတ်ဆိုးတာပေါ့လေ။ ဒါပေမဲ့ လက်ထပ်ခွင့်တော့ အမေ့ဆီ ဖွတ်ကောင်းနေတာပါပဲ။ ဒီအတောအတွင်း ကျွန်မကို ချစ်မြတ်နိုးနေတဲ့ တခြားတစ်ယောက်ကရှိနေပြန်ပါတယ်။ သူတစ်ယောက်က အဖေမုဆိုးဖိုပါ။ သူကျွန်မအပေါ်ကောင်းရှာတာမို့ သူကိုလက်ထပ်လိုက်မယ်လို့ ကျွန်မစိတ်ကူးခဲ့ပေမဲ့ အကြောင်းမသင့်ခဲ့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဟိုပထမလူက သူ့မိဘတွေ ကျွန်မအမေဆီခေါ်လာပြီး စေ့စပ်လို့ပါပဲ။ ကျွန်မက သူ့ကိုမချစ်နိုင်ဘူးလို့ အမေ့ကိုပြောပေမဲ့သူမိဘတွေက ...

"မိန်းကလေးရယ်။ စေ့စပ်ရုံစေ့စပ်ထားတာပဲ။ လက်ထပ်ဖို့ဆိုတာအဝေးကြီးလိုပါသေးတယ်။ အဆင်မပြေရင် စေ့စပ်တာပြန်ဖျက်လိုက်ရုံပေါ့" လို့ ကျွန်မကိုဖျောင်းဖျပါတယ်။ ဒါနဲ့ ဒီအကြောင်းတွေကို ကျွန်မရဲ့ ပထမလူကိုရှင်းပြတော့သူအတော် စိတ်ညစ်သွားပြီး ကျွန်မကိုစွန့်ခွာသွားပါတော့တယ်ရှင်။

ဒါနဲ့ပဲ ကျွန်မဟာ အဲဒီဒုတိယလူနဲ့ အိမ်ထောင်ကျသွားရော ဆိုပါတော့။ ဒါပေမဲ့ မကောင်းပါဘူးလေ။ သူနဲ့ကျွန်မဟာ အမြဲတမ်း ရန်ဖြစ်နေခဲ့တာကိုး။ ဘာပဲဖြစ်ဖြစ် နောက်တစ်နှစ်အကြာမှာ ကျွန်မကိုယ်ဝန်ရှိလာတော့တာပါပဲ။ အင်း သွေးတွေဘာတွေစစ်ရတော့တာပေါ့လေ။

၁၉၉၂ ခုနှစ်စက်တင်ဘာလမှာ ကျွန်မဟာ လန့်ပန်ဆေးရုံမှာပဲ သမီးလေးတစ်ယောက် မွေးဖွားပေးနိုင်ခဲ့ပါတော့တယ်။

ကျွန်မအလုပ်တွေ ကြိုးစားလုပ်ကိုင်ခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်မယောကျ်ားအလုပ် မရှိလို့ပါပဲ။ ပြီးတော့ သူက ကြက်ခြံလုပ်ငန်းလုပ်ချင်တယ်ဆိုလို့ .. ကျွန်မတို့မော်တော်ဆိုင်ကယ်နဲ့ ကျွန်မရဲ့ ဆွဲကြိုးကိုရောင်း အိမ်ကိုလည်း ဘဏ်တိုက်မှာ အပေါင်ထားပြီး ပိုက်ဆံချေးရပါတယ်။ တစ်လ၊ ကိုဘတ် သုံးထောင့်ခြောက်ရာ ပြန်ဆပ်ရပါတယ်။

၁၉၉၄ ခုနှစ်မှာ ကျွန်မယောကျ်ားစပြီး ဖျားပါတော့တယ်။ ကျွန်မက မေးတာပေါ့လေ။ A.I.D.S ဖြစ်နေပြီလားလို့။ သူက ဘာမှ မပြောခဲ့ပါဘူး။ ကျွန်မသိပါတယ်။ သူမှာ ဒီရောဂါဆိုးကြီး ဖြစ်နေပြီဆိုတာ။

ဒါနဲ့ သူဟာ 'ဝပ်ချင်းဝေ' မှာရှိတဲ့ 'အနန်တောင်' ဆေးရုံမှာ သူ့ရောဂါကို သွားကုပါတယ်။ အဲဒီမှာ ကျွန်မရဲ့ ညီမကရှိတော့ သူ့ကိုစောင့်ရှောက်ပေးနိုင်ပါတယ်။ ကျွန်မတော့ လိုက်မသွားနိုင်ခဲ့ပါဘူး။ ဘာကြောင့်လဲ ဆိုတော့ အဲဒီအချိန်မှာ ကျွန်မကိုယ်တိုင်လည်း အနာတွေပေါက်ပြီး အိပ်ရာထဲလဲနေပြီလေ။ အိပ်ရာထဲ လဲနေပေမဲ့ ကျွန်မမှာ ကောင်းကောင်းအိပ်မရအောင်ဖြစ်နေခဲ့ရပါပြီ။

၁၉၉၅ မှာ ကျွန်မယောကျ်ား ဆုံးပါးသွားပါတယ်။ သူမသေခင်က ပြောခဲ့တယ် ... 'ငါ့မိဘနဲ့ အစ်ကိုတွေက နင့်ကို အကြွေးဆပ်ဖို့ ထောက်ပံ့လိမ့်မယ်' ဆိုတာကလည်း ဖြစ်မလာခဲ့ပါဘူး။ သူတို့က ပိုက်ဆံမဖြစ်စလောက်ပဲပေးပါတယ်။ ဒါနဲ့ ကျွန်မအလုပ်ပြန်လုပ်ရပါရော၊ အလုပ်ထဲမှာ နည်းနည်းနေသာထိုင်သာရှိပေမဲ့ အိမ်ပြန်ရောက်တာနဲ့ ကျွန်မမှာ ဝိုဟယ်ရယ်ဟယ်ပါပဲရှင်။

၁၉၉၇ကျမှ ကျွန်မ အကြွေးတွေ ကျေပါတယ်။ ဒါတောင် အမေက ကူဆပ်ပေးလို့ပါ။ ကျွန်မလည်း အလုပ်က ထွက်လိုက်ပါတယ်။ ကျွန်မယောကျ်ားရဲ့ အသိုင်းအဝိုင်းကလည်း ကျွန်မကို အကူအညီမပေးကြတဲ့ အပြင် ကျွန်မသမီးနဲ့တွေ့ခွင့်ကိုလည်း ပိတ်ပင်လိုက်ကြပါတယ်။ ဒါနဲ့ ကျွန်မလည်း သမီးနဲ့တွေ့ခွင့်ရရေး ရှေ့နေနဲ့ တိုင်ပင်ရတာပေါ့လေ။ သူတို့က ကျွန်မက ရောဂါသည်မို့ ကလေးနဲ့ပေးမတွေ့ကြတာပါ။ ကျွန်မကလည်း သမီးလေးပြန် တောင်းဖို့ မဟုတ်ပါဘူး။ တွေ့ခွင့်ရရုံလေးပါ။ နောက်ဆုံးတော့ နေ့လယ်နေ့ခင်းပိုင်းမှာ

သမီးနဲ့တွေ့ဆုံခွင့်ရပြီး ညပိုင်းတော့ သမီးကို သူတို့က ပြန်ခေါ်သွား ကြပါတယ်။

ခုတော့ ကျွန်မ သမီးလေးဟာ ခုနစ်နှစ်နဲ့လေးလအရွယ်ရောက် နေပါပြီ။ ကျွန်မလည်း ဘဝပြဿနာတွေကို ထပ်ပြီးမစဉ်းစားတော့ဘဲ ...ရရာအလုပ်ကို လုပ်ရင်း သမီးရဲ့နောင်ရေးအတွက် ပိုက်ဆံစုနေပါတော့တယ်ရှင်။

ကျွန်မရဲ့ နောက်ဆုံးရည်ရွယ်ချက်ပန်းတိုင်ကတော့ ... ဝေဒနာရှင်တွေကို တတ်အားသရွေ့စောင့်ရှောက်ဖို့နဲ့ တစ်နေ့မှာ ရောဂါသည်တွေကို ကူညီနေတဲ့အသင်းမှာ ဥက္ကဋ္ဌကြီးအဖြစ်နဲ့ ရွေးချယ်ခံရရေးပါပဲလေ။

ကျွန်တော်တို့မြန်မာတွင် အိမ်ထောင်မှုတရားတည် ဆေးမင်ရည်စုတ်ထိုး ဤသုံးမျိုးချက်မပိုင်လျှင် နောင်ပြင်နိုင်ခက်မည်အမျိုး ဆိုရိုးစကားရှိပါသည်။ မိဘသဘောတူသည့် အိမ်ထောင်ဖက်ဖြစ်ပါစေ လွန်စွာသတိထားအပ်ကြောင်း သက်သေပြသည့် စာတစ်ပုဒ်ဟု ခံစားရလေသည်။

+++

## HOPE OF NEW GENERATION

When we are seduced to the wrong way, we can use the principles of communication to solve some serious situations. I have read stories of AIDS infected patients, I sympathize with them because they are little bit lost, and they have no future. What should we do, we should look at them and see that they are like us and understand. Do not detest them. They told me not to try any drugs, when we have some problems, we shouldn't follow the way of drugs, especially boy teenagers. When people use drugs, it will affect them mentally, they see some illusions, and want to hurt themselves or other people. And about having an affair with a prostitute is most dangerous, you will l ay get infected with AIDS.

Finally, I would like to tell everybody that people who are HIV infected must go on fighting, being patient with everything, and have a strong heart to go on living.

*Waraporn Teeuyot, Grade 1 Junior high school.*

I feel very glad that many AIDS patients shared with me their knowledge and experiences about AIDS. They reveal a truth which some may feel ashamed to say. I want to tell all of the AIDS patients that I have never detested them because this illness cannot be communicated easily. **It is through infected blood, sexual intercourse, using the same syringe, and IV drugs.** Some of these patients are detested by others, even by their own family. Sometime this makes them kill themselves.

Therefore, I have a lesson to warn myself not to run a risk of getting AIDS. I must be careful in my life.

I thank everyone who gave me this kind of knowledge,

*Sureeporn Deemong, Grade I Junior high school.*

Since I listened to the lecture on AIDS, I have felt that I am sorry for AIDS patients, but I cannot do anything more except cheer them up and not detest them.

I have learned more about this disease, AIDS. I have learnt how to behave and to treat AIDS patients. **I think that if we give them a chance to live and to be themselves, they will have the spirit to live longer.**

*Wanida Singkaewseep, Grade I Junior high school.*

*These passages are the opinion of the new generation after they listened to the experiences of AIDS patients in the School Visit program.*

❑

# ကလေးပြောသော AIDS

မနေ့က ဆရာဝန်အသင်းမှ ဒေါက်တာမြင့်ဇော်က တယ်လီဖုန်းဆက်ပါသည်။ ရှေ့လဆန်းတွင် သူ့ညီအသင်းကကြီးမှူးပြီး AIDS ရောဂါဆိုင်ရာ ဟောပြောပွဲတစ်ခုကျင်းပရာတွင် ပါဝင်ကူညီ ဖို့ဖြစ်ပါသည်။ 'အရင် အရင်တွေတုန်းကတော့ ကျွန်တော်တို့ ဆရာဝန်တွေ၊ ဆေးပညာရှင်တွေ၊ ကျန်းမာရေးဝန်ထမ်းတွေက ဟောပြောကြပါတယ်။ အဲဒီတော့ ပညာရပ်ဆိုင်ရာတွေက သိပ်များနေတာပေါ့။ ပရိတ်သတ်ကလည်း ဒါချည်းဒါချည်း ကြားနေရတော့ သိပ်ပြီးစိတ်မဝင်စားလှဘူး။ ဒါကြောင့်ဗလတို့လို အနုပညာရှင်တွေက ပရိသတ်စိတ်ဝင်စားမဲ့ အကြောင်းအရာလေးတွေနဲ့ မွှေနှောက်ပြီးပြောပေးရင်ပိုထိရောက်မယ် ထင်ပါတယ်။ ကူညီပါ' တဲ့ ကောင်းမြတ်သော စိတ်ကူးပင်ဖြစ်ပါသည်။ ကျွန်တော့်အနေနှင့်လည်း လုပ်ချင်ကိုင်ချင် ကုသိုလ်လိုချင်သောဆန္ဒရှိပြီးသားဖြစ်ပါသည်။ ဒီနှစ်ဆန်းမှာတွင်ပဲ ကျွန်တော်သည် AIDS ရန်ပုံငွေပွဲတွေမှာ တေးသီချင်းတွေလိုက်ဆိုပေးနေခဲ့သေးသည်။ မင်းသားဒွေးတို့သားညီတို့ကလည်း ထိုက်စွလေးတွေလုပ်နေသည်။ ဇော်ဝင်းထွဋ်တို့လို နာမည်ကြီးအဆိုတော်တွေကလည်း ပွဲကလေးတွေ ကျင်းပကြလေသည်။ ထိုသို့နာမည်ကြီးအနုပညာသမားတွေက ဦးဆောင်သောကြောင့် အခြားအနုပညာရှင်များကလည်းဝိုင်းဝန်းကူညီဖြစ်ကြပါသည်။ ပရိသတ်ကလည်း များပြားသဖြင့် ရန်ပုံငွေလည်း လောက်လောက်လားလားရပါသည်။ ဒါတွေက ရုပ်ပိုင်းဆိုင်ရာအထောက်အပံ့သာဖြစ်ပါသည်။ လောကလူ့သဘာဝလိုအပ်သော အထောက်အပံ့လည်းဖြစ်တာမှန်ပါသည်။ သို့သော်စောစောက ဒေါက်တာမြင့်ဇော်တောင်းသော အကူအညီမျိုးက စိတ်ပိုင်းဆိုင်ရာ အထောက်အပံ့ဖြစ်သောကြောင့် တစ်မျိုးလိုအပ်ပါသည်။

သည်လိုပဲ ပရိသတ်များမှတစ်ဆင့်ဝေဒနာရှင်များဆီ ဘဝအားမာန်စိတ်ဓာတ်များပျံ့နှံ့သွားပါလိမ့်မည်။ တစ်ခုရှိတာက ဝေဒနာရှင်များကိုယ်တိုင်သွားရောက် ဟောပြောရခြင်း၊ ဖျော်ဖြေရခြင်းမျိုးရှိလာလျှင် ပို၍ကောင်းမည်ဟု စိတ်ကူးမိပါသည်။ တစ်နှစ်တစ်ကြိမ်ဆိုသလို ကျွန်တော်တို့ အနုပညာရှင်များသည် စိတ်ရောဂါဝေဒနာရှင်များထံ သွားရောက်ခဲ့ကြသလိုမျိုး ဖြစ်ပါသည်။ အဆိုကျော်တွေက သီချင်းဆိုပြသည်။ ပန်းချီဆရာတွေက ရုပ်ပုံရေးပြသည် စသည်ဖြင့် ဖျော်ဖြေပေးကြရာ ထိရောက်သော ကုထုံးတစ်မျိုးဖြစ်မှန်းမသိ ဖြစ်လာသည်ဟု ကြားရပါသည်။ ကင်ဆာဝေဒနာရှင်များ စုစည်းရာ "ထွန်းဖောင်ဒေးရှင်း"ကလည်း အနှီဖျော်ဖြေရေးပွဲများ လုပ်ပေးနေတာဝမ်းသာစရာကောင်းလှပါသည်။

ဒီမှာတင် တစ်ဆက်တည်း တွေ့မိတာ တစ်ခုရှိလာပါသည်။ ဝေဒနာရှင်တွေကိုယ်တိုင်က ကိုယ်တွေ့ ဘဝတွေကို ပြန်လည်ဖော်ကျူးနိုင်ခွင့်ပေးလျှင် မကောင်းပေဘူးလားဟူ၍ ဖြစ်ပါသည်။

ဥပမာ–မိတ်ဆွေ ဒေါက်တာခင်မြလွင် က ကျွန်တော့်အား စာအုပ်တစ်အုပ်ပေးဖတ်ရာ ယိုးဒယားနိုင်ငံမှ AIDS ဝေဒနာရှင်များ ကိုယ်တိုင်ရေးသော ဘဝအတွေ့အကြုံ ဆောင်းပါးငယ်များ စုပေါင်းပုံနှိပ်ထားသော စာအုပ်ဖြစ်ပါသည်။ ကမ္ဘာသို့ဖြန့်ပါသည်။ ထို့အတွက် စာဖတ်သူမှာ ပို၍ခံစားရသလို စာရေးသူ(ဝေဒနာရှင်များ)မှာလည်း အားတက်သရောရှိသွားရပါသည်။ သူရို့ဘဝ၏ နေဝင်ချိန်တွင် စာပေအနုပညာ ဖော်ကျူးခွင့် ရသွားသည့်သဘောဖြစ်ပါသည်။

LESSON OF LIFE ဆိုသော ထိုစာအုပ်ငယ်မှာပင် ကဗျာလေးတစ်ခု ပါဝင်ရာ စိတ်ဝင်စားဖို့ အလွန်ကောင်းပါသည်။ AIDS ဝေဒနာရှင်များ ရေးသားသော အက်ဆေးများကို ဖတ်ရှုပြီးနောက် ထိုအက်ဆေးများအပေါ် သူရို့ခံစားချက်ကို ပြန်လည်ရေးဖွဲ့သော စာတိုကလေးများ ဖော်ပြထားခြင်းဖြစ်၏။ ဖတ်ရှုခံစားကြည့်ကြပါရန် ဘာသာပြန်ပေးလိုက်ပါသည်။ ပထမတန်းကလေးငယ်တွေ ရေးထားတာပါ။

AIDS ဝေဒနာသည်တွေရဲ့ အက်ဆေးတွေဖတ်ရတဲ့အခါ သူတို့ကို

အလွန်သနားစရာပါတယ်။ သူတို့မှာ မျှော်လင့်ချက်မရှိတော့ပါဘူး။ ဆုံးရှုံးနေကြပါပြီ။ ကျွန်တော်တို့ ဘာတွေလုပ်ပေးရမလဲ။ သူတို့ကို စောင့်ကြည့်ပေးရုံပဲပေါ့။ သူတို့ကို ပစ်ပယ်မထားရပါဘူး။ သူတို့က ကျွန်တော်တို့ကို ပညာသင်ပေးပါတယ်။ သူတို့ဟာ မူးယစ်ဆေးကို မသုံးဖို့ ပြောပါတယ်။ မူးယစ်ဆေးသုံးရင် ကျွန်တော်တို့ရော ပတ်ဝန်းကျင်ကိုပါ ထိခိုက်စေမယ်လို့ သွန်သင်ပါတယ်။ မူးယစ်ဆေးဟာ ဦးနှောက်ပျက်စေတယ်။ အဲဒီကတစ်ဆင့် ကိုယ့်ဘဝရော၊ ပတ်ဝန်းကျင်ပါ ပျက်စီးစေမယ်တဲ့။ အထူးသဖြင့် သူတို့ဆုံးမတာကတော့ မိန်းမပျက်တွေနဲ့ဆက်ဆံတာဟာ အဆိုးဆုံးပဲတဲ့။

ကျွန်တော်ကလည်း AIDS ရောဂါသည်တွေကို ပြန်ပြီးပြောချင်တာရှိပါတယ်။ အားမငယ်ပါနဲ့။ ဘဝကို တိုက်ပွဲလိုတိုက်ပါ။ နှလုံးသားကိုတင်းပြီး ဘဝခရီးကို ဆက်ကြပါ။

*WARAPORN TEEUYOT(GRADE 1)*

AIDS ဝေဒနာရှင်တွေက သူတို့ရဲ့ အတွေ့အကြုံတွေ ဗဟုသုတတွေကို ပြန်ပြီးမျှဝေတဲ့အတွက် ကျေးဇူးတင်ဝမ်းမြောက်ရပါတယ်။

သူတို့က ရဲရဲဝံ့ဝံ့ မရှက်မကြောက် အမှန်အတိုင်း ရေးကြတာပါ။ AIDS ဝေဒနာရှင်တွေကိုလည်း ပြောချင်ပါတယ်။ သူတို့ကို ဘယ်တော့မှ မပစ်ပယ်ပါဘူး။ ဒီရောဂါက လွယ်လွယ်ကလေးနဲ့ ကူးစက်တာမှမဟုတ်ဘဲ။ ဘိန်းဖြူရည်ထိုးတာတို့၊ အပ်တစ်ချောင်းတည်း သုံးကြတာတို့ လိင်ဖောက်ပြန်တာတို့ကနေ ကူးစက်တာ။ တချို့တွေက ဝေဒနာရှင်တွေကို ဖယ်ကြဉ်ဆက်ဆံကြတယ်။ တချို့ဆို မိသားစုရင်းတောင် အရေးမလုပ်ကြဘူး။ ဒါဟာ မကောင်းပါဘူး။ သူတို့ကို သတ်ပစ်နေတာတဲ့ အတူတူပဲ။ သူတို့က ခုလိုပညာပေးငြ တဲ့အတွက် ကိုယ့်ဘဝမှာ ရောဂါသည်မဖြစ်ရအောင် ဂရုစိုက်ရပါတော့မယ် အားလုံးကို ကျေးဇူးတင်ပါတယ်။

*SUPPEFPORN DEEMONG (GRADE 1)*

AIDS ဟောပြောပွဲ နားထောင်လိုက်တော့ အရမ်းကြောက်၊ အရမ်းသနားသွားတာပဲ။ ဒါပေမဲ့ သူတို့ကို ကြင်နာသနားတာ၊ သူတို့ကိုချစ်ခင်ယုယတာကလွဲလို့ ဘာများလုပ်ပေးနိုင်ပါ့မလဲ။ သူတို့ကို မနှိမ်ဖို့၊ ပစ်ပယ်မထားဖို့တော့ လုပ်ပေးရမှာပေါ့။

AIDS ရောဂါနဲ့ပတ်သက်လို့ ကြားရမှတ်ရတာတွေ အများကြီးရှိခဲ့ပါပြီ။ သူတို့ကို ဘယ်လိုကူညီစောင့်ရှောက်ရမယ်ဆိုတာလည်း သဘောပေါက်နေပါပြီ။ ဒီတော့ သူတို့ကို လူ့အခွင့်အရေးတွေ ပေးမယ်။ ယုံကြည်မှုရှိစေမယ်ဆိုရင် သူတို့ရဲ့စိတ်ဓာတ်ခွန်အားတွေဟာ အသက်ရှည်ဖို့နည်းလမ်းတွေပဲ ဖြစ်လာပါလိမ့်မယ်။

*WANIDA SING KAEWSEEP (GRADE 1)*

+++

## BLUNDERER

My name is Oun. My weigh was *n* kg. Now I am 33 years old. When I was young I was a polite boy but my nature seemed like a girl's, maybe it was because I was very close to my mother. When I was a student, in provincial high school M.I, I liked the school activities (there were girl students but not so many). I had sex with a teacher and boyfriends. Then I studied in vocational school. I started to rove at night. I already knew about sexual diseases from books and knew some friends were infected with these diseases. When I finished school, I went to Chiang Mai to learn about hair dressing. There was no one to introduce me to a place to study. I began to go to discotheques. I liked to have sex with foreigners because they were tall, had blond hair and white skin and also they paid more too. I had sex with men almost every night so I rarely studied.

I stayed in Chiang Mai for 4 years and after that I learned [0 be a hairdresser in Bangkok and also helped with my sister's work. Friends and I who were the same as me went to the Military camp, discotheques, gay bars and X'rated theaters where sex is on sale. The X'rated theaters had lots of men. We could find sex partners more than 5 times per day. At that time I had a lot of income so I stopped working in the beauty salon. When I was in Bangkok I had been a make up artist for a masseuse. My work time was very short.

I only worked 12:00 - 14:00. So I had a lot of time to rove. Because my mother became sick I went back home to take care of her for 4 years and I also went out to rove during that period. I started to suffer from diarrhea in 1992. I had diarrhea symptom and fever for 10-12 days each month. I thought that 1 had Amoebic dysentery or food poisoning.

After my mother died, I opened a beauty salon and after a time changed it to be Gay Bar. I met many new friends and I also had many employees. We used every kind of drug so the police closed my shop 2 times then I didn't have a .job. I was very bored. I tried to cut my weight to 55 kg. At that time I had a lot of pockmarks on my body especially in the pubic area. I went to see a doctor. They to.d me that my blood result was HIV positive. I was ready to accept this problem because I had sex with many men and I also heard the news that many friends died AIDS disease even though they had sex less than me. The nurse taught how to protect myself and the lifestyle of an AIDS patient. When my family learnt about my problem, they were very sad and cried but they understood me. Now my family's children kiss and hold me. Sometimes someone̜ asks them whether they arc afraid of being infected with disease when they meet us. Now, I stay with my elder sister. I do not work now, but help with some housework and grow plants. I can't carry heavy things because I have muscle pain. Now my weigh is 78-79 kg. I sometimes 11:1\'C part time jobs such as make up for students on sport day. I will take care of myself. I do not want to let someone know my symptoms but when the time comes I have to accept it.

I always used condom every time when I had sex but sometimes the condom would break. around *7-8* times, and maybe someone intended *to* give the disease to me. I had sex with a guy I wore the condom but he took it off and I didn't. Please be careful of this problem because some AIDS patients intended to leave the disease

to other people. For me after I knew that I was infected, I never give it to anybody. AIDS patients, please do not spread AIDS infection to other people. You do not want to be infected, the others also do not want to be infected. Thank you very much for JICA's project to give me a chance to write my story.

*The* behavior *of homosexual men* is *one cause of infection even if Kuhn Oun was very careful himself. He met AIDS victims who wanted revenge on society and intended transmitting the disease 10 other people.*

❑

# နမော်နမဲ့

"အခွင့်အလမ်း" ဆိုသည်မှာ "ထွက်ပေါက်" ကဲ့သို့ သဘောရပါသည်။ "အခွင့်အရေး" ကားတစ်ဆင့်တက်သော သဘောဆောင်ပါသည်။

"အခွင့်အလမ်း" သည် အကျပ်အတည်းကြားမှ ရှန်းရသောသကော်တလမ်းဖြစ်ပါသည်။ လွတ်ချင်လည်းလွတ်ပေမည်။ မလွတ်ဘဲလျက်လည်း ဒုံရင်းဘဝမှာ နေရတာလည်းရှိပေမည်။ ဒါသည် ရုပ်ပိုင်းဆိုင်ရာနှင့် ပို၍သက်ဆိုင်လေသည်။ စိတ်ပိုင်းဆိုင်ရာနှင့်ကား မည်သည့်အကျပ်အတည်းကြားမှ ဖြစ်စေလွတ်မြောက်တတ်လေသည်။ ထို့ထက်ကား မေတ္တာတရားထားနိုင်တတ်သူတို့သည် အခွင့်အလမ်းကောင်းများ ရတတ်ကြပေသည်။

□

ယိုးဒယားနိုင်ငံ၊ ချင်းမိုင်မြို့မှ လူငယ်ကလေး "အွန်" သည် မိန်းမလျာလေးဖြစ်သည်။ သူသည် မူလကယောကျ်ားစင်စစ်ဖြစ်သော်လည်း ရုပ်ရည်မှာ မိန်းမချော ချောသူဖြစ်သည်။ ပင်ကိုကပင် လိမ္မာယဉ်ကျေးသိမ်မွေ့ပြီး မိခင်ဖြစ်သူနှင့်အနေများခဲ့သဖြင့် ကန္တဲ့ကလျဖြစ်နေသည်။ ငယ်စဉ်ကဆိုလျှင် မိခင်သည် သူ့အားမိန်းကလေးလို ဝတ်ဆင်ပေးတတ်လေရာ နဂိုရှိ၍နဂိုင်းထွက်လာသောအွန်မှာ နောက်ပိုင်း မိန်းမစိတ်ဝင်သွားလေတော့သည်။

ကျေးရွာစီရင်စုကျောင်းတွင် အထက်တန်းတက်ရသောအခါ ကျောင်းကပွဲစသောလှုပ်ရှားမှုများတွင် "အွန်" ပါဝင်ခဲ့ရသည်။ မိန်းမအသွင် သရုပ်ဆောင်ရသည်။ မိန်းကလေးဟူ၍ ကျောင်းတွင် အနည်းအကျဉ်းသာရှိတာ

လည်းတစ်ကြောင်းဖြစ်သည်။ နောက်ပိုင်းတော့ကျောင်းဆရာများ၊ သင်တန်းသားများနှင့် "အွန်"မှာ ပရောပရည် ဖြစ်လာလေတော့သည်။

သို့သော် စာအုပ်စာပေတို့ကို ဖတ်မှတ်ရသောအခါ လိင်ဆက်ဆံမှုကြောင့်ရသောရောဂါများအကြောင်း သိခွင့်ရလာခဲ့သည်။ သူ့သူငယ်ချင်းအချို့လည်း လိင်မှုဆိုင်ရာရောဂါများရနေပြီကို သိရတော့သည်။

ကျောင်းပြီးသောအခါ "အွန်" သည် ဆံသအလှပြင်ဆိုင်၌ အလုပ်ရလေသည်။ သင်ကြားပြသမည့်သူမရှိဘဲ လုပ်ငန်းခွင်ဝင်ရသောအခါ ဖောက်သည်ကို ကိုယ့်တာသာရှာရတော့သည်။ "အွန်"သည် ဝတ်လစ်စားလစ်အသင်းများသို့လည်း တက်ရောက်ခဲ့သည်။ ထိုတွင် ညစဉ်လိုလို လိင်တူဆက်ဆံခြင်း၌ ပါဝင်ပတ်သက်လာတော့၏။

ချင်းမိုင်မှာ လေးနှစ်လောက်ကြာပြီးသော် ဆံပင်အလှပြင်ဆိုင်ဖွင့်ရန် ဗန်ကောက်သို့ တက်လေသည်။ ဖောက်သည်ပိုများလာသည်။ တစ်ညတစ်ည ဖောက်သည်ငါးဦးခန့်ရရှိလာသည်။ အချိန်တိုအတွင်းမှာ ငွေကြေးမြောက်မြားစွာ ရသောကြောင့် အပျော်ဘဝမှာ နစ်မွန်းလာတော့သည်။ သည်လိုနှင့် ၁၉၉၂ ခုနှစ်လောက်တွင် "အွန်"၌ ရောဂါလက္ခဏာများ ပြသလာတော့သည်။ တစ်လလျှင် ဆယ်ရက်ခန့်ဖျားနာလာသည်။ "အွန်" ထင်တာက တိုက်ဖိုက်ဝင်သည်၊ အသက်ရှုကျပ်သည်၊ အစာအိမ်မကောင်းဟူ၍သာဖြစ်သည်။ ထို့ကြောင့် ဆံသလုပ်ငန်းအပြင် "မိန်းမလျာဘား" တစ်ခုကိုပါ ချဲ့ထွင်လုပ်ကိုင်မိတော့သည်။

ထိုအခါ ဖောက်သည်ပိုများလာပြီး ဖောက်သည်အချို့က မူးယစ်ဆေးဝါးသုံးစွဲကြသဖြင့် ပုလိပ်ကသိရှိပြီး ဆိုင်ကိုပိတ်ပစ်လိုက်တော့၏။ အလုပ်လက်မဲ့ဖြစ်ရပြန်လေသည်။ ထိုအချိန်တွင် မူလကိုယ်အလေးချိန် ၇၈ ကီလိုမှ ၅၅ ကီလိုသာရှိတော့သည်။ ထို့ပြင် ရေကျောက်ကဲ့သို့သော အနာများကိုယ်ပေါ်တွင် ပေါက်ရောက်လာသည်။ ဆေးခန်းသို့သွားရောက်ပြီး စစ်ဆေးသောအခါ HIV ပိုးစွဲကပ်နေပြီဟု အဖြေထွက်လာလေတော့သည်။ တစ်ပြိုင်နက်မှာပင် "အွန်"၏ သူငယ်ချင်းအချို့ AIDS ဖြစ်နေကြပြီး ထိုအထဲမှ အချို့သေဆုံးကုန်လေသည်။

သူနာပြုဆရာမများက "အွန်"အား မည်သို့နေထိုင်ရမည်၊ မည်သို့ ကာကွယ်ရမည်၊ ဘ၀ကို မည်သို့ရင်ဆိုင်ရမည့်အကြောင်းများ ပြောပြဆွေးနွေး ခဲ့ပါသည်။ မိသားစုနှင့်လည်း တိုင်ပင်ရလေရာ ဝိုင်ပွဲကြီး ဆင်ကြရတော့သည်။ သို့သော် မိသားစုက "အွန်" အား နားလည်မှုရှိကြသည်။ အားပေးကြသည်။ အဆုံးစွန် တူ၊ တူမကလေးငယ်များက "အွန်"ကို ရဲရဲတင်းတင်းကိုင်တွယ် ဆက်ဆံကြသည်။ ဖက်ယမ်းနမ်းရှုံ့ကြသည်။ "အွန်"အတွက် အားဆေးများ ပင်ဖြစ်ပါသည်။ သို့သော် အချို့သူများကလည်း "ဟဲ့ .. ကူးလိမ့်မယ်" ဆိုပြီး ကလေးတွေကိုတားမြစ်ကြပါတယ်။ မည်သို့ပင်ရှင်စေ "အွန်" တစ်ယောက် လူတစ်လုံးသူတစ်လုံးကဲ့သို့ ပြန်ဖြစ်လာခဲ့သည်။ အစ်မကြီးက လည်း သူ့ကိုအလုပ်မလုပ်စေဘဲ အိမ်မှာပင်ခေါ်ယူစောင့်ရှောက်ထားသည်။ တကယ်လည်း "အွန်"မှာ အလေးအပင် မနိုင်ရှာတော့ပေ။ ကိုယ်အလေး ချိန်ကား ၃၈ ကီလိုအထိ ပြန်တက်လာပါပြီ။

ပြောစရာတစ်ခုရှိသည်မှာ "အွန်"သည် လိင်ဆက်ဆံမှုပြုသည့်အခါ တိုင်း "ကွန်ဒုံး"ကို သုံးစွဲခဲ့သည်သာဖြစ်သည်။ နောဖြင့် ထိုရောဂါသည် ဘယ်သို့ကူးစက်သနည်း။ "အွန်"၏ အဆိုအရ "ကွန်ဒုံးတွေက တစ်ခါ တစ်လေ ပေါက်ပြဲကုန်တယ်ဗျာ ... အဲဒါမျိုး ခုနစ်ကြိမ်၊ ရှစ်ကြိမ်လောက် ဖြစ်ဖူးတယ်"ဟူ၏။

ပြီးတော့ "အွန်"က အများပြည်သူသိစေရန် သူ့ကိုယ်တွေ့ကို Lessons of Life စာအုပ်ငယ် (AIDS ဝေဒနာရှင်များ၏ ကိုယ်ရေးစာအုပ်)တွင်

" AIDS ရောဂါဟာ အလွန်ကူးစက်လွယ်တယ်။ ရောဂါရှိပြီးသူများ ကလည်း ကျေးဇူးပြုပြီး မဖြန့်ဖြူးကြပါနဲ့။ ကျွန်တော်ရောဂါရပြီဆိုတာနဲ့ ဘယ်သူနဲ့မှ နောက်ထပ်မဆက်ဆံတော့ဘူး။ တတ်နိုင်သမျှအသက်ရှင်နေတုန်း ဝေဒနာသည်ချင်း ကူညီဖေးမဖို့ AIDS ကာကွယ်ရေး၊ ပြုစုစောင့်ရှောက်ရေး တွေမှာ ပါဝင်ကူညီရင်း ကိုယ့်ဘဝကိုယ်လည်း ပြုစုနေပါတယ်။ ဝေဒနာတစ်ခု ဖြစ်လာရင်"မေတ္တာတရား"ဟာ သိပ်အရေးကြီးပါတယ်။ ပြီးတော့ ကျွန်တော့် လို (ကျွန်တော့်မိခင်လို)နမော်နမဲ့မနိုင်ကြပါနဲ့" ဟူ၍ ဝန်ခံလေသည်။

တကယ်တော့ "အွန်"ဘဝသည် ဆုံးခန်းတိုင်နေပါပြီ။ လွတ်လပ်မမြင်

သော အကျစ်အတည်းကြားရောက်နေပါပြီ။ သို့သော် သူသည် စိတ်ကိုအတတ်နိုင်ဆုံး ပြုပြင်ထိန်းသိမ်းသည်။ သူ့မိသားစုကလည်း မေတ္တာထားကြသည်။ ထို့ကြောင့် ခုထိအသက်ရှင်နေသေးသည်။ သူ့အခွင့်အလမ်းကား မရှိတော့ပြီမဟုတ်။ အသက်ပိုရှည်ခွင့် ရှိနေပါသေးသည်။

မိုး Japan International Cooperation-Agency.

+++

## AFRAID OF HOSPITAL

I married when I was 22 years old. My family was involved in farming. We were very happy for the first two years. We thought that we will save some money for a new house and we will have 2 children. But I got sick and had to stay in hospital for 5 days because I had a problem with my uterus. My parents and husband always came to visit me. When I left the hospital, one nurse came to visit me and talked about children and blood test. I said I wanted to have children but I did not have a blood test before I got married. This nurse told me not to have children because I was infected with AIDS. You know I was very shocked and sorry. She told me "take care of yourself, you may stay alive more' than 10 years". and asked 10 consult with her about my problems. At that time I thought that the nurse talked like this to soothe me.

I remember it was on 21 September 1993. I told this problem to my husband two days later. I took him to cheek blood at a clinic, he also was infected with AIDS. We were very worried about this and we did not want to communicate with other people because we were afraid that they would hate us. When I had' a problem I would want to see the nurse, her name is Ms. Tuptip and we tried to work out the problems over the next 3 years.

In 1996, my husband suffered serious headaches. The doctor had pierced his back because the doctor said he had mould in his head. After that he had to take medicine, it's very expensive but he

could afford it. In 1997, he had headaches again, at that time the doctor asked him to stay in the hospital. He was afraid to stay in the hospital because he thought that once he entered hospital he would never be able to leave. But he got very serious headache so I took him to the hospital and we met a kind nurse who took care of him.

We had an appointment with a doctor at a Day Care after we left the hospital, and we met 2 kind nurses who took good care of AIDS patients and understanding them. My husband and I were very lucky that we met nurses, doctor and friends at the Day Care Center. We attended the Phuan Keaw Club, we got a lot of benefit there. Thank you to everybody at the Day Care Center.

In 1998, my husband died. I must live alone. I felt very lonely. I had to be careful about my activity, I want to ask everybody who does wrong. If someone is infected with AIDS please do not be mean to AIDS patients and please give a chance to them too. Brothers and sisters please think before doing something wrong.

# ကိုယ့်အိမ်မှတ်ပါ ကိုယ့်ရာမှတ်ပါ

ကျွန်မလက်ထပ်တော့ ၂၂ နှစ်ပေါ့။ မိသားစုက လယ်ယာလုပ်ငန်း လုပ်ကြတာ။ စိတ်ကူးကတော့ ငွေကလေးစုမိဆောင်းမိရင် အိမ်ကလေး တစ်လုံးဆောက်မယ်။ သားသမီးနှစ်ယောက် ယူမယ်ပေါ့။ စိတ်ကူးယဉ်ခဲ့တာ။ သိပ်ပျော်စရာကောင်းမှာပဲ။ နှစ်နှစ်လောက်ရှိတော့ ကျွန်မ ဖျားပါရော။ ဆေးရုံတက်ပြီး ငါးရက်လောက်နေလိုက်ရတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်မ ဆီးထဲမှာ ပြဿနာ နည်းနည်းရှိလို့တဲ့။ ဆေးရုံတက်နေတုန်း ကျွန်မ အဖေ အမေနဲ့ ကျွန်မယောက်ျားက အမြဲပဲလာပြီး ကြည့်ရှုစောင့်ရှောက်ကြပါတယ်။

ကျွန်မ ဆေးရုံဆင်းတော့ သူနာပြုတစ်ယောက် ကျွန်မကို လာတွေ့ ပါတယ်။ သားသမီးမျိုးဆက်ကိစ္စနဲ့ သွေးစစ်ဖို့အတွက်ပါ။ ကျွန်မကပြောပြပါ တယ်။ သားသမီးလိုချင်တယ်။ လက်မထပ်ခင်တုန်းက သွေးမစစ်ခဲ့ဖူးဘူးလို့။ နပ်(စ်)မက ပြောတယ်။ ရှင် ကလေးမယူသင့်ဘူးတဲ့။ ဘာကြောင့်လဲဆိုတော့ ကျွန်မမှာ HIV ပိုး စွဲကပ်နေပြီမို့လို့တဲ့။ သိတယ်မဟုတ်လား ကျွန်မ ဘယ်လောက်ကြောက်သွားတယ်ဆိုတာ။ ဘယ်လောက် ဝမ်းနည်းကြေကွဲရမယ် ဆိုတာ။ သူက ပြောပါသေးတယ်။

"ရှင့်ကိုယ်ရှင် ဂရုတစိုက်နေပါ။ ရှင်ဟာ နောက်ထပ် ဆယ်နှစ်ကျော် လောက် အသက်ရှည်ဦးမှာပါတဲ့"

သူနဲ့ အဆက်အသွယ်လုပ်ပြီး ရောဂါဆိုးအတွက် ညှိနှိုင်းတိုင်ပင်ပါတဲ့၊ ကျွန်မကတော့ ဒီနပ်(စ်)မက ကျွန်မကို နှစ်သိမ့်နေတယ်ပဲ ထင်တာပေါ့လေ။

မှတ်မှတ်ရရပါပဲ။ အဲဒီနေ့က ၁၉၉၃ ခုနှစ်၊ ဇက်တင်ဘာလ ၂၁ ရက်နေ့။ နောက်နှစ်ရက်ကြာတော့ ဒီကိစ္စနဲ့ ပတ်သက်ပြီး ကျွန်မယောက်ျားကို ဖွင့်ပြောခဲ့တယ်။ ပြီးတော့ သူ့ကိုလည်း ဆေးခန်းခေါ်သွားပြီး ဆေးစစ်နိုင်းခဲ့ ပါတယ်။ ဒါပေမဲ့ရှင်။ သူ့မှာလည်း HIV ကွဲကပ်နေပြီပေါ့။ AIDS ဖြစ်နေပါပြီ တဲ့။ ကျွန်မတို့နှစ်ယောက်လုံး ဘာလုပ်လို့တာကိုင်ရမှန်း မသိတော့ဘူး။ ပြီးတော့ ပတ်ဝန်းကျင်နဲ့လည်း သိပ်ပြီးအဆက်အဆံမလုပ်ရဲတော့ဘူး။ ဟုတ်တယ်လေ၊ ဒီကိစ္စနဲ့ပတ်သက်ပြီး ပတ်ဝန်းကျင်က ကျွန်မတို့ကိုမလိုမုန်းထားဖြစ်ကြမှာ ကြောက်ရတယ်မဟုတ်လား။

ကျွန်မဟာ "မစ္စတပ်တစ်"ဆိုတဲ့ နပ်(စ်)မတစ်ယောက်နဲ့ ရေရှည် ကိစ္စတွေကို ဆွေးနွေးအကောင်အထည်ဖော်ခဲ့ပါတယ်။ ဒီလိုနဲ့ သုံးနှစ်လောက် ကြာသွားတယ်။

၁၉၉၆ မှာ ကျွန်မယောက်ျားဟာ ခေါင်းကိုက်ရောဂါ စွဲတော့တာပဲ။ ဆရာဝန်တွေက ကျွန်မယောက်ျားရဲ့ ခါးရိုးကိုဖောက်ပြီး ခြင်ဆီစစ်ကြပါတယ်။ သူတို့အဆိုကတော့ ခေါင်းထဲမှာ သွေးခဲနေလို့တဲ့။ ဒီနောက်ပိုင်းတော့ ကျွန်မ ယောက်ျားဟာ ဆေးတွေမှန်မှန်စားရပါတယ်။ သိပ်ဈေးကြီးတဲ့ ဆေးတွေပေါ့။ ဒါပေမဲ့ သူက တတ်နိုင်ပါတယ်။

၁၉၉၇ ခုနှစ်မှာတော့ ကျွန်မယောက်ျားဟာ ခေါင်းကိုက်ရောဂါ ပြန် ဖြစ်ပြန်ရော။ အဲဒီအကြိမ်မှာတော့ ဆရာဝန်တွေက ဆေးရုံမှာပဲနေဖို့ တိုက်တွန်း ကြပါရော။ သူကတော့ ဆေးရုံမတက်ချင်ဘူး။ သူ့သဘောက ဆေးရုံတစ်ခါ တက် မိရင် ပြန်မဆင်းရတော့ဘူးလို့ စွဲလမ်းနေတာ။ ဒါပေမဲ့ ခေါင်းကိုက်ရော ဂါက မခံမရပ်နိုင်အောင်ဖြစ်လာတော့ ကျွန်မကပဲ ဇွတ် ဆေးရုံခေါ်သွားရ တော့တာပေါ့။ ဆေးရုံရောက်တော့လည်း အဆင်ပြေသွားပါတယ်။ ဒါပေါ့ အလွှန်ကရုဏာ အကြင်နာကြီးတဲ့ သူနာပြုတွေနဲ့ ကြုံရတာကိုး။

ဆေးရုံကဆင်းလာတော့ ကျွန်မတို့နှစ်ယောက်စလုံးကို ဆရာဝန်က "နေ့ပိုင်းစောင့်ရှောက်ရေးဌာန"မှာ ပုံမှန်ပြသဖို့ညွှန်ကြားပါတယ်။ အဲဒီဌာနမှာ အကုန်သဘောကောင်းတဲ့ နပ်(စ်)နှစ်ယောက်နဲ့ဆုံရပါတယ်။ သူတို့ဟာ AIDS ရောဂါနဲ့ပတ်သက်လို့လည်း သိပ်ပြီးကျွမ်းကျင်ကြပါရဲ့။ ကျွန်မတို့လင်မယား

သိပ်ကံကောင်းတယ်ဆိုရမှာပေါ့လေ။ ဆရာဝန်တွေကလည်း သိပ်တော်ကြတယ်။ ကျွန်မတို့လို AIDS ရောဂါသည်တွေ အချင်းချင်းကလည်း သိပ်ပြီးရင်းနှီးကြတယ်။ မိတ်ဆွေသစ်တွေ တိုးလာတယ်။ အဲဒီ နေ့ပိုင်းစောင့်ရှောက်ရေးအဖွဲ့မှာ "မီရောင်ကီးရော"ဆိုတဲ့ ကလပ်ရှိတယ်။ အသင်းကလေးပေါ့။ လူနာချင်း မိတ်ဖွဲ့တယ်။ ကိုယ့်အကြောင်း သူ့အကြောင်း ဆွေးနွေးတိုင်ပင်ကြတယ်။ အကြံဉာဏ်ဖလှယ်ကြတယ်လေ။ ဒီအတွက် ကျွန်မတို့ဘဝမှာ အကျိုးအမြတ်တွေ အများကြီးရခဲ့ပါတယ်။

အင်း ၁၉၉၈ မှာ ယောက်ျားဆုံးပါးပါတယ် ရှင်။ ကျွန်မဘဝ ပိုပြီးခြောက်ကပ်သွားတယ်ပေါ့။ တစ်ကိုယ်တည်း အထီးကျန်ဖြစ်ရပြန်ပါရောဲ။ ဒီတော့လည်း ကိုယ့်အားကိုယ်ကိုးပြီး ရှေ့ဆက်ရမယ့်ဘဝခရီးအတွက် ရုန်းကန်ရတာပေါ့လေ။ ဘာပဲဖြစ်ဖြစ် စောင့်ရှောက်ရေးအသင်းကိုတော့ ကျေးဇူးကမ္ဘာပါပဲ ရှင်။

ကျွန်မ တတ်နိုင်တာကတော့ ရှိစုမဲ့စု အကြံလေးပေးချင်တာပါပဲ။ ဘယ်သူပဲဖြစ်ဖြစ်ပေါ့လေ။ မှားတာပြုတာတော့ ရှိကြမှာပါပဲ။ တကယ်လို့ AIDS ဝေဒနာသည်ဖြစ်လာပြီဆိုရင် ဒီရောဂါနဲ့ မခြောက်လှည့်ကြပါနဲ့။ သူတို့ကို အားပေးပါ။ အခွင့်အလမ်းတွေ ပေးပါ။ အရေးကြီးဆုံးကတော့ သူငယ်ချင်းကောင်း ယောက်မတို့လေ၊ ချစ်တဲ့သူငယ်လေ၊ ဖို့မောင်ကြီးတို့ရေ အမှားကို ဝေးဝေးကရှောင်နိုင်ပါစေ။ ဘယ်သူမပြု မိမိမှုတဲ့၊ ဘယ်သူ့ ဘယ်သူမှလည်း အပြစ်တော်တင်မနေကြပါနဲ့တော့ရှင်။

ဒီစာစုကလေးကတော့ ဆေးရုံကြောက်လို့ အသေစောရသည့် လူနာယောက်ျားတစ်ယောက်အကြောင်းကို ဇနီးသည်က ရင်ဖွင့်တာဖြစ်ပါတယ်။ ဆေးရုံဆိုသည်မှာ ထိတ်လန့်ဖွယ်နေရာဖြစ်တာမှန်ပါသည်။ မည်သူမျှ ဆေးရုံမသွားလိုကြပါ။ အထူးသဖြင့် ဆေးရုံမတက်ချင်ကြပါ။ ဒါမှမဟုတ် ငွေကြေးကြောင့်လည်း ဖြစ်မည်။ ပသာဒအားဖြင့် မလှပသောကြောင့်လည်း ဖြစ်မည်။ နိစ္စဒူဝ အမင်္ဂလာရှုခင်းများသာ မြင်နေရသောကြောင့်လည်း ဖြစ်မည်။ ဆရာဝန် ဆရာမဆိုသည်နှင့် မိမိတို့အား ဆေးထိုးဆေးတိုက်တော့မည်

သူများဟု အလိုလိုစိုးရိမ်နေတတ်သော စိတ်ကြောင့်လည်းဖြစ်နိုင်ပါမည်။

သို့သော် တကယ်တမ်း ကျန်းမာရေးဝန်ထမ်းများက လူနာကို မိမိရင်သွေးလို စောင့်ရှောက်ကြသောအခါ ဆေးရုံမှာ နှစ်လိုဖွယ်နေရာတစ်ခု ဖြစ်လာတတ်ပါမည်။ အထူးသဖြင့် စိတ်ဓာတ်ကျနေသောလူနာများကို အားပေးကူညီပြီး မေတ္တာကရုဏာအပြည့်ဖြင့် ပြုစုဆက်ဆံပါက လူနာများ ဆေးရုံကြောက်သောစိတ်ဓာတ် ပျောက်ကွယ်သွားပါလိမ့်မည်။

ထို့ပြင် ကိုယ်ချင်းစာစိတ်ထားလာနိုင်ကာ ဆေးရုံ၏ လုပ်ငန်းများကို လူနာများကပါ ပါဝင်ကူညီဆောင်ရွက်ကြပါလိမ့်မည်ဟု ဆိုချင်ပုံရပါသည်။

***Japan International***
***Cooperation Agency* မှ ထုတ်ဝေသော**
***Lessons of Life* စာအုပ်ငယ်မှ**
**ဝေဒနာရှင်တစ်ဦး၏ ကိုယ်တွေ့စာစု**